# ဘဝထိုထို

# ကမ္မကုသိုလ် - အကုသိုလ်

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ တိ-ဓဇ)



GRAPHIC ART YEYINT

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၂၆၃၀၆၀၄

မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀၃၆၈၀၆၀၆

ထုတ်ဝေသည့်လ - ၂၀၀၆-ခုနှစ်၊ ဇူလိုင်လ

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

●

ထုတ်ဝေသူ

ဦးတင်စိုး၊ တက္ကကူးစာပေ၊ တိုက်(၁)၊ အခန်း(၄၀၈)၊ ဆင်မင်းအိမ်ရာ၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

●

အတွင်းပုံနှိပ်သူနှင့် မျက်နှာဖုံးပုံနှိပ်သူ

ဂုဏ်လင်းကျော်ပုံနှိပ်တိုက်၊

အမှတ်(၂၄)၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့.

●

ဖြန့်ချိရေး

ဆွေသဟာစာပေတိုက်၊ စ/၅၅၊ သုနန္ဒာ(၃)လမ်း၊ မြောက်ဥက္ကလာပ

ဖုန်း ၆၉၀၃၂၄

မြတ်ပန်းရဂုံစာပေ၊ (၂၉)လမ်း အထက်၊ ပန်းဘဲတန်းမြို့နယ်

ဖုန်း ၀၉-၅၁-၃၉၄၅၀

ကွန်ပြူတာစာစီ - ဆွေသဟာ

စာအုပ်ချုပ် - ဂုဏ်မြင့်သူ

# ဘဝထိုထို

# ကမ္မကုသိုလ်-အကုသိုလ်

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ [ ဓမ္မာစရိယ ဘီ-အေ ]

# မာတိကာ


အမှာစာ --------------

စဉ် အကြောင်းအရာ စာမျက်နှာ

## အခန်း (၁)

-လောကသဘာဝနိယာမတရားများ ၁
-စကြာဝဠာနိယာမနှင့်ကံမှသတ္တိ ၉
-ပြုလုပ်မှုနှင့်ပြုလုပ်မှုအကျိုး ၁၁
-ဤဘဝဤခန္ဓာအစုနှင့်လူ ၁၆
-ရုပ်-နာမ်မှာ ဘာအရေးကြီးပါသလဲ ၂၃
-စိတ်၏သဘော ၂၅
-စိတ်ဓာတ်စွမ်းအင် ၂၆

## အခန်း (၂)

-ကံအလုပ်ဆိုသည်မှာ ၃၂
-ကံသတ္တိကလိုက်ပါနေတတ်တယ် ၄၁
-တစ်ဘဝပြီးတစ်ဘဝ မဆုံးတာဟာ ၄၄

-ဘဝ၏သတ္တုထူးများလိုအပ်နေပါတယ် ၄၆
-ပါရမီသတ္တိထူးများလိုက်ပါနေပါတယ် ၄၈
-ဆန္ဒ၏သတ္တိများလည်းလိုက်ပါတယ် ၄၉
-မကောင်းမှုသတ္တိများသတိထားပါ ၅၄
-မိမိ၏ကိုယ်-စိတ်ကို
ကောင်းစွာထားတတ်ပါစေ ၅၇
-စိတ်ထားမကောင်းခြင်း၏အပြစ်ကိုသိပါ ၆၀
-စိတ်ထားကောင်းခြင်း၏အကျိုးကိုသိပါ ၆၂
-စိတ်ထားနှင့်စရိုက်ကိုသိပါ ၆၃
-ကြီးပွားချမ်းသာလိုလျှင်စိတ်ကိုဆင်ခြင်ပါ ၆၆
-စိတ်ကိုထိန်းသိမ်းနည်းများ ၇၇
-ဝဋ်ဟူသည် မိမိပြုသောကံအမှု ၇၆
-ပြစ်မှားမိသူများသည် မိမိအတွက်
အဆိပ်သင့်သည်မည်၏ ၈၁
-ရတနာသုံးပါးသည်အဆိပ်မည်၏ ၈၄
-လက်ငင်းကံအကျိုးပေးခြင်းကံဆိုသည်မှာ ၈၆
-ပစ္စုပ္ပန်ဘဝချက်ချင်းတန်ပြန်
ဆိုးကျိုးပေးနိုင်သူ (၁၀)ဦး ၉၅

## အခန်း(၃)

## ဘဝထိုထို ကံကုသိုလ်-အကုသိုလ်

### ကံအကုသိုလ်ဘဝများ


-ကံကြမ္မာဝဋ်မလွတ်သာပြီ ၁၀၀

-ထေရ်သံဃာပြစ်မှားသူ၏ကြမ္မာကံဆိုး ၁၁၃

-ငါဝဋ်ကြွေးပေးဆပ်ရပါပြီးကော ၁၂၂

-မိမိပြုသောကံမိမိသာခံ၍

ကြွေးဆပ်ရပါမည် ၁၃၉

-မိဘပြစ်မှားသူ၏နောက်ဆုံးရလာဒ် ၁၅၁

-အကြွေးရှိလျှင် ပေးဆပ်ရစမြဲပါ ၁၆၀


### ကံကုသိုလ်ဘဝများ


နိဗ္ဗာန်ဆော်လေးမောင်ကြည်ဘဝ ၁၇၆

ဓမ္မအနှစ်ကျွန်မချစ်မိပါပြီ ၁၈၃

# လူမိုက်၏ပန်းတိုင်

ဌာ နံ ဟိ မ ည တိ ဗာ လော
ယာ ဝ ပါ ပံ န ပ စ္စ တိ
ယ ဒါ စ ပ စ္စ တိ ပါ ပံ
အ ထ ဒု က္ခံ နိ ဂ စ္ဆ တိ

အကြင်မျှလောက်သောကာလပတ်လုံး မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုမျှလောက်သောကာလပတ်လုံး လူမိုက်သည် သင့်လျော်သော အကြောင်းဟူ၍သာလျှင် မှတ်ထင်၏။

အကြင်အခါ၌ကား မကောင်းမှုသည်အကျိုးပေး၏၊ ထိုအခါ လူမိုက်သည်ဆင်းရဲခြင်းသို့ရောက်ရတော့၏။

သံ၊ ၁၊ ၈၆

## အမှာစာ

စာရေးသူသည် "မြစ်မခဝေမွစာသဝဏ်မဂ္ဂဇင်း" တွင် အတိုင်ပင်ခံအယ်ဒီတာလုပ်နေစဉ် ထိုမဂ္ဂဇင်း၏အယ်ဒီတာချုပ် ဒေါက်တာဝင်းညွန့်က စာရေးသူအား-

"ဆရာ--- အကုသိုလ်ပြုလုပ်သူတွေ၊ ကျေးဇူးရှင် မိဘဆရာသမားပြစ်မှားသူတွေ ဒိဋ္ဌလက်ငင်းဆိုးကျိုးခံစားရသူများ အကြောင်း ကျွန်တော့်မဂ္ဂဇင်းမှာ ထည့်ချင်ပါတယ်၊ အဲဒါ ဆရာအတွေ့အကြုံရှိရင်ရေးပေးပါ "

ဟု မေတ္တာရပ်ခံလာသည်။

# တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)

စာရေးသူက စာရေးသူသာမက အခြားသူများကိုပါ ရေးသားရန် ဖိတ်ခေါ်သင့်ကြောင်း ဤမဂ္ဂဇင်းတွင် ကံကြမ္မာဖြစ်ရပ်ဆန်းအခန်းကဏ္ဍထည့်ပေးရန်သင့်ကြောင်း အကြံပြု ဆွေးနွေးခဲ့ပါသည်၊ ထိုဆွေးနွေးချက်အရ မြစ်မခဓမ္မစာသဝဏ်တွင် ကံကြမ္မာဖြစ်ရပ်ဆန်း ကံ=ကံ၏အကျိုးဇာတ်လမ်းများကို ထည့်သွင်းဖော်ပြခဲ့ပါသည်။

ထို့အတူ မြတ်ပန်းရဂုံမဂ္ဂဇင်းတိုက်ပိုင်ရှင် ဦးခင်မောင်ဦး (အင်ဂျင်နီယာ) ကလည်း ဤကံကြမ္မာဖြစ်ရပ်ဆန်း ဘဝဇာတ်လမ်းများကို သူ၏မဂ္ဂဇင်းတွင် တစ်ခန်းဖွင့်ပြီးထည့်လိုကြောင်း ဆွေးနွေးလာပြီး ယနေ့အထိ ကံကြမ္မာဖြစ်ရပ်ဆန်း အခန်းကဏ္ဍကို ထည့်နေခဲ့ပါသည်။

ထိုကဏ္ဍများကို ဓမ္မမိတ်ဆွေ စာဖတ်သူအများကလည်း စိတ်ဝင်စားခဲ့ကြပါသည်၊ ထိုသို့စိတ်ဝင်စားသူများ၍ စာရေးသူက ကံနှင့်ကံအကျိုး၏ဆန်းကြယ်သော သဘာဝအဖွင့်သဘောမျိုး "ကံကြမ္မာဖြစ်ရပ်ဆန်းဘဝဇာတ်လမ်း" ဟူသော စာအုပ်နှင့် "ဝဋ်ကြွေးဟူသည်"ဟူသော စာအုပ်နှစ်အုပ်ကိုရေးသားပြုစုခဲ့ပါသည်၊ မြတ်ပန်းရဂုံစာပေက ထုတ်ဝေရန်စီမံခဲ့ပါသည်။

# ဘဝထိုထို ကမ္မကုသိုလ်-အကုသိုလ်

ထိုစာအုပ်များထုတ်ဝေမှုမပြုသေးမီတွင် ကာတွန်းဆရာမောင်သော်က က စာရေးသူထံရောက်လာပြီး သူတို့မှ ဇွန်ပန်းမဂ္ဂဇင်း တစ်စောင်ထုတ်ဝေပါမည်၊ ၎င်းမဂ္ဂဇင်းတွင် ဆရာ့အနေနှင့် မြစ်မခ၊ မြတ်ပန်းရဂုံမဂ္ဂဇင်းတို့ပါ ကံ-ကံ၏အကျိုးနှင့်ပတ်သက်၍ လက်ငင်းဒိဋ္ဌအကျိုးပေးခံစားရပုံဇာတ်လမ်းတိုလေးများကို ရေးပေးပါရန် မေတ္တာရပ်ခံလာပါသည်။

သို့အတွက် စာရေးသူသည် မိမိပတ်ဝန်းကျင်တွင်လည်းကောင်း၊ မိမိဓမ္မစာပေဟောပြောထွက်ရာ အရပ်ဒေသတွင်လည်းကောင်း၊ တာဝန်အရ သင်တန်းသွားရောက်ပို့ချခဲ့ရာ ပတ်ဝန်းကျင်ဒေသတွင်လည်းကောင်း တွေ့ကြုံဆုံခဲ့ရသော ကံ-ကံ၏အကျိုးပေးမှု ဘဝဇာတ်လမ်းပြောပြချက်များကို ဇာတ်လမ်းရေးပြီး ဇွန်ပန်းမဂ္ဂဇင်းတွင် လစဉ်ရေးပေးခဲ့ပါသည်။

ယခုအခါ ထိုဇာတ်လမ်းများကို ဓမ္မမိတ်ဆွေများ တစ်စုတစ်စည်းတည်း ဖတ်ရှုသံဝေဂယူနိုင်ရန် စိတ်ရည်သန်ပြီး ဤ "ဘဝထိုထို ကမ္မ ကုသိုလ်-အကုသိုလ်" စာအုပ်ကို ရေးသားပြုစုထုတ်ဝေလိုက်ရပါသည်။

## တက္ကသိုလ်ဘုန်းသီရိ (မဟာစာရိယ ဘီ-အေ)

ဤစာအုပ်ကိုလေ့လာဖတ်ရှုကြပြီး ဓမ္မသံဝေဂယူနိုင်ကြသော တရားအသိ၊ တစ်စုံတစ်ရာအတိုင်းအတာအထိ ရနိုင်ကြပါလျှင် စာရေးသူရေးရကျိုး၊ ထုတ်ဝေရကျိုးနပ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဦးစွာမေတ္တာရပ်ခံခဲ့သော မောင်သော်က (ကာတွန်းဆရာ) နှင့်ကူညီစီစဉ်ပေးကြသော သမီးလတ်-မခင်သူဇာ (ခင်သူဇာမြင့်)နှင့် ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်ဘုန်းသီရိ
(မဟာစာရိယ ဘီ-အေ)

ဦးကိုကိုမြင့်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း
(စ)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၆၉၀၃၂၄

# အခန်း (၁)

## လောကသဘာဝနိယာမတရားများ

"မကြားဝံ့ တရားသူကြီး "
" မမြင်ဝံ့ ဆေးဆရာ "
" မတိုင်ပင်ရာသည့်ရှေ့နေရှေ့ရပ်
" မခံသာသည့်ဝင်္ကြေး "
" မပြေးသာသည့်ကံကြမ္မာ "

ဟူ၍ မြန်မာလူနေမှု၊ လူ့ယဉ်ကျေးမှုတွင် ဆိုရိုးစကားရှိခဲ့ပါသည်။

ပြစ်မှုကျူးလွန်သောတရားခံတစ်ဦးကို တရားသူကြီးသည် ဥပဒေအရစစ်ဆေးရသည်၊ မေးမြန်းရသည်၊ ထိုသို့ စစ်

ဆေးမေးမြန်းသည့်အခါ မကြားဝံ့သင့်သောစကားများ၊ မေးခွန်းများကိုကြားရသည်၊ မေးရသည်၊ ဤစကားသည် ရှန့်ရင်းသည်၊ ကြမ်းတမ်းသည်၊ မမေးသင့်၊ မမေးအပ်၊ မဆိုသင့်၊ မဆိုအပ်ဟု မပိုင်းခြားထားရ၊ ဆင်ခြင်မနေရ၊ ပြစ်မှုဥပဒေအရ အကျိုးဝင်လာလျှင် မေးရသည်၊ ပြောရသည်။

တရားခံကလည်း ပြစ်မှုဥပဒေအရ တရားသူကြီးက ချမှတ်လိုက်သော ထောင်ဒဏ်၊ သေဒဏ်စသောအမိန့်များကို မကြားဝံ့သော်လည်း ကြားနာခံယူရတော့သည်။

ဆေးကုသဆရာတစ်ဦးသည်လည်း လူနာ၏ဒဏ်ရာဒဏ်ချက်တို့ကို ကုသရာ၌ သွေးရဲရဲ-သံရဲရဲ အနာဒဏ်ရာများ၊ ပြည်တရွှဲရွှဲအနာများ၊ လူနာ၏မမြင်အပ်သော ဖုံးကွယ်ထားသောနေရာများ စသည်ကိုမကြည့်လို-မမြင်လိုသော်လည်း မရွံမရှာ မရှက်မကြောက် ကြည့်ရှု၍ဆေးကုသကြရသည်။

မှုခင်းတစ်စုံတစ်ရာဖြစ်လာခဲ့သော် အကျိုးဆောင်ရှေ့နေရှေ့ရပ်တို့ကို ငှားရမ်းခေါ်ယူကြရသည်၊ အကျိုးဆောင်ရှေ့နေများသည် မိမိကိုအပ်ထားသောအမှုကိစ္စတွင် တရားခံကအမှုအပ်က မိမိအမှုသည် အပြစ်မှလွတ်အောင် တရားလိုဘက်ကအပ်က မိမိအမှုသည်အနိုင်ရဖို့အတွက် ဥပဒေနှင့်

အညီမေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ဟာကွက်ရှာဖြင်း၊ အဖြစ်ကို ထင်ရှားစွာပြနိုင်အောင်ကြိုးစားခြင်း စသည်တို့ကိုပြုလုပ်ကြသည်။

ထိုသို့ရှေ့နေများက မိမိ၏အမှုသည်အနိုင်ရရှိရေးအတွက် ပရိယာယ်အမျိုးမျိုး၊ စကားအမျိုးမျိုးဖြင့် လှည့်ပတ်ဖြားယောင်းမေးမြန်းခြင်း၊ စစ်ဆေးတတ်ခြင်း၊ ခြိမ်းခြောက်တတ်ခြင်းတို့ကြောင့် သာမန်အားဖြင့် ရှေ့နေရှေ့ရပ်တို့နှင့်အလွယ်တကူ စကားမပြောကောင်း-မတိုင်ပင်ကောင်း ဟုဆိုပါသည်။

မခံသာသည့်ဝဋ်ကြွေးဆိုသည်မှာ မိမိပြုခဲ့သောဝဋ်အကုသိုလ်သည် ဤပစ္စုပ္ပန်ဘဝတွင်ပင် အကျိုးပြန်ပေးခံရသည်၊ သူတစ်ပါးကိုသတ်က မိမိပါပြန်လည်၍ သေဒဏ်ပေးခံရပြီး အသတ်ခံရသည်၊ မိမိက သူတစ်ပါးကို မျက်စိကန်းအောင်၊ လက်ကျိုး၊ ခြေကျိုးအောင်၊ ငတ်မွတ်ခေါင်းပါးအောင်ပြုလုပ်က မိမိသည်ပင် ဤဘဝ၌ တန်ပြန်ခံရသည့် အဖြစ်အပျက်မျိုးများ များစွာရှိနေပါသည်။

ဤဘဝမှာကုသိုလ်ပြု၍ ဤဘဝမှာပင် လက်တွေ့ပြန်လည်ခံစားရသည်ကို မခံသာသည့်ဝဋ်ကြွေး ဟု ဆိုပါသည်။

မပြေးသာသည့် ကံကြမ္မာဆိုသည်မှာ ဘုရားရှင်သော်

မှအတုမရှိသောသဗ္ဗညုတဉာဏ်ရှင်၊ တန်ခိုးရှင်ဖြစ်ခဲ့သော်လည်း မိမိပြုခဲ့သောအကုသိုလ်ဝဋ်ကြွေးရှိက ထိုဝဋ်ကြွေးကို ပေးဆပ်ရသည်၊ ဘုရားရှင်သည် ဝိပါက်တော် ၁၂-ပါးဟူသော ဝဋ်ကြွေးကိုပေးဆပ်ခဲ့ရသည်၊ ရှင်မောဂ္ဂလာန်သည် တစ်ဘဝကမိမိတို့ကို ရိုက်နှက်စော်ကားခဲ့သော အကုသိုလ်ဝဋ်ကြွေးကို ပေးဆပ်သွားရသည်။

-လောသကတိဿမထေရ်သည် အတိတ်ဘဝကပြုခဲ့သောအာဂန္တုကရဟန္တာအား လှူသောဆွမ်းကို မနာလိုဝန်တိုစိတ်ဖြင့် မီးလဲပစ်ချခဲ့သော အကုသိုလ်ဝဋ်ကြွေးကြောင့် နောက် ဆုံးရဟန္တာဖြစ်သည်အထိ အစာငတ်သောဝဋ်ကြွေးကို ပေးဆပ်ခဲ့ရသည်။

-စက္ခုပါလမထေရ်သည် အတိတ်ဘဝ ဆေးဆရာဖြစ်စဉ်ကဆေးကုသခ ငွေကြေးမရမှုကြောင့် မျက်စိကန်းဆေးပေးခဲ့မိသော အကုသိုလ်ဝဋ်ကြွေးကြောင့် ယခုရဟန္တာဖြစ်သောနောက်ဆုံးဘဝတွင် မျက်စိကန်းခဲ့ရသည်။

-ပူတိဂတ္တမထေရ်သည် အတိတ်ဘဝက ငှက်များကို ခြေဖြတ်၊ ခေါင်းဖြတ်၊ အတောင်ပံဖြတ်ခဲ့သည့်

အကုသိုလ်ကြောင့် ယခု ရဟန္တာဖြစ်ရသော နောက်
ဆုံးဘဝတွင် တစ်ကိုယ်လုံးအနာများပေါက်ပြီး
ဆင်းရဲရောက်ရသည်။

ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည် မိမိတို့ပြု ခဲ့သော အကုသိုလ်ကံကြမ္မာက မိမိတို့ဘဝကို တန်ပြန်ဒုက္ခ ပေးတတ်သည်၊ ယခုဘဝမှာလည်း လက်တွေ့အကျိုးပေးတတ် သည်၊ ဒုတိယဘဝမှာလည်း အကျိုးတတ်သည်၊ တတိယဘဝ (သို့မဟုတ်)နိဗ္ဗာန်မရောက်မချင်း ဘဝတစ်ခုခု၌လိုက်၍ အကျိုး ပေးတတ်ပါသည်။

သတ္တဝါမှန်သမျှသည် ကံကြမ္မာ၊ ကံမာယာကိုလှည့် စား၍မရပါ၊ ကံကြမ္မာ၊ ကံမာယာက မိမိကိုမုချအကျိုးပေးမည် သာဖြစ်ပါသည်။

ထို့ကြောင့် အသိဉာဏ်ရှိသောပုဂ္ဂိုလ်မှန်သမျှ ကံနှင့် ကံ၏အကျိုး(ဝါ)အလုပ်နှင့်အလုပ်ကတန်ပြန်အကျိုးပြုမှုကို သိထားကြပြီး မကောင်းသောအကုသိုလ်အလုပ်တို့ကို ဝေးစွာ ရှောင်ကြဉ်နိုင်ကြရန် ကြိုးစားကြဖို့လိုသည်။

ဤလောကတွင် ဖြစ်မှုကျူးလွန်သူတို့အား အရေးယူ ရန်အတွက် သက်ဆိုင်ရာရဲစသော အရာရှိအမှုထမ်းများ၊

တရားသူကြီးများ ပြစ်ဒဏ်သတ်မှတ်ချက်ဥပဒေများ၊ အကျဉ်းထောင်များရှိကြသလို ယခုပစ္စုပ္ပန်ဘဝ၊ အတိတ်ဘဝကပြုလုပ်ခဲ့မိသော သူ့အသက်သတ်ခြင်းစသော ဒုစရိုက်အကုသိုလ်အပြစ်များအတွက် သဘာဝကဖြစ်ပေါ်နေသော ပြစ်ဒဏ်များရှိနေပါသည်၊ ငရဲ၌ခံစားရခြင်း၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဖြစ်ရခြင်း၊ လူဖြစ်သော်လည်း လူစင်မမီ၊ ကျိုးကန်းခြင်းစသည်တို့သည် သဘာဝကချမှတ်ထားသော ဥပဒေပြစ်ဒဏ်တို့ဖြစ်ပါသည်။

ငရဲခံရမှုနှင့်ပတ်သက်၍ ငရဲကြီး(၈)ထပ်၊ ငရဲငယ်(၁၂၀)နှင့်အခြားငရဲများစွာရှိသည်ဟု ဆိုထားပါသည်၊ ငရဲ၌စစ်ဆေးသူမှာ ယမမင်း ဖြစ်ပါသည်။

(အကျယ်သိရှိလိုပါက **"တက္ကသိုလ်သျှင်သီရိ "** ၏ **"ငရဲဟူသည်"** စာအုပ်ကိုဖတ်ပါ)

မိမိပြုလုပ်ခဲ့သောအကုသိုလ်အပြစ်ကြောင့် ငရဲ၌ခံစားရသောပြစ်ဒဏ် (၁၃)မျိုးရှိပါသည်-

၁။ ကိုယ်ခန္ဓာအား ငါးပါးသောဖွဲ့နှောင်မှုပြု၍ နှိပ်စက်ခြင်း

၂။ ဒုတ်၊ ဒါးပဲခွပ်စသည်တို့ဖြင့် ခုတ်ထစ်ပိုင်း၍ နှိပ်စက်ခြင်း

၃။ အလွန်လျင်မြန်သောယာဉ်တွင်တပ်၍ မောင်းနှင်
နှိပ်စက်ခြင်း

၄။ မီးကျီး၊မီးတောက်တို့ တက်စေ-ဆင်းစေ၍ နှိပ်စက်ခြင်း

၅။ သံပူရေလောင်ခြင်း၊ သံပူရေ၌ကူးခတ်စေခြင်းဖြင့်
နှိပ်စက်ခြင်း

၆။ အလွန်ပူပြင်းသော မဟာအဝိစိငရဲသို့ချ၍နှိပ်စက်ခြင်း

၇။ မစင်တွင်းချခံရ၍နှိပ်စက်ခြင်း

၈။ လက်ပံတော၌ချခံရ၍နှိပ်စက်ခြင်း

၉။ သံလျက်တော၌ချခံရ၍နှိပ်စက်ခြင်း

၁၀။ ခွေးများအစားခံရ၍၍နှိပ်စက်ခြင်း (ကုက္ကုလ)

၁၁။ ဝတ္တရဏီမြစ်၌အမျှောခံရခြင်း

၁၂။ သံချောင်း၊ သံရည်၊ သံခဲတို့ကို ခံတွင်းထဲထည့်၍
နှိပ်စက်ခြင်း

၁၃။ လေးဖက်နံရံ၌ပိတ်လှောင်ခံရပြီး သံရေကိုခံတွင်းသို့
လောင်း၍နှိပ်စက်ခြင်း

ငရဲပြည်၌ ဤ(၁၃)မျိုးသော နှိပ်စက်မှုကံကြမ္မာဒဏ်ကို
ခံရသည်။ ထိုသို့ခံရာတွင်လည်း-

"နဝတာဝကာလံကရောတိ၊ ယာဝနတံပါပကမ္မံဗျန္တိ
ဟောတိ"

"အကြင်မျှလောက်ပြုအပ်သော အကုသိုလ်ကံအပြစ်
ဒဏ်သည် မကုန်သေး၊ ထိုမျှလောက်ကာလပတ်လုံး
အသက်မသေ ငရဲ၌ ခံကြရကုန်၏"

ဟူ၍ဟောထားသည့်အတိုင်း မိမိပြုလုပ်ခဲ့သော အကုသိုလ်စိတ်စေတနာအတိုင်းအထိ မကုန်မချင်းခံစားကြရသည်။

" ဘယ်သူမပြု-မိမိမှု "

" မိမိပြုသောဒဏ် မိမိသာခံရသည် "

ဟူသောသဘောကိုသိရှိသဘောပေါက်ကြပြီး အသိဉာဏ်ရှိသောလူသားများသည် မိမိ၏ဘဝကံကြမ္မာဆိုးအောက် မကျရောက်စေရန် ကံကြမ္မာဆိုးဒဏ်မခံစားမိကြစေရန် အသိဉာဏ်သတိဉာဏ်တို့ဖြင့် ဆင်ခြင်နေထိုင်လုပ်ကိုင်ကြဖို့ လိုအပ်ပါသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## စကြာဝဠာနိယာမနှင့်ကံမှသတ္တဝါ (ပြုလုပ်မှုစွမ်းအား)

-နေလနက္ခတ်၊ ဂြိုဟ်တာရာ၊ စကြာဝဠာဟူသော သက်မဲ့သဘာဝဩကာသလောကကြီးသည်လည်းကောင်း

-လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန်စသော သက်ရှိသတ္တလောကကြီးသည်လည်းကောင်း

-ဖြစ်-တည်-ပျက်ပုံမှန်ဖြစ်နေသော သင်္ခါရလောကကြီးသည်လည်းကောင်း

ဤလောကသုံးပါးသည် ဤကမ္ဘာလောကကြီး (စကြာဝဠာကြီး) ထဲတွင် မိမိတို့၏သဘာဝသတ္တိ၊ ဇီဝသတ္တိအလျောက် ရပ်တည်နေကြပါတယ်။

ဒီသဘာဝနိယာမကြီးများဟာ ဇီဝသတ္တိများအရ ရှင်သန်ကြီးပွားလာကြပါတယ်၊ ပျောက်ကွယ်ပျက်စီးသွားကြရပါတယ်။

ဆောင်း၊ နွေ၊ မိုးဟူသော သဘာဝပတ်ဝန်းကျင်နှင့် သစ်ပင်၊ ရေ၊ မြေတို့၏ဖြစ်ပေါ်မှု၊ ရပ်တည်မှု၊ ပျောက်ကွယ်သွားမှုတို့ဟာ စည်းစနစ်မရှိ၊ ကမောက်ကမဖြစ်ပေါ်လာကြတာ

မဟုတ်ပါဘူး၊ သူ၏သဘာဝသတ္တိ၊ ဗီဇသတ္တိအားလျော်စွာ အချိန်ကိုက်ပုံမှန်ဖြစ်ပေါ် ရှင်သန်လာကြပြီး သဘာဝအလျောက် ပျောက်ကွယ်နေကြခြင်းဖြစ်ပါတယ်။

ဤသည်ကိုပင် ဥတုနိယာမ၊ ဗီဇနိယာမ ဟုခေါ်ဆို သမုတ်ထားကြပါတယ်၊ သက်မဲ့လောကကြီး၏တိကျသော သဘာဝဖြစ်စဉ်များကို လူသားတို့ဟာ မိမိဉာဏ်နှင့်တွေးခေါ် ၍မရနိုင်သောအခါ ဘုရားသခင်ကို မိမိတို့ကဖန်ဆင်းလိုက်ပြီး ဘုရားသခင်ကစီမံဆောင်ရွက်ပေးထားတယ်လို့ ထင်မြင်ယူဆ ထားလိုက်ကြပါတယ်။

တကယ့်သဘာဝနိယာမကြီးကတော့ အင်အားအလိုက် သူ့နေရာနှင့်သူရပ်တည်ပြီး ဖြစ်-တည်-ပျက်နေသလို သတ္တဝါ တို့သည်လည်း မိမိတို့ပြုလုပ်ခဲ့သော ပြုလုပ်မှုအစဉ်(ကမ္မနိယာ မအင်အား)အလိုက် (၃၁)ဘုံ ဆင်း-တက်ရပ်တည်ပြီး ကျင် လည်နေကြပါတယ်။

ကမ္မသတ္တိကသူ့စွမ်းအားအလိုက် သူ့နေရာနှင့်သူ အတိအကျမှားယွင်းမှု၊ ချွတ်ယွင်းမှုမရှိအောင် ဆောင်ရွက်ပေး လျက်ရှိနေတာကို သတိထားမိကြရန် လိုအပ်လှပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# ပြုလုပ်မှုနှင့်ပြုလုပ်မှုအကျိုး

ဗုဒ္ဓဘာသာဝင်တို့တွေဟာ မိမိတို့ကုသိုလ်ပြုတိုင်း ထိုကုသိုလ်၏အဘို့ဘာဂကို မိဘ၊ ဘိုးဘွား၊ ဆရာသမားများ၊ ဆွေမျိုးများ၊ မိတ်ဆွေများ၊ နတ်များ စသည်တို့ကို အမျှပေးဝေကြလေ့ရှိပါတယ်။

ထိုသို့အမျှပေးဝေခြင်း၊ အမျှမပေးဝေမီ ထိုကုသိုလ်ကောင်းမှုအတွက် ဆုတောင်းခြင်းနှင့်သီလခံယူဆောက်တည်ခြင်းများ ပြုလုပ်ကြလေ့ရှိကြပါတယ်၊ ထိုသို့ပြုလုပ်သည်ကို ရေစက်ချအမျှပေးဝေတယ်လို့ ခေါ်ဆိုကြလေ့ရှိပါတယ်။

ထိုသို့ရေစက်ချပွဲပြုလုပ်ရာ၌ လူများ၏ကိုယ်စား ရဟန်းသံဃာများက ရွတ်ဆိုဆုတောင်းအမျှပေးပေလေ့ရှိပါတယ်၊ ရဟန်းသံဃာတော်များ၊ လူတို့ကိုယ်စားရွတ်ပွားဆုတောင်းပေးသော ရေစက်ချ၌-

ကမ္မဥ္စ-မိမိပြုလုပ်ခဲ့သောကုသိုလ်ကံ၊ အကုသိုလ်ကံကိုလည်းကောင်း၊ ကမ္မဖလဥ္စ-ထိုကုသိုလ်၊ အကုသိုလ်တို့၏အကျိုးကိုလည်းကောင်း၊ သဒ္ဒဟိတွာ-ယုံကြည်ကုန်သည်ဖြစ်၍ဟု ဦးစွာပထမ ကံ-ကံ၏အကျိုးကိုယုံကြည်၍ပြုလုပ် ကြောင်းထည့်သွင်းရွတ်ဆိုပြလေ့ရှိပါတယ်။

ထိုကုသိုလ်ပြုလုပ်မှု၊ အကုသိုလ်ပြုလုပ်မှုနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာတရားတော်က ပုဂ္ဂိုလ်သတ္တဝါတို့၏စိတ်ခံတွင် နှင့်ပြုလုပ်သောကောင်းမှု-မကောင်းမှုသည်သာ အဓိကဖြစ်တယ်လို့ ယုံကြည်ထားကြပါတယ်။

-ကောင်းသောအမှုကိုပြုလုပ်လျှင် ကောင်းသော အကျိုးကို ခံစားရမည်။

-မကောင်းသောအမှုကိုပြုလုပ်လျှင် မကောင်းသော အကျိုးကို ခံစားရမည်။

ဟု အလေးအနက်ယုံကြည်ထားကြပါတယ်။

"ဤလူတစ်စု၊ ကိုယ်ပင်ပြုသား၊ ကိုယ်မှုကိုယ်ကံ၊ ကိုယ်လုပ်ကြံတိုင်း၊ ကိုယ်ခံရမြဲ၊ မလွဲတို့ချေ၊ မောင်သိစေလော့၊ အမွေဆက်ဆံ၊ မြောင်းမြီခံ၍၊ ကံ-ကံအကျိုး၊ ကောင်းအဆိုးကို၊ လူမျိုးတကား၊ သတ္တဝါတို့၊ မှန်စွာမသွေ၊ ရမြဲပေတည်း "

ဟူ၍ မာန်လည်ဆရာတော်ဘုရားကြီးက (မာဃဒေဝ-၂၃၁)၌ ဖွင့်ဆိုရေးသားလမ်းညွှန်ပြထားပါတယ်။

"ကံ၏အကျိုးပေးမည်သည်ကို မည်သူမျှတားမြစ်ရန် မစွမ်းနိုင်ပါချေ"

ဟု အဋ္ဌကထာကျမ်းပြုအရှင်ဗုဒ္ဓဃောသက (ဝိ-၄-၂-၄)၌ ဖွင့်ဆိုရေးသားထားခဲ့ပါတယ်။

"ကံဟူသည် အလုပ်၊ အလုပ်ရှိမှကံရှိသည်၊
အလုပ်မရှိလျှင် ကံမရှိ၊ အလုပ်ကောင်းမှကံကောင်း
သည်၊ အလုပ်မကောင်းလျှင် ကံမကောင်း"

ဟု ညောင်တုန်းမြို့ ရွှေဟင်္သာဆရာတော်ကြီးက ကံ၊ ဉာဏ်၊ ဝိရိယကျမ်း၌ ဖွင့်ဆိုရေးသားထားခဲ့တာကို တွေ့ရပါတယ်။

ဗုဒ္ဓဘာသာဝင်မြန်မာတို့ဟာ ကံ ဟူသောစကားကို အလွယ်တကူသုံးစွဲကြသလို ကောင်းတာတွေလျှင်၊ ရလျှင်၊ ကံကောင်းလို့၊ မကောင်းတာတွေလျှင်၊ ရလျှင်-ကံဆိုးလို့ ဟု သတ်မှတ်ယုံကြည်ထားကြပါတယ်။

ကံဆိုသောဝေါဟာရသည် ပါဠိစကားဖြစ်သည်၊ ကမ္မ ဟူသောပုဒ်မှ "ကံ"ဖြစ်လာသည်၊ အဓိပ္ပာယ်မှာ အလုပ် ဟူ၍ ဖြစ်သည်၊ ထိုအလုပ်သည် သက်ရှိသတ္တဝါတို့၌ရှိနေသော-

- -ကိုယ်အလုပ် (ကာယကမ္မ)
- -နှုတ်အလုပ် (ဝစီကမ္မ)
- -စိတ်အကြံအစည်(မနောကမ္မ)

ဟူသော အလုပ်(၃)မျိုးဖြစ်ကြပါတယ်။.

ကိုယ်အလုပ်ဆိုတာကတော့ လက်၊ခြေစသော ကိုယ်အင်္ဂါတို့ဖြင့် ပြုလုပ်ရသောအမှုများ ဖြစ်ကြပါတယ်၊ ဥပမာ-

-သူ့အသက်သတ်ခြင်း

-သူတစ်ပါးဥစ္စာကိုခိုးခြင်း

-သူ့သားအိမ်ယာကိုပြစ်မှားခြင်း

ဟူသော မကောင်းမှုအလုပ်များ။

-ကိုယ်တိုင်သန့်ရှင်းရေးပြုလုပ်ခြင်း

-ကိုယ်တိုင်ပေးကမ်းလှူဒါန်းခြင်း

-ကိုယ်တိုင်ဝေယျာဝစ္စပြုလုပ်ဆောင်ရွက်ခြင်း

စသော ကုသိုလ်ကောင်းမှုဆိုင်ရာ အလုပ်များဖြစ်ကြပါတယ်။

နှုတ်အလုပ်ဆိုတာကတော့ နှုတ်ဖြင့်ပြောဆိုပြုလုပ်မှုရသောအမှုများဖြစ်ကြပါတယ်၊ ဥပမာ-

-လိမ်ညာပြောဆိုခြင်း

-ကြမ်းတမ်းစွာပြောဆိုခြင်း

-သူနှစ်ဦးအချစ်ပြယ်အောင်ပြောဆိုခြင်း

-အကျိုးမရှိသောစကားပြောဆိုခြင်း

-သူ့ကိုရိုက်သတ်လိုက်စမ်း

-ဒီကောင့်ကိုဆဲလိုက်စမ်း

စသည်ဖြင့်နှုတ်ဖြင့်ပြောဆိုသောမကောင်းမှုများ

-ဘုရားရှိခိုးခြင်း

-ပရိတ်တရားရွတ်ဖတ်သရဇ္ဈာယ်ခြင်း

-သူ့ကိုကူညီလိုက်ပါ

-သူ့ကိုပေးလိုက်ပါ

စသောနှုတ်ဖြင့်ပြောဆိုသောကောင်းမှုများ ဖြစ်ကြပါတယ်။

စိတ်အကြံအစည်ဆိုတာကတော့ ကိုယ်လည်းမလှုပ်၊ နှုတ်လည်းမပါ၊ စိတ်ထဲ၌သာတွေးတောကြံစည်စိတ်ကူးမှု အလုပ်ဖြစ်ပါတယ်။

-ဒီကောင့်ကိုသတ်လိုက်ရလျှင် ကောင်းမယ်

-ဒီပစ္စည်းကိုခိုးယူလျှင် ကောင်းမယ်

-ဤမိန်းမကိုအမြဲကြံစည်ရလျှင် ကောင်းမယ်

-ဒီကောင်သေသွားလျှင် ကောင်းမယ်

စသောမကောင်းမှုအကြံအစည်များ

-ဤအလှူကိုငါပြုရလျှင် ကောင်းမယ်

-ဤဝေယျာဝစ္စကိုငါဆောင်ရွက်ရလျှင် သင့်မယ်

-သူ့ကိုကောင်းအောင်လုပ်ပေးလျှင်သင့်မယ်

-သူ့ကိုပညာသင်ပေးရလျှင် ကောင်းမယ်

စသည့် ကောင်းသောအကြံအစည်များ ဖြစ်ကြပါတယ်။

♦♦♦♦♦♦♦♦♦

## ဤဘဝ-ဤခန္ဓာအစုနှင့်လူ

ရခဲလှသောလူ့ဘဝကို ကုသိုလ်ကံအားလျော်စွာ ရခဲ ကြတယ်လို့ဆိုရပါမယ်၊ လူ့ဘုံ၊ လူ့ဘဝဆိုတာဟာ အထက်ဘုံ ဆိုတဲ့ နတ်ဘုံ၊ ဗြဟ္မာဘုံသို့လည်းသွားနိုင်တယ်၊ နောက်ဆုံး သံသရာကကျွတ်လွတ်တဲ့နိဗ္ဗာန်သို့ရောက်နိုင်အောင် လုပ်နိုင် တဲ့အထက်သို့တက်ရန် သုခလှေကားဘုံလို့ဆိုလည်းရတယ်၊ ငရဲစသောအပါယ်လေးဘုံသို့ဆင်းရန် ဒုက္ခလှေကားဘုံလို့ ဆိုလည်းရပါတယ်။

ဤလူ့ဘုံမှာ မိမိဟာ လူသားအဖြစ်ရလာခဲ့တယ်၊အဲဒီ ရလာခဲ့တဲ့လူသားဘဝကို သမ္မုတိအားဖြင့် လူ-ဟူ၍သတ်မှတ်

ထားသော်လည်း ပရမတ္ထအားဖြင့်တော့ ရုပ်-နာမ်ရှိ အတ္တဘော ရှိတဲ့ သတ္တဝါတစ်ဦးသာ ဖြစ်ပါတယ်။

ထိုလူဟူသောသတ္တဝါဟာ ခန္ဓာ(အစု)ဟူသော ဖွဲ့စည်းမှုဖြင့် ဖွဲ့စည်းပြီး ဇီဇာအရ လူ ဟူ၍ဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်။

ဤခန္ဓာ(အစု)မှာ ယခုစာဖတ်နေသော ပစ္စုပ္ပန်ရုပ်၊ ရှေးကဖြစ်ခဲ့သောအတိတ်ရုပ်၊ နောင်ဖြစ်လတ္တံ့သော အနာဂါတ်ရုပ်ဟူ၍ ရုပ် (၃)မျိုး ပါဝင်နေပါတယ်၊ ထိုရုပ်(၃)မျိုးကို စိတ်ကူးဉာဏ်ဖြင့်ရှုကြည့်လိုက်တဲ့အခါမှာ ရုပ်အစု(ရူပက္ခန္ဓာ) လို့ ခေါ်နေကြခြင်းဖြစ်ပါတယ်။

ဤကိုယ်၌ အချိန်ရှိသမျှအာရုံများကိုခံစားသော-

-မကောင်းလျှင် ဆင်းရဲစွာခံစား

-ကောင်းလျှင် ချမ်းသာစွာခံစား

-ကောင်း-မကောင်း မထင်ရှားလျှင် သင့်တော်ရုံခံစား သော ဝေဒနာဟု ခေါ်သောစေတသိက်တစ်မျိုးရှိပါတယ်။ ထိုဝေဒနာကလည်း-

-ယခုမှစ၍ ရှေးရှေးကဖြစ်-ပျက်ခဲ့သော အတိတ် ဝေဒနာ

-ယခုမှစ၍ နောက်နောက်၌ ဖြစ်-ပျက်လတံ့သော အနာဂါတ်ဝေဒနာ

-ယခုဖြစ်ဆဲပစ္စုပ္ပန်ဝေဒနာ

ဤသုံးခုကိုစိတ်ကူးဖြင့် ရှုကြည့်လိုက်တဲ့အခါ ဝေဒနာအစုအဝေးကြီးဖြစ်ပေါ်လာပါတယ်၊ ထိုဝေဒနာအစုကို ဝေဒနက္ခန္ဓာ ဟု ခေါ်ကြခြင်းဖြစ်ပါတယ်။

ဤကိုယ်၌အချိန်ရှိသမျှအာရုံများကို တစ်ခုပြီးတစ်ခု-

-ထင်ထင်ရှားရှားဖြစ်စေ

-မထင်မရှားဖြစ်စေ

မှတ်သားသော စေတသိက်တစ်မျိုးရှိတယ်။

ထိုမှတ်သားမှုသညာကိုလည်း အတိတ်သညာ၊အနာဂါတ်သညာ၊ ပစ္စုပ္ပန်သညာ ဤသုံးခုကိုစိတ်ကူးဖြင့် ရှုကြည့်သောအခါ သညာအစုအဝေးကြီးဖြစ်ပေါ်လာပြီး ထိုသညာအစုကို "သညက္ခန္ဓာ" ဟု ခေါ်ကြပါတယ်။

ကိုယ်မှု၊ နှုတ်မှု၊စိတ်မှုတို့ကို ပြုပြင်စီမံတတ်(ဖြစ်အောင်လှုံ့ဆော်တတ်သော)စေတနာကို သင်္ခါရလို့ ခေါ်ပါတယ်။

ထိုသင်္ခါရကိုလည်း အတိတ်သင်္ခါရ၊ အနာဂါတ်သင်္ခါရ

ပစ္စုပ္ပန်သင်္ခါရ ဤသုံးခုကိုစိတ်ကူးဖြင့် ရှုကြည့်သောအခါ သင်္ခါရအစုအဝေးကြီး ဖြစ်ပေါ်လာပါတယ်၊ ထိုသင်္ခါရအစု အဝေးကို သင်္ခါရက္ခန္ဓာ ဟု ခေါ်ကြပါတယ်။

ဤကိုယ်၌အချိန်ရှိသမျှ ဟိုအာရုံသိ၊ ဒီအာရုံသိနှင့် တစ်ခုခုအမြဲရနေအောင်သိသောအသိကို ဝိညာဏ=ဝိညာဉ်= စိတ် ဟု ခေါ်ပါတယ်။

ထိုဝိညာဉ်ကိုလည်း အတိတ်ဝိညာဉ်၊ အနာဂါတ် ဝိညာဉ်၊ ပစ္စုပ္ပန်ဝိညာဉ် ဤသုံးခုကိုစိတ်ကူးဖြင့်ရှုကြည့်သော အခါ ဝိညာဉ်အစုအဝေးကြီး ဖြစ်ပေါ်လာပါတယ်၊ ထိုဝိညာဉ် အစုကို "ဝိညာဏက္ခန္ဓာ" ဟုခေါ်ကြပါတယ်။

အများမျက်စိဖြင့်မြင်လျှင်သိနိုင်လောက်အောင် အထင်အရှားဖောက်ပြန်တတ်၊ ပြောင်းလွဲတတ်သောသဘာဝ ကို ရုပ် (ရူပ) ဟု ခေါ်ပါတယ်။

ဤကိုယ်ကြီးသည် ရုပ်အစုတွေစုပေါင်းနေရသော အရာဝတ္ထုကြီးတစ်ခုဖြစ်သောကြောင့် ဤခန္ဓာကိုယ်ရုပ်အစု သည် အအေးမိလျှင်လည်း နဂိုအတိုင်းမှပြောင်းလွဲ၍ အအေး ပတ်ဖျားသောရုပ်များဖြစ်သွားပါတယ်၊ အပူမိလျှင်လည်း ရုပ်မှပြောင်းလွဲ၍ အပူဖျား-ဖျားသောရုပ်တွေ ဖြစ်သွားပါတယ်။

မှတ်၊ ခြင်၊ ပုရွက်ဆိတ်စသည်ကိုက်ခံရသော်လည်းကောင်း၊ နေပူ၊ လေပူမိလျှင်သော်လည်းကောင်း၊ ဖောက်ပြန်ပြောင်းလဲသွား၍ အဖုအပိန့်စသည်များ ဖြစ်ပေါ်လာပါတယ်။

ဤသို့အများသိသာအောင် ထင်ယင်ရှားရှားဖောက်ပြန်နေတဲ့ အသား၊ အသွေး၊ အရိုး၊ အကြော၊ အစိုင်အခဲကြီးကို (ရူပ)ဟု ခေါ်နေကြခြင်းဖြစ်ပါတယ်။

ထိုထိုအာရုံကို ယူတတ်-မှတ်တတ်သောသဘာဝတို့ကို နာမ်(နာမ) ဟု ခေါ်ပါတယ်။

စိတ်ဆိုတာဟာ အာရုံမရှိဘဲ မဖြစ်နိုင်ပါဘူး၊ အမြဲအာရုံတစ်ခုခုသို့ညွတ်ပြီး ယူနေတတ်ပါတယ်။

စိတ်ကအာရုံကိုညွတ်နေလျှင် စိတ်၏နောက်လိုက်ဖြစ်သော စေတသိက်များကလည်း ညွတ်နေပါတော့တယ်။

အဲဒါကြောင့် ဝိညာဏက္ခန္ဓာနောက်လိုက်ဖြစ်သော ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ကို "နာမ်ခန္ဓာ" ဟု ခေါ်ကြပါတယ်။

ဤသို့လျှင် ဤကိုယ်၌ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ (ရုပ်နာမ်) နှစ်မျိုးဖြင့်သာ ဖွဲ့စည်းထားတာကိုတွေ့ရပါတယ်။

ဤနှစ်ပါးတွင် ရုပ်ခန္ဓာဟာ အကန်းနှင့်တူပါတယ်၊

ဘာကိုမျှမသိတတ်ပါဘူး၊ (မမြင်၊မကြား၊မနံ၊မထိ၊အရသာကို မသိတတ်ပါ)

နာမ်ခန္ဓာလေးပါးက သိတတ်သော်လည်း သူချည်း မသိနိုင်ပါဘူး၊ မြင်သိသောစိတ်ဖြစ်ဖို့ စက္ခုပသာဒဆိုတဲ့ မျက်စိ အကြည်ရုပ်ကိုမှီရမှ သိနိုင်ပါတယ်။

ကြားသိ၊ နံသိ၊ ထိသိ၊ အရသာသိသောစိတ်ကို့ဟာ လည်း အလားတူပင် သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ်တို့ကိုမှီရမှ သိနိုင်ပါတယ်။

အဲဒါကြောင့် နာမ်ခန္ဓာလေးပါးဟာ အကျိုးနှင့်တူပါ တယ်၊ ထိုထိုကိုယ်မူ၊ နှုတ်မူ၊ စိတ်မူဟူသမျှဟာ ရုပ်ချည်းလည်း မဖြစ်နိုင်ပါဘူး၊ နာမ်ချည်းလည်းမဖြစ်နိုင်ပါဘူး၊ ရုပ်နှင့်နာမ် ပူးပေါင်းပြီး အကြောင်းညီညွတ်မှသာ ဖြစ်နိုင်ပါတယ်။

လောကဥပမာအရပြောရလျှင် အကျိုးနှင့်အကန်း မသန်မစွမ်းသူနှစ်ယောက်ဟာ ဇရပ်ကောင်းနှင့်[illegible]မှာ အတော်ဝေးသောနေရာ၌ ထမင်းကျွေးသောအလှူရှိတယ် လို့ကြားကြရတယ်။

ထိုအရပ်သို့သွားဖို့ရန် တစ်ယောက်ချင်းမဖြစ်နိုင်သော ကြောင့် အဲဒီသူနှစ်ယောက်တိုင်ပင်သောအခါ ကိုယ်စွမ်းဒွန်

တာဝန်ကို ကိုယ်ထမ်း၍ ပူးပေါင်းသွားဖို့ ဆုံးဖြတ်ကြပါတယ်။

ထို့နောက် အကန်းက အကျိုးကိုထမ်းတယ်၊ အကျိုးက အကန်းရဲ့လည်ကုတ်ပေါ် တွင်ခွထိုင်ကာ-

"ဝဲဘက်သွားလိုက်ပါ၊ ယာဘက်သွားလိုက်ပါ၊ ချိုင့်ရှိတယ်၊ စမ်း၍ဆင်းပါ၊ ကုန်းရှိတယ်၊ ဖြေးဖြေးတက်ပါ"

ဤသို့ပြောပြီး အကန်း၏ဦးခေါင်းကိုကိုင်ကာ လက်ဖြင့်လည်း အချက်ပေးတယ်။

သူတို့နှစ်ယောက်မှာ တစ်ယောက်ယောက်ကတာဝန်မကျေလျှင် နှစ်ယောက်စလုံးမသက်သာနိုင်ဘူး၊ မတော်တဆ အကန်းလဲကျလျှင် အကန်း၏လည်ကျိုး၍ အကျိုးသည်လည်း ထပ်ကျိုးဖို့သာ ရှိပါတယ်။

ထို့ကြောင့် သူတို့နှစ်ယောက်သည် အလွန်ဂရုစိုက်ပြီး တာဝန်ကျေအောင်ဆောင်ရွက်ခြင်းအားဖြင့် အလှူရုံသို့သွားရောက်၍ ကောင်းစွာစားရပြီး ချမ်းသာသုခရရှိကြရတယ်။

ဤအတူပါဘဲ ရှပ်နာမ်နှစ်ဝ တက်ညီလက်ညီလုပ်ပါမှ ဤကိုယ်အစုကြီးသည် ဇံအောင်မြင်စွာရပ်တည်အသက်ရှင်နိုင်ကြပါမယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ရုပ်-နာမ်မှာ ဘာအရေးကြီးပါသလဲ

-ရုပ် (ကိုယ်)ခန္ဓာကြီးဟာ အိမ်နှင့်တူပါတယ်။

-နာမ်ခန္ဓာလေးပါးကတော့ ထိုအိမ်၌နေသူများနှင့် တူပါတယ်။

-နာမ်ခန္ဓာလေးပါးတွင်လည်း စိတ်ဟူသော (ဝိညာဏက္ခန္ဓာ)သည် အုပ်ချုပ်သောအိမ်ရှင်ကဲ့သို့ အချုပ်အခြာ ဖြစ်ပါတယ်။

စိတ်ကိုကောင်းကောင်းထားတတ်သူမှာ ထိုစိတ်အလိုအတိုင်း နာမ်ခန္ဓာသုံးပါးလည်း လိုက်ရသောကြောင့် နာမ်ခန္ဓာအားလုံး အကောင်တွေချည်း ဖြစ်ကြရပါတယ်။

စိတ်နှင့်တကွ နာမ်ခန္ဓာအားလုံးကောင်းနေလျှင် ရုပ်ခန္ဓာသည်လည်း ရိုးသားသောရုပ်၊ ဖြူစင်ဖြောင့်မတ်သောရုပ်၊ ကြည်လင်သောရုပ်၊ အေးမြသောရုပ်များ ဖြစ်ကြပါမယ်။

အဲဒါ့ကြောင့် စိတ်ကောင်းလျှင်-

-ကာယကံ (ကိုယ်မှု)လည်း ကောင်းမယ်

-ဝစီကံ (နှုတ်မှု) လည်း ကောင်းမယ်

-မနောကံ (ကိုယ်၊ နှုတ်မပါဘဲ စိတ်သက်သက်ဖြင့် ကြံစည်ရသောစိတ်အမှု) လည်း ကောင်းမယ်

အဲဒါကြောင့် စိတ်ရော၊ ကိုယ်ရောကောင်းဖို့ရန် နာမ်ဆိုတဲ့ စိတ်ကောင်းထားတတ်ဖို့လိုအပ်လှပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## စိတ်၏သဘော

ကံဆိုတာဟာအလုပ်ပါ၊ အလုပ်ဖြစ်မှုရဲ့အဓိကကတော့ စေတနာပါ၊ စေတနာဆိုတာကလည်း စိတ် သာဖြစ်ပါတယ်။

စိတ်၏မူလသဘောကို လူသားတိုင်း သတိထားမကြည့်ကြလို့ (ဝါ)အမှတ်တမဲ့နေကြလို့ မသိကြပါဘူး။

စိတ်ဟာ နာမ်တရားဖြစ်ပြီး အထည်ဒြပ်မရှိပါဘူး၊ သဘာဝ(ဝါ)သဘောမျှသာ ရှိပါတယ်။

ဤသို့သဘောရှိသောကြောင့် စိတ်ကောက်တယ်၊ စိတ်တိုတယ်၊ စိတ်ဖြောင့်တယ်၊ စိတ်ရှည်တယ်၊ စိတ်ဖြူစင်တယ် စသည်ဖြင့် ပြောဆိုနေကြတာပါ။

စိတ်ကိုဖိနှိပ်ဆုံးမရန်မလွယ်ပါဘူး၊ အပြောင်းအလဲ

အလွန်ပင်လျင်မြန်လှပါတယ်၊ အလိုရှိရာအာရုံသို့ အလွန်ပင် လျင်မြန်စွာ ပြေးသွားကပ်ရောက် ကျက်စားတတ်ကြပါတယ်။

စိတ်ကိုဖိနှိပ်ဆုံးမရန် ခက်ခဲကြောင်းကို လက်တွေ့သိ လိုပါက တစ်နေရာမှာထိုင်ပြီး အာရုံတစ်ပါးစိတ်ထွက်မသွား အောင် ထိန်းကြည့်ဆုံးမကြည့်ပါ။

အဲဒီအခါမှာ စိတ်ဟာ အင်္ဂရိပ်ဆရာရဲ့ပြဒါးကို မီးပူ မခံ၊ အချုပ်မခံ၊ ပျံတက်ရောင်လွဲသွားတတ်ကြောင်း လက်တွေ့ တွေ့ကြရပါလိမ့်မယ်၊ စိတ်ကိုအစိုးမရနိုင်ကြောင်း လက်တွေ့ သိမြင်လာပါလိမ့်မယ်။

ဘုရားရှေ့မှာ ဘုရားရှိခိုးစာတွေ၊ ပရိတ်တွေ၊ ဖောင် လောက်အောင်ဟာစ်အော်ရွတ်ဆိုပြီး ရှိခိုးနေပေမဲ့ စိတ်က အခြားနေရာသို့ရောက်နေတတ်သည်ကို သတိပြုမိကြပါလိမ့် မယ်။

ဖိနှိပ်ချုပ်ချယ်ထားရန်ခက်ခဲသည်မှာ ခဏကလေးနှင့် ရန်ကုန်မှမန္တလေးသို့လည်းကောင်း၊ နိုင်ငံခြားစသည်သို့လည်း ကောင်း၊ တစ်နေရာမှတစ်နေရာသို့လည်းကောင်း၊ မိမိရောက် ဖူး၊ နေဖူးရာအရပ်များသို့လည်းကောင်း ချက်ချင်းရောက်သွား နိုင်ပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## စိတ်မာတတ်စွမ်းအင်

လောကရှိ သက်ရှိသတ္တဝါအားလုံးတို့ရဲ့ အဆိုးနှင့်အကောင်းဖြစ်ပေါ်မှုဟူသမျှတို့သည်လည်းကောင်း ၊ပြုလုပ်မှုဟူသောအကြောင်းကြောင့်ရရှိခံစားရခြင်းဟူသောအကျိုးတို့သည်လည်းကောင်း၊ သတ္တဝါတို့၏စိတ်ဟူသော မူလသဘာဝအခြေခံတရားကြောင့် ဖြစ်ပေါ်လာရသည်ချည်းပင် ဖြစ်ပါတယ်။

ကောင်းသောစိတ်အာရုံဖြင့် မကောင်းသောအလုပ်(ကံ)ကိုပြုလုပ်ဆောင်ရွက်ကြသဖြင့် ကောင်းကျိုးများရရှိခံစားကြရပါတယ်။

မကောင်းသောစိတ်အာရုံဖြင့် ကောင်းသောအလုပ်(ကံ)ကိုပြုလုပ်ဆောင်ရွက်ကြသဖြင့် မကောင်းသောဆိုးကျိုးများရရှိခံစားကြရပါတယ်။

ဘုရားရှင်က ဒေဝတာသံယုတ်၌-

“ခပ်သိမ်းဥဿုံအလုံးစုံသောသတ္တဝါတို့သည် စိတ်ဟူသောတစ်ခုတည်းသောတရား၏ အလိုအကြိုက်သို့အစဉ်လိုက်ပါနေကြရ၏”

ဟူ၍လည်းကောင်း၊

ဓမ္မပဒစကျွပါလမထေရ်ဝတ္ထုမဋ္ဌကုဏ္ဍလိဝတ္ထု၌-

"ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်မှု၊ သုံးပါးသည် သိခြင်းသာလျှင် ပြဋ္ဌာန်းခြင်းရှိ၏၊ စိတ်သာလျှင် အမြတ်အကြီးရှိကုန်၏၊ စိတ်ဖြင့်ပြီးကုန်၏၊ ဖျက်ဆီးအပ်သောစိတ်ဖြင့် တစ်စုံတစ်ယောက်သည် ပြုလုပ်မှု၊ ပြောဆိုမှု၊ ကြံစည်မှုများ ပြုလုပ်ခဲ့ငြားအံ့၊ ထိုမကောင်းသောကြံစည်ပြောဆိုပြုလုပ်မှု အကုသိုလ်ကြောင့် လှည်းဘီးသည် နွား၏ခြေရာနောက်သို့ အစဉ်လိုက်သကဲ့သို့ အပါယ်စသောဆင်းရဲသည် အကုသိုလ်ပြုသောသူ၏နောက်သို့ဘဝများစွာ ဖြစ်လေရာ၌ လိုက်လေသည်။

"ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်မှု၊ သုံးပါးသည် သိခြင်းသာလျှင် ပြဋ္ဌာန်းခြင်းရှိ၏၊ စိတ်သာလျှင် အမြတ်ဆုံးဖြစ်၏၊ စိတ်ဖြင့်ပြီးကုန်၏၊ ကောင်းသောစိတ်ဖြင့် ကြံစည်ပြောဆိုပြုလုပ်မှုရှိသောသူအား ထိုကောင်းသော ကြံစည်ပြောဆိုပြုလုပ်မှုကုသိုလ်ကြောင့် အရိပ်သည် လူသွားရာနောက်သို့ အစဉ်လိုက်သကဲ့သို့ လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သောချမ်းသာသည် ထိုပုဂ္ဂိုလ်နောက်သို့ အစဉ်လိုက်လေသည်"

ဟူ၍ ဟောတော်မူခဲ့ပါတယ်။

အလားတူပင်-

-မလိုချင်တပ်မက်မှုမရှိတဲ့ အလောဘအာရုံ

-စိတ်ဆိုး၊ စိတ်တို၊ စိတ်ညစ်ညူးစရာမရှိတဲ့ အဒေါသ အာရုံ

-တွေဝေစရာမရှိတဲ့ အမောဟအာရုံ

စတဲ့ ကောင်းမြတ်တဲ့ကုသိုလ်အာရုံအမျိုးမျိုးတို့သို့လည်း ကျရောက်တတ်ပါတယ်။

စိတ်ဟာ အကောင်း-အဆိုးဟူသမျှကို ဖန်တီးတတ်သည့်အတွက် လိုချင်စရာ၊ တပ်မက်စရာအာရုံနှင့်တွေ့လျှင် လိုချင်တပ်မက်မှု(လောဘ)နှင့်ယှဉ်သောအာရုံ၊ စိတ်ဆိုးစရာ မကျေနပ်စရာ၊ စိတ်မချမ်းသာစရာအာရုံများနှင့်တွေ့ကြုံလာလျှင် ထိုစိတ်ဆိုးစရာ(ဒေါသ)နှင့်ယှဉ်သောအာရုံ၊ တွေဝေစရာ မသိစရာအာရုံများနှင့်တွေ့ကြုံလာလျှင် ထိုတွေဝေစရာ ၊ မသိစရာ(မောဟ)နှင့်ယှဉ်သောအာရုံ စသည်ဖြင့် မကောင်းသော အာရုံအမျိုးမျိုးတို့ကျရောက်တတ်ကြပါတယ်။

ပညာမျက်စိမရှိကြသောသတ္တဝါများဖြစ်ကြတဲ့ ခွေး၊ ကြက်၊ ဝက်၊ နွား၊ ကျွဲစတဲ့ တိရစ္ဆာန်များဟာ မိမိတို့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့စိတ်ကို ငါ့မှာကောင်းသောစိတ်ဖြစ်ပေါ်နေသလား၊ဆိုးသောစိတ်ဖြစ်ပေါ်နေသလား ဟု မစဉ်းစားတတ်၊

မသိမြင်တတ်ကြသလို အလားတူပညာမျက်စိမရှိကြသော လူမိုက်များအနေဖြင့်လည်း မိမိသန္တာန်၌ဖြစ်ပေါ်နေသောစိတ် အပေါ် ကုသိုလ်စိတ်လော၊ အကုသိုလ်စိတ်လော ဟု စိတ်၏ အဖြူအမဲကိုမတွေးတောတတ်၊ မစဉ်းစားတတ်၊ မသိမြင်တတ် ကြပါ။

မတွေးတောမဆင်ခြင်တတ်သောသတ္တဝါများအဖို့ မိမိ ရဲ့စိတ်အာရုံဆွဲရာသို့ပါသွားရစမြဲဖြစ်သည်မို့ မကောင်းသော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿ၊ မစ္ဆရိယစတဲ့ ကုသိုလ် စိတ်အာရုံများ၊ မကောင်းသောဒုစရိုက်အမှုများ ပြုလုပ်ဖြစ် အောင်ဆွဲဆောင်သွားမှုကို ခံရတတ်ပါတယ်။

အလားတူ တွေးတောဆင်ခြင်တတ်သောသတ္တဝါများ အဖို့ ကောင်းသောအလောဘ၊ အဒေါသ၊ အမောဟ၊သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဟိရိ၊ ဩတ္တပ္ပစတဲ့ကုသိုလ်အာရုံများက ကောင်းသောသုစရိုက်အမှုများ ပြုလုပ်ဖြစ်အောင် ဆွဲဆောင် သွားမှုကို ခံရတတ်ပါတယ်။

စိတ်အာရုံနှိုးဆော်တိုက်တွန်းချက်အရ ပြုလုပ်မိခဲ့ကြ တဲ့ (ကုသိုလ်)ကောင်းမှု၊ (အကုသိုလ်)မကောင်းမှုကံတို့ ကြောင့် သတ္တဝါများဟာ မိမိတို့ပြုလုပ်ခဲ့သော ကောင်းမှု-

မကောင်းမှုအလုပ်အားလျော်စွာ သက်ဆိုင်ရာဘုံဌာနအသီးသီး၌ဖြစ်ကြရသော အကျိုးတရားများကိုရရှိခံစားကြရပါတယ်။

သာမန်အားဖြင့်ကြည့်လျှင် မကောင်းမှုအကုသိုလ်ဒုစရိုက်များကိုပြုလုပ်သူတို့ဟာ ပစ္စုပ္ပန်ဘဝမှာလည်း ချက်ချင်းလက်ငင်းမကောင်းကျိုးတွေ၊ မကောင်းသတင်းတွေ၊ ထောင်ဒဏ်နှင့်နှိပ်စက်ဒဏ်တွေ ခံစားကြရပါတယ်၊ သေသော် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့အပါယ်လေးဘုံသို့ ရောက်ရှိခံစားကြရမှာ ဖြစ်ပါတယ်။

ကာမာဝစရကုသိုလ်ဆိုတဲ့ ဒါန၊ သီလပြုလုပ်သူတို့ဟာ လူနှင့်နတ်ပြဟ္မာ့ခြောက်ထပ်ဘုံဌာနသို့ ရောက်ရှိခံစားကြရမှာ ဖြစ်ပါတယ်။

ရူပ-အရူပဈာန်လို့ခေါ်တဲ့မဟဂ္ဂုတ်ကုသိုလ်(၀၊)သမထစွမ်းအားရှိကုသိုလ်ရှိသူတွေကတော့ ပြဟ္မာဘုံ(၂၀)သို့ ရောက်ရှိခံစားကြရမှာ ဖြစ်ပါတယ်။

ဝိပဿနာကုသိုလ်တရားပွားများ အားထုတ်သူတို့ကတော့(၃၁)ဘုံမှလွတ်မြောက်ရာ ဘဝချုပ်ငြိမ်းနိဗ္ဗာနဓာတ်ဆိုတဲ့ အေးငြိမ်းရာသို့ရောက်ရှိခံစားကြရမှာ ဖြစ်ပါတယ်။

ထို့ပြင် ဘုံအသီးသီး၌ဖြစ်ကြရသောသတ္တဝါတို့မှာ ဘုံ

ချင်းတူပေမဲ့ အချို့က ချမ်းသာ၊ ခမ်းနား၊ ဘုန်းတန်ခိုးကြီးပြီး အချို့က ဆင်းရဲ မခမ်းနား၊ ဘုန်းတန်ခိုးနည်း စသည်များလည်း ရှိပါတယ်၊ မျက်မြင်လူလောကကြည့်က သိသာနိုင်ပါတယ်။

အဲဒါ ဘာကြောင့်လဲဆိုတော့ ကုသိုလ်ပြုရာမှာ စိတ်နေစိတ်ထားစိတ်ဓာတ်စေတနာကွာခြားမှုကြောင့်ပါဘဲ။

အဲဒါကြောင့် သတ္တဝါအပေါင်းရဲ့ ဦးဆောင်ရှေ့သွားပြုနေတဲ့စိတ်ဟာ အလွန်လျင်မြန်တဲ့သဘောရှိပါတယ်။

-တွေ့သမျှအာရုံကိုလှည့်လှည်ကျက်စားတတ်တဲ့ သဘောရှိတယ်

-ကောင်းမှု၊ မကောင်းမှုပြုလုပ်ဖြစ်အောင် ဆွဲဆောင်တတ်တဲ့သဘောရှိတယ်

-ထိုထိုဘုံဌာနအသီးသီးသို့ပို့ဆောင်တတ်တဲ့ သဘောရှိတယ်

ဒါဟာ သတ္တဝါတိုင်းမှာရှိတဲ့ စိတ်စွမ်းရည်သတ္တိလေး ပါဘဲ။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

# အခန်း(၂)

## ကမ္မ-ကံ အလုပ်ဆိုတာဟာ

ထိုကိုယ်-နှုတ်-စိတ်တို့ဖြင့် ပြုလုပ်-ပြောဆို-ကြံစည်မှု များကိုပင် "ကံ"ဟု ခေါ်ဆိုနေကြခြင်းဖြစ်ပါတယ်။

ကုသိုလ် - အကုသိုလ်ကံဟူရာ၌ "ကံ" ဆိုသည်မှာ အဘယ်နည်း၊ ဘုရားရှင်က-

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"

"ရဟန်းတို့---စေတနာကို ကံ ဟု ငါဘုရားမိန့်တော်မူသည်"

ဟု ဟောတော်မူထားတဲ့အတိုင်း ကံဟူသည် ကုသိုလ်-အကု

သိုလ်စိတ်၌ ယှဉ်လျက်ပါလာသော စေတနာစေတသိက်ပင် ဖြစ်ပါတယ်။

စိတ်ကခေါင်းဆောင်၍ ကုသိုလ်-အကုသိုလ်ပြုလုပ်သည်မှာ မှန်သော်လည်း တကယ်အလုပ်လုပ်သောတရားသည် စေတသိက်အများတွင် စေတနာစေတသိက်ပင် ဖြစ်ပါတယ်။

ကောင်းမှု-မကောင်းမှုပြုသမျှ၌ စေတနာညံ့လျှင် ထိုအမှုသည်လည်း သေးငယ်ပါတယ်၊ စေတနာထက်သန်လျှင် ထိုအမှုသည် ကြီးကျယ်တတ်ပါတယ်။

စေတနာဆိုတဲ့စေတသိက်ဟာ မိမိတာဝန်ကိုလည်း ဆောင်ပါတယ်၊ အခြားတရားတို့ကိုလည်း ဆိုင်ရာတာဝန်ကို ဆောင်ဘို့ရန် လှုံ့ဆော်ပါတယ်။

အာရုံတစ်ခုခုကိုစိတ်ကယူလိုက်တဲ့ခဏမှာ-

-ဖဿဆိုတဲ့စေတသိက်က အာရုံကိုထိတွေ့လိုက်ပါတယ်။

-ဝေဒနာဆိုတဲ့စေတသိက်က ခံစားလိုက်ပါတယ်။

-သညာဆိုတဲ့စေတသိက်က မှတ်သားလိုက်ပါတယ်။

-ဧကဂ္ဂတာဆိုတဲ့စေတသိက်က အာရုံ၌ကြာအောင် ထပ်ကာ့ထပ်ကာ ယူထားလိုက်ပါတယ်။

-ဇီဝိတိန္ဒြေဆိုတဲ့စေတသိက်က ရုပ်-နာမ်အသက်ကို ဆက်၍ဆက်၍ တည်ပေးနေပါတယ်။

-မနသိကာရဆိုတဲ့စေတသိက်က အမြဲနှလုံးသွင်းနေ ပေးလိုက်ပါတယ်။

ဤသို့လျှင် ဆိုင်ရာတာဝန်များကိုရွက်ဆောင်လျက် စိတ်နှင့်တစ်ပြိုင်တည်း ဖြစ်နေကြရပါတယ်။

လောဘ၊ ဒေါသ၊ မောဟမကောင်းသောအကုသိုလ် တရားမှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂစသည့် ကောင်းသော ကုသိုလ်တရားများသည်လည်း စိတ်အာရုံတွင်ပါဝင်ကြရပါ တယ်။

ထိုစိတ်အာရုံယူရာဝယ် ဆိုင်ရာယှဉ်ဘက်စေတသိက် များတွင်လည်း မည်သည့်စေတသိက်ကမှ နောက်ချန်မနေရစ် ပါ၊ မည်သည့်စေတသိက်မျှ မိမိဆိုင်ရာတာဝန်များကို မလစ် ဟင်းကြပါ၊ စေတသိက်အားလုံးသည် စိတ်နှင့်အတူ အာရုံကို စေ့စေ့စပ်စပ်တင်၍ ယူဆောင်တတ်ကြပါတယ်။

ထိုသို့အာရုံနှင့်စိတ်စေတသိက်တို့ စေ့စပ်မိအောင်

နှိုးဆော်သောတရားသည်ကား စေတနာပင်ဖြစ်ပါတယ်။

အာရုံကိုယူရာ၌ စိတ်၊ စေတသိက်တို့၏သဘောသည် အသင်းတစ်ခုနှင့်တူပါတယ်၊ အသင်းတစ်ခု၌ စိတ်သည် ခေါင်းဆောင်ဥက္ကဋ္ဌနှင့်တူ၍ စေတသိက်က အကျိုးဆောင်အတွင်းရေးမှူးနှင့်တူပါတယ်။

အသင်းအဖွဲ့အစည်းများ၌ အကျိုးဆောင်ဟာ အလွန်ဗျာပါဒများရပါတယ်၊ အသင်းသားများကို ဆိုင်ရာတာဝန်တွေ မလစ်ဟင်းရလေအောင် လှုံ့ဆော်ပေးနေရသလို ကိုယ်တိုင်ကလည်း အသင်းကိစ္စရပ်များကို ကြိုးစားအားထုတ်လုပ်ကိုင်နေတတ်ပါတယ်၊ သို့အတွက် အတွင်းရေးမှူး (အကျိုးတော်ဆောင်)ဟာ အသင်းသားများထက် နှစ်ဆမျှတာဝန်ပိုကြီးပါတယ်။

အလားတူဘဲ စေတနာဆိုသော စေတသိက်ဟာ အခြားစေတသိက်များကို ဆိုင်ရာကိစ္စအသီးသီး မလစ်ဟင်းရလေအောင် အာရုံနှင့်စေ့စပ်နေသကဲ့သို့ဖြစ်အောင်လည်း ဗျာပါဒများရတတ်ပါတယ်၊ မိမိကိုယ်တိုင်လည်း မိမိကိစ္စကို ဆောင်ရွက်ရပါတယ်။

ကိစ္စတစ်ခုပြုလုပ်ရာဝယ် စေတနာကညွှန်နေပါလျှင်

စိတ်ကမပေါ့တပါဖြစ်ကြသည်၊ အခြားစေတသိက်များလည်း ညံ့ကြသည်။

စေတနာထက်သန်လျှင် စိတ်စေတသိက်များလည်း ထက်သန်ကြတယ်၊ စိတ်ရော စိတ်စေတနာပါထက်သန်ကြသဖြင့် ခန္ဓာကိုယ်လည်း ထိုကိစ္စအတွက် သွက်သွက်လက်လက် တက်တက်ကြွကြွ ဖြစ်လာရတယ်။

ထို့ကြောင့် မည်သည့်အာရုံမဆို အာရုံကိုယူရာတိုင်း၌ စေတနာသည် အချုပ်အခြာ အခရာဖြစ်ပါတော့သည်၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကိုပြုလုပ်ရာ၌ စေတနာသည် အချက်အချာကျသော အကြောင်းတရားဖြစ်ပါတယ်။

ဥပမာထပ်မံဆိုရသော်- လူတစ်ယောက်ကို အများကဝိုင်းဝန်းသတ်ဖြတ်ရာ၌ အခြားသူတို့က အတော်အတန်ရိုက်ကြ၊ နှက်ကြသော်လည်း အရာမထင်ချေ၊ တစ်ယောက်သူကား သူများထက် နှစ်ဆလောက်နာအောင် ရိုက်နှက်လေရာ သေရှာသည်။

ထိုအမှုဝယ် သေအောင်ရိုက်သူသည် တရားခံအစစ်ဖြစ်သကဲ့သို့ အလားတူ ဒါန၊ သီလ၊ ဘာဝနာ စသောကုသိုလ်

ကံ၊ သူ့အသက်သတ်ခြင်းစသော အကုသိုလ်ကံများကို စိတ်စေတသိက်များပူးပေါင်း၍ပြုလုပ်ရာ၌ စေတနာသည် သတ္တိအထက်ဆုံးဗျာပါရလွန်ကဲဆုံးဖြစ်သည်၊ စေတနာ၏သတ္တိသာလျှင် ကံပြုသူသန္တာန်၌ အဖတ်တင်ကျန်ရစ်ခဲ့မှာ ဖြစ်တယ်။

ထို့ကြောင့် ကံပြုသူဖြစ်သောအမှုသည်ကိုရှာလျှင် စေတနာအပေါ်မှာသာ တာဝန်ကျမှာ ဖြစ်တယ်။

စေတနာသည် လွန်စွာနူးညံ့သိမ်မွေ့သောတရားဖြစ်သဖြင့် သဘောပေါက်ရန်မလွယ်ကူလှပါ၊ သို့သော် ထိုနူးညံ့သိမ်မွေ့သောစေတနာကပင် စိတ်တရားတို့ကို တွန်းအားပေးနေပါတယ်။

ဤကမ္ဘာလောကဝယ် အလုပ်တစ်ခုပြုလုပ်ရာ၌ ကံ၊ ဉာဏ်၊ ဝီရိယသုံးမျိုးညီညွတ်မှ အကျိုးပြီးမြောက်မယ်၊ ကြီးပွားအောင်မြင်မယ်ဟု ဆိုထားပါတယ်၊ ဉာဏ်၊ ဝီရိယမှာ ပေါ်လွင်လှ၍ လူတိုင်းကလက်ခံပြီး အငြင်းမပွားကြပါဘူး။

ကံနှင့်စပ်၍ယုံကြည်သူ၊ မယုံကြည်သူများသည်လည်း ရှိလာတယ်။

ကံကိုမယုံကြည်သူတို့သည် မိမိတို့မယုံပါဟု ဆိုသောကံကိုပင် နေ့စဉ်ပြုလုပ်နေကြသောကြောင့် မိမိကိုယ်ကို မိမိ

ပင်ဆန့်ကျင်နေကြပြန်တော့တယ်။

လောကလူသားတို့ကိုကြည့်လျှင် လူတိုင်းသည် အချိန်တိုင်းအလုပ်လုပ်နေကြတယ်၊ အလုပ်ကိုလုပ်သဖြင့် လုပ်အားတန်ဖိုးအကျိုးအမြတ်များ ရရှိနေကြတာဖြစ်တယ်။

ထိုအလုပ်သည် ကောင်းသောအလုပ်၊ မကောင်းသောအလုပ်ဟူ၍(၂)မျိုး ရှိနေပါတယ်။

မကောင်းသောအလုပ်ကိုလုပ်မိသဖြင့် လောကဥပဒေအရ ငွေဒဏ်၊ ကြိမ်ဒဏ်၊ ထောင်ဒဏ်၊ ကြိုးဒဏ်၊ ရောဂါဘယဒဏ်၊ မကောင်းသောဂုဏ်သတင်းများ ရရှိခံစားကြရတယ်။

ကောင်းသောအလုပ်ကိုလုပ်ခဲ့မိသဖြင့် ငွေကြေးဥစ္စာဆုလာဒ်၊ရာထူး၊ အာဏာ၊ ကောင်းသောဂုဏ်သတင်း စသည်များ ရရှိခံစားကြရတယ်။

ဤသို့ဆိုလျှင် လူသားတို့သည် ကံ ဟု ခေါ်သောအလုပ်များကိုနေ့စဉ်နေ့တိုင်း၊ အချိန်ရှိတိုင်းပြုလုပ်နေကြတယ်။

ထိုသို့ပြုလုပ်နေကြသဖြင့် ကောင်းသောအလုပ်၊ မကောင်းသောအလုပ်ဟူသော ကံအကျိုးတရားများ ရရှိနေကြသည်။

သို့ဖြစ်၍ ပြုလုပ်မှုဟူသောကံသည် စေက်အမှန်ပင် ရှိသောသဘာဝတရားပင် ဖြစ်ပါတယ်၊ အလုပ်ဟူသောကံရှိနေ၍ အလုပ်ဟူသောကံ၏ကောင်းကျိုးဆိုးပြစ်တို့ကို ခံစားနေကြရတယ်။

ဘဝကိုဖန်တီးနေသောကံကို ငြင်းဆန်ကန့်ကွက်ရန် အကြောင်းမရှိပါဘူး၊ စေတနာက တိုက်တွန်းနှိုးဆော်မှုကြောင့် ကိုယ်၊ နှုတ်၊စိတ်တို့က ပြုလုပ်ပြောဆိုကြံစည်သဖြင့် စေတနာရှေ့သွားရှိသောကိုယ်မှု၊ နှုတ်မှု၊ ကြံစည်မှုဟူသမျှသည် စေတနာသဘောရှိသောကြောင့်လည်းကောင်း၊ စေတနာနှိုးဆော်တိုက်တွန်း၍ ကိုယ်၊နှုတ်တို့ဖြင့် လှုပ်ရှားမှု၊ အမူအရာစိတ်ဖြင့်ကြံစည်မှုအမူအရာတို့ကိုပြုလုပ်ပြီး စီးစေတတ်သောကြောင့်လည်းကောင်း စေတနာကိုပင် ကံ ဟူ၍ခေါ်ဆိုပါတယ်။

ကံဟူသောအမည်သည် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများဟူသောစေတနာကြောင့်သာ ထမြောက်အောင်မြင်ရသောကြောင့် အကြောင်းရင်းခံစေတနာကိုပင် ကံ ဟူ၍ ခေါ်ဆိုရပါတယ်။

ထို့ကြောင့် ကံတရားဖြစ်ပေါ်လာရေးအတွက် စေတနာသည် အကြောင်းခံဖြစ်တယ်။ဘုရားရှင်က-

"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ"

"ချစ်သားတို့---စေတနာကို ကံ ဟု ငါဘုရားမိန့်တော်မူသည်"

ဟူ၍ မိန့်တော်မူခဲ့ပါတယ်။

ကံတရားကို၏အပြင်းအပျော့အားကောင်း၊ မကောင်းသည် ယှဉ်ဆော်ပေးတတ်သော စေတနာအင်အားအပေါ်၌မူတည်သည်။

ကံတရားတစ်ခုဖြစ်ပေါ်လာစေရန်အတွက် လှုံ့ဆော်သောစေတနာတွန်းအား(၃)မျိုး ရှိပါတယ်-

-စေတနာသည် ကံတစ်ခုမဖြစ်မီ ကြိုတင်၍တွန်းအားပေးတယ်

-ကံပြုဆဲခဏ၌လည်း တွန်းအားပေးတယ်

-ထိုကံပြုပြီးချိန်၌လည်း အဆက်မပြတ်တွန်းအားပေးပြန်တယ်

ထိုစေတနာသုံးချက်ညီညွတ်စွာပြုလုပ်မှသာ အလုပ်တစ်ခု၊ ကံတစ်ခုအကျိုးပေးမှုမှာ ပြည့်စုံအားကောင်းတယ်၊ စေတနာတစ်ချက်ချက်ပျက်ကွက်အားလျော့နေလျှင် ချို့တဲ့နေလျှင် ကံတရားတို့ဖြစ်ပေါ်မှုအားလျော့ကာ အကျိုးပေးမှု ချို့ယွင်းတတ်တယ်။

ဒါဆိုလျှင် အလုပ်တစ်ခုခုလုပ်ရာမှာ စေတနာရဲ့သတ္တိဟာ အားကြီးလှတဲ့အတွက် ထိုစေတနာကိုပင် ကံ-အလုပ်ရှင်-အမှုသည်-ရယ်လို့ ခေါ်ကြရပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ကံသတ္တိက လိုက်ပါနေတတ်ပါတယ်

ကံအမှုဟာ ကုသိုလ်-အကုသိုလ်စေတနာစေတသိက်ဖြစ်သော်လည်း အခြားနာမ်တရားတို့ကဲ့သို့ဖြစ်ပြီး ပြုလုပ်ပြီးချက်ချင်းချုပ်ပျောက်သွားတာမှန်သော်လည်း ကံရဲ့သတ္တိထူးလေးကတော့ ကျန်ရစ်ခဲ့လေ့ရှိပါတယ်။

တစ်ချို့က မိမိပြောဆို၊ ပြုလုပ်၊ ကြံစည်မှုများက ပြုလုပ်ပြီးသည်နှင့်ချုပ်ပျောက်သွားတယ်လို့ ထင်မှတ်ကြပါတယ်။

အမှန်မှာ မိမိပြုလုပ်ခဲ့သောစေတနာဇောသတ္တိအင်အားကအကျိုးပေးဖို့ရန် အစွမ်းအင်အားမကုန်သေးသရွေ့ အမြဲလိုက်ပါနေပြီး အကျိုးပေးနေတတ်ပါတယ်၊ ဒါကို သတိထားဖို့လိုပါတယ်။

လောကဥပမာကြည့်မယ်ဆိုရင် ရေထဲသို့ခဲတစ်လုံးပစ်ချလိုက်တဲ့အချိန်ဟာ တစ်ခဏတာမျှဖြစ်သော်လည်း ခဲကျ

သောအရှိန်အင်အားအလိုက် ဆက်လက်ရိုက်ခတ်မှုဂယက်များက ကြာရှည်စွာရိုက်ခတ်လျက်ရှိနေသလို မိမိပြုလုပ်ခဲ့သောကံအရှိန်က နိဗ္ဗာန်မရောက်မချင်းရိုက်ခတ်အကျိုးပေးလျက်ရှိပါတယ်။

မိုးရွာသွန်းမှုကိုကြည့်လျှင် မိုးရွာသွန်းမှုဟာ နာရီပိုင်းအတွင်းရပ်စဲသွားသည်မှန်သော်လည်း တောတောင်ရေမြေစိမ့်ဝင်နေသောမိုးရေရဲ့အအေးဓာတ်အင်အားသတ္တိက ရုတ်တရက်ပျက်ပြယ်မသွားသလို ကံ၏အစွမ်းသတ္တိကား ပျက်ပြယ်မသွားပါ။

မိုးကာလပေါက်သောမြက်များဟာ နွေရာသီတွင်ပျောက်သွား၍မရှိတော့ဟု ထင်ရသော်လည်း မိုးပြန်ရွာလာသောအခါ ပြန်ပေါက်လာသေည်မှာ မျိုးစေ့နှင့်မျိုးစေ့သတ္တိများကျန်ရစ်ခဲ့သောကြောင့် ဖြစ်ပါတယ်။

ဥပမာအားဖြင့် ထပ်မံပြောပြရလျှင်-လူတစ်ယောက်ဟာ ကလေးဘဝမှာ သူငယ်တန်းမှစပြီး ပညာသင်တယ်ဆိုပါစို့၊ ထိုသူငယ်သည် အတန်းများ အဆင့်ဆင့်တက်၍ နောက်ဆုံးဘွဲ့ရသည်တိုင်အောင် သင်တယ်ဆိုပါစို့။

ထိုသူငယ်ရဲ့ရှေးရှေးအတန်းတွေက သင်ခဲ့သောစာ

များဟာ တစ်ချို့မှာသူကိုယ်တိုင်သတိမရသော်လည်း သင်ယူ
အပ်ပြီးသော ပညာ၏အသိဉာဏ်သတ္တိကား သူရဲ့သန္တန်မှာ
လိုက်ပါနေသည်သာ ဖြစ်ပါတယ်။

ထို့ကြောင့် တစ်တန်းထက်တစ်တန်းတက်ရာမှာ
အသိဉာဏ်လည်း အဆင့်ဆင့်ကြီးထွားလျက်လာပါတယ်။

အဲဒီလိုပါဘဲ ကံတရားဟာလည်း ဖြစ်ပြီးချုပ်သွား
သော်လည်း ထိုကံ၏သတ္တိသည်ကား ကံပြုသူရဲ့သန္တန်၌ ကျန်
ရစ်သည်သာ ဖြစ်ပါတယ်။

ထို့ကြောင့် အကြောင်းညီညွတ်သည့်အခါ ထိုသူ၏ကံ
ဟာ ထိုသူရဲ့သန္တန်မှာ အကျိုးကိုဖြစ်စေပါတော့တယ်။

ဥပမာတစ်ခုထပ်မံနှိုင်းယှဉ်ပြရလျှင် လူတစ်ယောက်
ကိုငယ်စဉ်က ကျန်းမာရေး၊ ဆေးအစာတို့ကိုလူကြီးများက
ဂရုစိုက်၍ကျွေးခဲ့ကြတယ်၊ ထိုဆေး၊ ထိုအစာတို့ဟာ စားပြီး၍
ရက်အနည်းငယ်ကြာလျှင် ဝမ်းထဲ၌ကုန်သွားသော်လည်း ထို
ဆေး ထိုအစာ၏ကျန်းမာစေနိုင်သော အစွမ်းသတ္တိမှာ ထိုသူရဲ့
သန္တန်မှာကျန်ရစ်ခဲ့သည်သာ ဖြစ်တယ်။

အဲဒါကြောင့် ထိုသူဟာ နောင်အခါမှာ ကျန်းမာသူ
ဖြစ်ရပါတယ်၊ ငယ်ရွယ်စဉ်က အပျော်အပါးလိုက်စားသူ၊ သေ

ရည်သေရက်ကိုအလွန်အကျွံသောက်စားသူဟာ ထိုပျော်ပါး သောက်စားမှုတို့၏မကောင်းသတ္တိများ ကျန်ရစ်ခဲ့သောကြောင့် နောင်အခါ မကျန်းမမာခြင်းရောဂါဖြစ်ခြင်းများ ခံစားရတတ် ပါတယ်။

ထို့အတူ ကံတရားတို့ကလည်း သတ္တိကျန်ရစ်သော ကြောင့် သတ္တိမကုန်သမျှ ထိုသူအား ကုသိုလ်ကံက ကောင်း ကျိုးပေး၍ အကုသိုလ်ကံက မကောင်းကျိုးပေးပါတော့တယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## တစ်ဘဝပြီးတစ်ဘဝမဆုံးတာဟာ

သတ္တဝါတစ်ဦးရဲ့ "တစ်ဘဝ" ဆိုတာဟာ ကံတစ်ခု၏ သတ္တိကြောင့်ရရှိသောအစဦးဆုံးသောရုပ်နာမ်နှင့်နောက်ဆုံး ရုပ်နာမ်တို့ရဲ့အကြား၌ ရုပ်နာမ်အစဉ်မပြတ် ဖြစ်ပျက်နေသော အစဉ်သာဖြစ်ပါတယ်။

အစဆုံးရုပ်နာမ်မှစ၍ ရုပ်ခန္ဓာအစဉ်သည်လည်း ကောင်း၊ နာမ်ခန္ဓာအစဉ်သည်လည်းကောင်း၊ "ဖြစ်+ပျက်" "ဖြစ်+ပျက်" ဟုလာခဲ့ရာ ထိုဘဝကိုစီမံသောကံက-

-အစွမ်းကုန်သောကြောင့်ဖြစ်စေ

-အခြားကံတို့ကနှောင့်ယှက်သောကြောင့်ဖြစ်စေ

နောက်ထပ်ဆက်၍ မစီမံနိုင်သောအခါ ထိုကံနှင့်ဆက်နွယ်နေသော ရုပ်ခန္ဓာအစဉ်၊ နာမ်ခန္ဓာအစဉ်သည် ရုပ်တန့်သွားပါတော့တယ်၊ သေသွားတယ်လို့ လောကဝေါဟာရအရ ဆိုပါတယ်။

ထိုရုပ်တန့်ခြင်း၊ သေဆုံးခြင်းကို တစ်ဘဝဆုံးသည် ဟု ခေါ်စမှတ်ပြုကြပါတယ်။

ဤမှာဘက်ဘဝ ရုပ်တန့်သေဆုံးသွားသည်နှင့်တပြိုင်နက်ထဲ နောက်ထပ်ကံအသစ်တစ်ခုက ရုပ်ခန္ဓာ၊ နာမ်ခန္ဓာအသစ်ကို ဆက်၍စီမံပြန်ပါတယ်။

"ဆက်၍"ဆိုသည်မှာ အနည်းငယ်မျှအကြားကာလမရှိဘဲရှေးဘဝနောက်ဆုံး (စုတိ=သေခြင်း)နှင့်နောက်ဘဝ၏အစ ပဋိသန္ဓေ(ဆက်စပ်)သည် တစ်ဆက်တည်းကဲ့သို့ ထင်ရလောက်အောင် ဆက်စပ်နေသည်ကို ဆိုပါတယ်။

(ပဋိသန္ဓေဆိုတာဟာ ရှေးဘဝအပြတ်တွင် မပြတ်အောင် ဆက်စပ်သောတရားဟု ဆိုလိုပါတယ်)

ထိုသို့စီမံ၍ရအပ်သော ရုပ်-နာမ်ခန္ဓာအသစ်ကိုပင် တစ်ဘဝစ၍ဖြစ်ခြင်း (ပဋိသန္ဓေနေခြင်း)လို့ ခေါ်စမှတ်ပြုကြပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ဘဝရဲ့သတ္တိထူးများလိုက်ပါနေပါတယ်

ဘဝတစ်ခုအတွင်း၌ ကံတစ်ခုခုကိုပြုလုပ်တိုင်း ထိုပြုလုပ်ခဲ့တဲ့ကံရဲ့သတ္တိက ရုပ်-နာမ်အစဉ်မှာ ပါဝင်နေပါတယ်၊ တစ်ဘဝဆုံးသွားသော ရုပ်-နာမ်အစဉ်မှာ ထိုသတ္တိကလိုက်ပါနေတတ်ပါတယ်။

ကံအသစ်က စီမံအပ်သော ဘဝသစ်ရုပ်-နာမ်အစဉ်မှာလည်း ထိုသတ္တိဟာဆက်ပါနေပါတယ်၊ ဘဝပေါင်းများစွာကကံပေါင်းများစွာကိုပြုလုပ်ထားခဲ့ကြတဲ့အတွက် သတ္တိပေါင်းများစွာဟာ ဆက်ကာဆက်ကာ ပါနေကြပါတယ်။

အဲဒါကြောင့် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောကံရဲ့သတ္တိများဟာ ကံပြုသူရဲ့ခန္ဓာအစဉ်၌ပါနေသောကြောင့် အခွင့်သင့်၍ အကျိုးပေးခွင့်ကြုံလာတဲ့အခါမှာ ထိုသူရဲ့ခန္ဓာအစဉ်မှာ ကောင်းကျိုး မကောင်းကျိုးတွေ ပေးပါတော့တယ်။

အဲဒီလိုပေးမှုကြောင့် သတ္တဝါတွေမှာချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ရုပ်လှခြင်း၊ မလှခြင်း၊ တန်ခိုးရာထူးအာဏာရှိခြင်း၊ မရှိခြင်းစတဲ့မတူကွဲပြားခြားနားသော အခြေအနေများနှင့် တွေ့ကြုံနေကြရတာပါ။

အမိဝမ်းတွင်းမှ အတူတူမွေးဖွားလာကြသူများဖြစ်စေ၊ စိတ်မတူ၊ ရုပ်မတူဖြစ်နေကြရတာဟာ မိမိတို့ပြုလုပ်ခဲ့သော စိတ်စေတနာကမ္မသတ္တိ မတူကြလို့ပါ။

-သတ္တလောကတွင် လူ့ဘုံရှိလူသားများတစ်ဦးနှင့် တစ်ဦးမတူညီခြင်း

-အပါယ်လေးဘုံသားများ ဘဝဖြစ်မှု၊ ခံစားရမှု မတူညီခြင်း

-လူ့ပြည်ပတ်ဝန်းကျင်ရှိ ဘုမ္မစိုး၊ ရုက္ခစိုးနတ်စသည် များ အဆင့်မတူညီခြင်း

-နတ်ပြည်(၆)ထပ်၊ ဗြဟ္မာ(၂၀)အဆင့်မတူညီခြင်း

စသည်တို့က မိမိတို့ပြုလုပ်ခဲ့ကြသော ကမ္မသတ္တိစွမ်းအား စေတနာကွာခြားမှုကြောင့်ဘဲ ဖြစ်ကြပါတယ်။

ကမ္မသတ္တိထူးလိုက်မှုဟာ မိဘ၊ ဆရာသမားတို့ပြုသောကံကို သားသမီးတို့ တိုက်ရိုက်မခံစားရသလို သားသမီး

တပြည်တို့ပြုသောကံကိုလည်း မိဘဆရာသမားတို့ မခံစားကြရပါဘူး၊ ဘဝတစ်ခု၌ အတူတူဆုံကြတဲ့အခါမှာတော့ သွယ်ဝိုက်၍သာ ခံစားကြရပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ပါရမီသတ္တိထူးများလိုက်နေတယ်

ကံရဲ့သတ္တိ ဟုဆိုရာဝယ် နိဗ္ဗာန်ကိုမရည်ရွယ်ဘဲ ဘဝအဆက်ဆက်ချမ်းသာဖို့ကိုသာ ရည်ရွယ်၍ပြုအပ်သော ကံတို့ရဲ့သတ္တိများဟာ သူတို့စွမ်းနိုင်သမျှအကျိုးပေးပြီးသောအခါ သတ္တိများ ပြယ်သွားပါတယ်။

(ကံအရှိန်ကုန်သဖြင့် နောက်ထပ်အကျိုးမပေးတော့ဟု ဆိုလိုပါတယ်)

ဘဝအဆက်ဆက်၌ခံစားဖို့ကိုမရည်ညွှယ်ဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကိုကျေန်မျက်မှောက်ပြုလိုသောဆန္ဒဖြင့်ပြုလုပ်အပ်သော ကုသိုလ်ကံတို့ကို ပါရမီကုသိုလ် လို့ဆိုပါတယ်။

ထိုပါရမီကုသိုလ်ကံကတော့ ရည်ရွယ်ချက်မပြည့်စုံသေးသမျှ အစဉ်လိုက်ပါနေတတ်ပါတယ်။

ထို့ကြောင့် ဘုရားအလောင်းတော် အလွန်မြင့်မြတ်

သောပါရမီကုသိုလ်တော်များသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလအတွင်းဝယ် သတ္တိမပြယ်ဘဲလိုက်ပါနေရပြီး ဘုရားဖြစ်တော်မူမှ(သို့မဟုတ်)ပရိနိဗ္ဗာန်စံတော်မူမှ သတ္တိများကုန်ပါတော့တယ်။

◆◆◆◆◆◆◆◆◆

## ဆန္ဒရဲ့သတ္တိများလည်းလိုက်ပါတယ်

ဘုရားရှင်ရဲ့ ဘုရားဖြစ်တော်မူလိုသော ဆန္ဒတော်ဟာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းက ဖြစ်ခဲ့ပါတယ်။

ထိုဆန္ဒတော်ဓာတ်သတ္တိဟာ ပါရမီကောင်းမှုများကို ပြုတိုင်းပါနေပါတယ်၊ ဘုရားလောင်းကိုယ်တော်တိုင်က ငါသည် ဘုရားလောင်း လို့မသိသော်လည်း ဆန္ဒတော်သတ္တိကားပါမြဲပါနေသည်သာ ဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာသည် ပညာကြီးလိုသောဆန္ဒ၊ အရှင်မောဂ္ဂလာန်သည် တန်ခိုးကြီးလိုသောဆန္ဒတို့ဖြင့် ဆုတောင်းပြီးကုသိုလ်ပြုခဲ့ကြတယ်၊ ကုသိုလ်ပြုတိုင်း ထိုဆန္ဒတော်များသတ္တိပါနေ၍ နောက်ဆုံးဘဝ၌ဆန္ဒတော်ပြည့်ဝပြီး ပညာဧတဒဂ်၊ တန်ခိုးဧတဒဂ်ရသော ရဟန္တာကြီးများဖြစ်ကြရပါတယ်။

ယသောရော၊ ခေမာ၊ ဥပ္ပလဝဏ်၊ ဝိသာခါစသော အမျိုးသမီးများသည်လည်း သူတို့ဆုတောင်းခဲ့ကြသောဆန္ဒ အတိုင်း ကုသိုလ်ပြုတိုင်း ထိုသတ္တိများပါနေ၍ နောက်ဆုံးဆန္ဒ ပြည့်ဝကြရပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## မကောင်းမှုသတ္တိများသတိထားကြပါ

ကံသတ္တိလိုက်ရာမှာ ကောင်းမှုသတ္တိသာလိုက်သည် မဟုတ်ပါဘူး၊ မကောင်းသောသတ္တိများလည်း လိုက်ပါတတ် ကြပါတယ်။

အရှင်ဒေဝဒတ်သည် သာမန်ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ယခု အခါ အဝီစိကျရောက်နေရသော်လည်း အဝီစိမှလွတ်သော အခါမှာ ပစ္စေကဗုဒ္ဓါဖြစ်ရန် သေချာနေသောပုဂ္ဂိုလ်ဖြစ်ပါ တယ်။

လွန်ခဲ့သောသုံးကမ္ဘာလောကက ရွဲကုန်သည်ဘဝ တွင်ဖြစ်ခဲ့သောရန်ငြိုးကြောင့် သံသရာအဆက်ဆက်တွေလေ ရာဘဝ၌ ရန်ဘက်ဖြစ်ခဲ့ကြရပါတယ်။

နောက်ဆုံးဘဝတွင် ဝမ်းကွဲညီအကိုတော်လည်း ဖြစ်

ပါလျက် ဘုရားရှင်ရဲ့ဘုန်းကံဉာဏ်တော်ကိုလည်းသိပါလျက် ရှေးကရန်ငြိုးဖွဲ့ခဲ့သော ဒေါသသတ္တိကပါနေလေတော့ ရန်သူအဖြစ်သတ်မှတ်ကာ ဆန့်ကျင်ဘက်အမှုများကိုပြုဖြစ်အောင် ပြုခဲ့ပါတယ်။

တစ်ခါ့က အကုသိုလ်အလုပ်လုပ်မှ စီးပွားတက်၍ ကောင်းသောအလုပ်ကို ပြောင်းလွှဲ၍လုပ်သောအခါ စီးပွားဆုတ်ယုတ်သောကြောင့် အကုသိုလ်အလုပ်နှင့်အကျိုးပေးတယ်လို့ ပြောကြလေ့ရှိပါတယ်။

အကုသိုလ်မှန်လျှင် ကောင်းသောအကျိုးမပေးပါဘူး၊ အကုသိုလ်အလုပ်ဖြင့် အကျိုးပေးသူမှာ ထိုသူ၏အကုသိုလ်အလုပ်က ရှေးအကုသိုလ်ကံအခွင့်သာအောင် ပြုပေးခြင်းမှုသာဖြစ်ပါတယ်။

ရှေးကုသိုလ်ကံအခွင့်သာအောင်ပြုပေးသော အကုသိုလ်အလုပ်ကိုပင် "ပယောဂသမ္ပတ္တိ"လို့ဆိုရပါတယ်။

သို့သော် ထိုအကုသိုလ်ကံအလုပ်သည် ကံအသစ်ဖြစ်ပြန်၍ ထိုအလုပ်က နောက်နောင်ဘဝ၌ မကောင်းကျိုးပေးပါလိမ့်မယ်၊ တစ်ခါ့မှာ ယခုဘဝ၌ပင် ရှေးအကုသိုလ်ကံအခွင့်သာအောင် ရေလာမြောင်းပေးပြုလုပ်သကဲ့သို့ ဖြစ်ကြ

၍ယခုဘဝအကုသိုလ်သည် ရှေးအကုသိုလ်ကံအား အကူ အညီပေးပါတယ်။

ဥပမာ-လူတစ်ယောက်ဟာ ခိုးဝှက်တိုက်ခိုက်၍ ရွှေ ငွေရတယ်ဆိုပါစို့၊ ထိုရွှေ ငွေရခြင်းဟာ ရှေးကုသိုလ်ကံကြောင့် ရခြင်းဖြစ်ပါတယ်၊ ထိုသို့ ရှေးကုသိုလ်ကံအခွင့်သာအောင် ပြုပေးသော ခိုးမှုတိုက်မှုသည်ကား အကုသိုလ်ကံအသစ်ဖြစ် သောကြောင့် ယခုဘဝမှာပင် ဥစ္စာရှင်ကလက်ဦး၍ အသတ် ခံရခြင်း၊ ဖမ်းဆီးထောင်ချခံရခြင်း အကျိုးများပေးရန် ရှေးအကု သိုလ်ကံက အခွင့်သာအောင် ပြုပေးပြန်ပါတယ်။

အကုသိုလ်ကံဟာ ပြုပြီးလျှင်ပြီးချင်း ယခုချက်ချင်း အကျိုးမပေးနိုင်ပါဘူး၊ အဝေးကြာမှ ပေးသည်လည်းရှိတတ် ပါတယ်။

ဥပမာ-နွားမ မှညစ်ပြီးစ နို့ရည်ဟာ ချက်ခြင်းအချဉ်နံ့ ကိုမထွက်သေးပါဘူး၊ တစ်ရက်လောက်ကြာမှ အချဉ်နံ့ထွက် သကဲ့သို့ပင် ဖြစ်ပါတယ်။

အကုသိုလ်အကျိုးမပေးရသေးလျှင် ပြာဖုံးထားအပ် သောမီးခဲအစုကဲ့သို့ဖုံးလျက်ပင် အကုသိုလ်ရှင်ကို ပူလောင် လျက် လိုက်ပါနေတတ်ပါတယ် လို့ဘုရားရှင်က ဓမ္မပဒပါဠိ

ဝဂ်မှာ ဟောထားတာရှိပါတယ်။

အလားတူပင် အကုသိုလ်ကံသည် ချက်ခြင်းအကျိုး မပေးနိုင်သည့်အတွက် မကောင်းမှုပြုတုန်းဝယ် သာယာဖွယ် အရသာကို ပျားသကာလို့ထင်မှတ်၍ အထပ်ထပ်ပြုမိကြတော့တယ်၊ ထိုမကောင်းမှုအကျိုးပေးသောအခါ၌ကား မကောင်းမှုပြုစဉ်က သာယာခဲ့သောသုခနှင့် မကာမိအောင် ဒုက္ခအကြီးအကျယ်ကိုခံရတော့တယ် လို့ ဘုရားရှင်က ဓမ္မပဒဗာလဝဂ်မှာ ဟောထားခဲ့ပါတယ်။

မကောင်းမှုဒုစရိုက်များကို ပြုကျင့်နေငြားသော်လည်း ငါဟာလူမိုက်ဘဲ ဟုမိမိကိုယ်ကိုသိနေသူဟာ တဖြေးဖြေးထို မကောင်းမှုကိုစွန့်နိုင်စရာရှိပါတယ်၊ ထိုသို့စွန့်နိုင်သောအခါ လူလိမ္မာဖြစ်နိုင်ပါသေးတယ်၊ မကောင်းမှုများကိုပြုကာ လူမိုက်ဖြစ်ပါလျက် မိမိလုပ်တာကိုအကောင်းဟု ယူဆ၍ မိမိကိုယ်ကိုလူလိမ္မာဟုထင်နေသူကား သူ့အလုပ်ကိုဘယ်တော့မျှ စွန့်မည်မဟုတ်သောကြောင့် လူလိမ္မာမဖြစ်နိုင်၊ လူမိုက်သာ ဖြစ်နေတော့တယ် လို့ဘုရားရှင်က ဓမ္မပဒဗာလဝဂ်မှာ ဆက်ဟောထားပါတယ်။

မကောင်းတာကိုပြု၊ မကောင်းတာကိုပြော၊ မကောင်း

တာကိုကြံလေ့ရှိသောလူမိုက်သည် လောက၌တတ်သင့်သော ဝိဇ္ဇာ၊ သိပ္ပံတို့ကိုတတ်လျှင် ထိုအတတ်ကြောင့် သာ၍ပင် မကောင်းမှုပြုတတ်သည်၊ ရာထူးရလျှင်၊ အခြွေအရံများလျှင် စည်းစိမ်ပေါလျှင် ထိုရာထူး၊ အခြွေအရံ စည်းစိမ်အတွက်သာ၍ပင် မကောင်းမှုကိုပြုနိုင်သည်။

ထို့ကြောင့်လူမိုက်သည် ကောင်းသောအကျိုးကိုရစေကာမှ သူ့အတွက် အသိအလိမ္မာဉာဏ်ပညာတည်းဟူသော ဦးထိပ်ကိုအောက်သို့ငိုက်စိုက်ကျစေကာ ဖြူစင်သောကုသိုလ်အစုများ ပျက်ဖို့ရာသာရှိတော့တယ် လို့ လို့ဘုရားရှင်က ဓမ္မပဒဗာလဝဂ်မှာ ဟောထားခဲ့ပါသေးတယ်။

ယခုအခါ လူအများစုသည် ကာမာဝစရကုသိုလ်ကံကိုသာ အပြုများကြပါတယ်၊ ထိုကံမျိုးသည် အကျိုးပေးသောအခါ-

-အသက်ရှည်ခြင်း

-အဆင်းလှခြင်း

-ချမ်းသာကြီးခြင်း

-အခြွေအရံများခြင်း

-အစိုးရခြင်း

ဟူသော အရင်းခံအကျိုးငါးပါးနှင့်ခံစားဖို့ရာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့်အခြားကောင်းသောအရာများ ကို အကျိုးပေးပါတယ်။

အမြော်အမြင်ရှိသော၊ ပညာဗဟုသုတရှိသော ပုဂ္ဂိုလ်များဟာ ထိုအကျိုးပေးသမျှကိုသတိထား၍ အသုံးပြုသင့်သလောက်သာ အသုံးပြုကြပါတယ်၊ လက်ခံသင့်သလောက်သာ လက်ခံကြပါတယ်။

ထိုသို့သတိမထားဘဲ အမှတ်တမဲ့သုံးစွဲလက်ခံလျှင် ထိုကောင်းကျိုးချမ်းသာများသည်ပင် မကောင်းကံများအခွင့်ရအောင် သွေးဆောင်သကဲ့သို့ ဖြစ်တတ်ပါတယ်။

ချမ်းသာကြီးခြင်း၊ အခြွေအရံများခြင်း၊ ရာထူးဂုဏ်သိန်ရကြီးခြင်းများလည်း သတိထားတတ်သူ အမြော်အမြင်ရှိသူတို့မှာ အဆက်ဆက်ကောင်းကျိုးရပြီး သတိမထားတတ်သူ၊ အမြော်အမြင်ရှိသူတို့မှာ အကုသိုလ်အခွင့်အရေးသာ တတ်သောကြောင့် ဆိုးကျိုးများသာ ခံစားရတတ်ပါတယ်။

အဆင်းလှခြင်းသည် ရှေးကုသိုလ်ကံအကျိုးပေးခြင်း ဖြစ်၍ ကောင်းကျိုးပင်ဖြစ်ပါတယ်။

သို့သော် အဆင်းလှသူသည် ကိုယ့်ကိုယ်ကို အနေ

အထိုင်အသွားအလာမှစ၍ သိက္ခာရှိရှိ-က္ကန္ဒြေရရ နေထိုင် တတ်ရန် သတိထားသင့်ပါလျက် သတိမထားဘဲ သူတကာက အရေးထားသည်ကို မာနထားခြင်း၊ မထေမဲ့မြင်ပြုခြင်း၊ အလှ မာန်ယစ်၍သာယာခြင်း စသည်သတိမထားနေထိုင်သွားပါက ဤဘဝတွင်ပင် ပျက်စီး၍ဆင်းရဲဒုက္ခရောက်ရတတ်ပါတယ်။

ရှင်အာနန္ဒာလောင်းဟာ တစ်ခုသောဘဝမှာ ရုပ်ချော ဥစ္စာပေါသူဌေးသားတစ်ဦးဖြစ်ပြီး မိန်းမများက အရေးပေးသည် ကို သတိမထားဘဲ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိသည့် အတွက် အကုသိုလ်ဖြစ်ကာ ငရဲသို့ကျခံရတယ်၊ မိန်းမဟုတ် ယောကျ်ားမဟုတ်၊ မိန်းမရှာဖြစ်ခဲ့ရတယ်၊ မိန်းမဘဝကျရောက် ခဲ့ရခြင်းစသော အဆင်းအားကိုဖြင့် အကုသိုလ်အကျိုးများ ခံစားသွားရပါတယ်။

အလားတူ အစားကောင်း၊ အသောက်ကောင်း စား သောက်ရခြင်းသည် ရှေးကုသိုလ်ကံ၏အကျိုးပေးဖြစ်သော် လည်း မဆင်မခြင်သတိမထားသုံးစွဲပါက အစာမကြေရောဂါ ရတတ်ပါတယ်၊ ထိုအခါ ကုသိုလ်ကံအခွင့်သာ၍ ထိုရောဂါ ဒဏ်ကိုအတော်ခံရပြီး အချို့မှာ ထိုရောဂါဖြင့်ပင် သေရတတ် ပါတယ်။

အရက်သောက်ပြီး အန်ဖတ်ဆို့၍သေရခြင်း၊ ဇူဇကာ ပုဏ္ဏားကဲ့သို့ အစာစားပိုးနင့်ပြီး သေရခြင်းဟူသောဆိုးကျိုးများ ခံစားကြရပါတယ်။

ရှင်ဘုရင်တွင် မိဖုရားများစွာရရှိခံစားရခြင်းသည် ရှေး ကုသိုလ်ကံဖြစ်သော်လည်း ထိုကာမဂုဏ်အာရုံကိုသတိမထား ခံစားပါက ဒုက္ခဆင်းရဲပိုမိုခံစားရခြင်းဆိုးကျိုးသာ ရရှိတတ်ပါ တယ်။

အဲဒါကြောင့် ကောင်းကျိုးချမ်းသာအဖြာဖြာရလျှင် လည်း သတိထားပြီးသုံးစွဲတတ်ဖို့အလွန်အရေးကြီးလှပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## မိမိ၏ကိုယ်စိတ်ကိုကောင်းစွာထားတတ်ပါ

ပုဂ္ဂိုလ်တစ်ဦးတွင် ကိုယ်-စိတ်ဟူ၍ လောကဝေါဟာရ အားဖြင့် ရှိနေပါတယ်၊ ကိုယ်ကိုကောင်းစွာထားသူသည် ရဟန်းသံဃာ၊ ဆရာမိဘ၊ လူကြီးသူမတို့နှင့်ဆက်ဆံရာ၌ ရိုသေသောအမူအရာ၊ လေးစားသောအမူအရာ၊ ဂရုစိုက်သော ကိုယ်-နှုတ်အမူအရာဖြင့် ဆက်ဆံတတ်လေ့ရှိပါတယ်။

စိတ်ကိုကောင်းစွာထားသူသည် စီးပွားရှာမှီးရာ၊ ပေါင်းသင်းဆက်ဆံရာတို့၌ ဝိသမလောဘဟုခေါ်သော လွန်ကဲသောလောဘ၊ တရားသောလောဘကိုမဖြစ်အောင် သတိထားဆောင်ရွက်လေ့ရှိပါတယ်။

အဓမ္မရာဂဟုခေါ်သော မတရားသောတဏှာရာဂကို မဖြစ်အောင် သတိထားတတ်ပါတယ်။

ကိုယ့်ထက်သာမနာလိုသော ဣဿာ၊ သူတစ်ပါးကို မချမ်းသာစေလိုသောမစ္ဆရိယ၊ ဟန်ကြီးပန်ကြီးလုပ်တတ်သော မာနတို့မဖြစ်အောင် သတိထားလေ့ရှိပါတယ်။

အလွန်ပြင်းထန်သောဒေါသကိုမဖြစ်အောင် ချုပ်တည်းသည်းခံခြင်းကို ဖြစ်စေပါတယ်။

-သတ္တဝါတို့အပေါ်၌ ကျန်းမာချမ်းသာစေရန် မေတ္တာတရားကိုဖြစ်စေပါတယ်

-ဆင်းရဲသူကိုမြင်ရ-ကြားရလျှင် သနားခြင်းကရုဏာကိုဖြစ်စေပါတယ်

-ချမ်းသာသူကိုမြင်ရ-ကြားရသော် ဝမ်းမြောက်သော မုဒိတာကိုဖြစ်စေပါတယ်

-အရာရာ၌ စဉ်းစားနိုင်းချိန်တတ်သော ဉာဏ်ကိုရှေ့ သွားပြုစေပါတယ်

ဤသို့သော သတိထားဆောင်ရွက်မှုများဟာ စိတ်ကောင်းထားခြင်းပင် ဖြစ်ပါတယ်။

ထိုတရားကောင်းစုများကိုအခြေပြုပြီးမှ ဘာဝနာလမ်း ဌာန်းကိုပွားများနိုင်လျှင် သာ၍ကောင်းသောစိတ်ထားကောင်းခြင်း ရှိသည်မည်ပါတယ်။

ကိုယ်ကိုကောင်းစွာမထားသူသည် ရဟန်းကောင်း၊ သံဃာကောင်း၊ ဆရာကောင်း၊ မိဘဆွေမျိုးကြီးသူများ စသည်တို့နှင့်ဆက်ဆံရာဝယ် ရိုသေလေးစားသောအမူအရာ၊ ဂရုစိုက်သောအမူအရာကိုမပြဘဲ ဂရုမစိုက်မထေမဲ့မြင်သော အမူအရာတို့ဖြင့်သာ ဆက်ဆံတတ်လေ့ရှိပါတယ်။

စိတ်ကိုကောင်းစွာမထားသူလည်း ရာဂဖြစ်စရာမဟုတ်သည်တို့၌ ရာဂဖြစ်တတ်ပါတယ်။

ကိုယ့်တွက်၊ သူတွက်မမျှဘဲ (ဝိသမလောဘ)ကိုယ်က ချည်းလိုချင်တယ်၊ ဒေါသကြီးတယ်၊ စိတ်တိုတတ်တယ်၊ သည်းခံလိုစိတ်မရှိပါဘူး၊ ကိုယ့်ထက်သာလျှင် မနာလို(ဣဿ) ဖြစ်တတ်ပါတယ်။

-သူတစ်ပါးအပေါ် မောက်မာဝါးကြွားတတ်ပါတယ်။

-မိမိကိုယ်ကိုမြှောက်၍-မြှောက်၍ စကားပြောတတ်ပါတယ်။ (အတ္တုက္ကံသန)

-သူတစ်ပါးကိုအပြစ်ပြော၍ နှိမ့်ချစကားပြောတတ်ပါတယ်။(ပရဝမ္ဘန)

သတ္တဝါတို့အပေါ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာမရှိပါ

-ထိုသို့မိမိကိုယ်ကို ကောင်းစွာမဆောက်တည်နိုင်သော ပုဂ္ဂိုလ်ဟာ ကျေးဇူးရှင်ကိုပြစ်မှားရန် ဝန်မလေးတတ်တော့ပါဘူး၊ ရိုသေထိုက်သူကို မရိုသေ၊ မခန့်ငြား၊ မလေးမစားပြုတတ်ပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# စိတ်ထားမကောင်းခြင်းရဲ့အပြစ်ကိုသိပါ

လောက၌ အတူတူခိုးဆိုးမိုက်ဘက်နှစ်ဦးရှိရာတွင် တစ်ယောက်က သစ္စာဖောက်၍ အခြားတစ်ယောက်၏ပျက်စီးမှုကိုပြုလျှင် သို့မဟုတ် ရန်သူတစ်ယောက်က မိမိကိုပျက်စီးအောင်ပြုလျှင် ဥစ္စာကုန်အောင်၊ ထောင်ကျအောင်၊ အသတ်

ခံရအောင်အထိသာ ပြုနိုင်ပါတယ်။

နောက်နောင်ဘဝ၌ အပါယ်ကျအောင် အဆက်ဆက် ဒုက္ခရောက်အောင်ကား မပြုနိုင်ပါဘူး။

မိမိစိတ်ကိုကောင်းစွာမထားခြင်းသည်ကား ဤဘဝ၌လည်း ထောင်ကျအောင်၊ စီးပွားပျက်အောင်၊ သေကြေအောင်ပြုနိုင်သလို နောက်ဘဝအဆက်ဆက်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်အောင် လူဆင်းရဲဖြစ်အောင်ပြုနိုင်ပါတယ်။

အဲဒါကြောင့် မိမိစိတ်ကိုကောင်းစွာမထားခြင်းသည် မိမိကိုနှိပ်စက်သော ဤဘဝရန်သူထက်ပင် ကြောက်စရာကောင်းတယ် လို့ ဓမ္မပဒစိတ္တဝဂ်မှာ ဘုရားရှင်က ဟောကြားထားခဲ့ပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# စိတ်ထားကောင်းခြင်းရဲ့အကျိုးကိုသိပါ

လောကဝယ် မိမိရဲ့သားကို အသက်တမျှချစ်လှပါသည်ဆိုသောမိဘဆွေမျိုးတို့သည် မိမိတို့ရဲ့သားသမီးကို ချမ်းသာစေလိုလျှင် တစ်သက်တာချမ်းသာအောင် စီးပွားဥစ္စာများကိုပေးနိုင်ကြသော်လည်း စကြာမင်းဖြစ်အောင်ကိုမူ မတတ်နိုင်ကြပါဘူး။

မိမိစိတ်ကိုကောင်းစွာထားခြင်းဟာ သုစရိုက်တရားဆယ်ပါး၊ ပုညကြိယာဆယ်ပါး ဟူသော ကောင်းမှုကုသိုလ်များဖြစ်ကြသောကြောင့် ဤဘဝ၌လည်း စိတ်ချမ်းသာမှုကို ပေးနိုင်ပါတယ်၊ နောင်သံသရာအဆက်ဆက်၌လည်း လူ၊နတ်ချမ်းသာကို ပေးနိုင်ပါတယ်။

မဂ်၊ ဖိုလ်ရအောင် ပါရမီဖြည့်လိုသောစိတ်ကောင်းထားမယ်ဆိုရင် နိဗ္ဗာန်ချမ်းသာအထိ ကောင်းကျိုးကို ပေးနိုင်ပါတယ်။

ထို့ကြောင့် စိတ်ထားကောင်းခြင်းသည် မိဘဆွေမျိုးတို့ပေးနိုင်သောသုခထက် သာလွန်သောသုခကိုပေးနိုင်တယ်လို့ ဓမ္မပဒစိတ္တဝဂ်၌ ဘုရားရှင်ကဆက်၍ဟောကြားထားခဲ့ပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# စိတ်ထားနှင့်စရိုက်ကိုသိပါ

စိတ်စေတနာကောင်းရေးနှင့်ပတ်သက်၍ မိမိတို့၏ ရှေးရှေးဘဝက ကံပါလာသောဓာတ်သတ္တိထူးဟု ဆိုအပ်သော စရိုက်သဘောသဘာဝကိုလည်း လေ့လာသိရှိထားရန် လိုအပ်လှပါတယ်။

မိခင်တစ်ဦးတည်းကမွေးသောသားသမီးပင် ဖြစ်လင့်ကစား၊ တစ်ဦးနှင့်တစ်ဦးဟာ စရိုက်ခြင်းမတူကြပါဘူး။

-တစ်ဦးက ရာဂစရိုက်အားကြီးသူဖြစ်တတ်တယ်

-တစ်ဦးက ဒေါသစရိုက်ကြီးသူဖြစ်တတ်တယ်

-တစ်ဦးက မောဟစရိုက်ကြီးသူ၊ ထုံထိုင်းဖျင်းအသူ ဖြစ်တတ်တယ်

-တစ်ဦးက သဒ္ဓါတရားကောင်းသူဖြစ်တတ်တယ်

-တစ်ဦးက ပညာကောင်းသူဖြစ်တတ်တယ်

-တစ်ဦးက အကြံများပြီး အလုပ်မတွင်သူဖြစ်တတ်တယ်

-တစ်ဦးက ဘယ်တရားလွန်ကဲသည် ဟု မထင်ရှား တတ်သူဖြစ်တတ်တယ်

-တစ်ဦးက ရာဂလည်းကြီး၊ ဒေါသလည်းကြီး၊ သဒ္ဓါ လည်းကြီး၊ ပညာလည်းကြီးသူ ဟူ၍ ရောနှောကြီး သူဖြစ်တတ်တယ်

စသည်ဖြင့် စရိုက်အမျိုးမျိုးကွဲပြားနေပြီး စိတ်အမျိုးမျိုးကွဲပြား သည်ကိုလည်း သိရှိထားရန်လိုအပ်ပါတယ်။

ဤစရိုက်များတွင် လောဘ၊ ဒေါသ၊ မောဟ၊ဝိတက် ဟူသောစရိုက်များဟာ မကောင်းသောခံတတ်သတ္တိများ ဘဝ ဆက်တိုင်း လိုက်ပါစေနိုင်တယ်၊ ထိုသို့လိုက်ပါနေလျှင် နောက် နောက်ဘဝတို့မှာလည်း လောဘကြီးသူ၊ ဒေါသကြီးသူ၊ မော ဟကြီးသူ၊ ဝိတက်များသူဖြစ်နေဦးမှာပါဘဲ။

ထို့ကြောင့် တရားမှန်ကိုသိရှိနားလည်အောင်လုပ်၍ အထိုက်အလျောက် မကောင်းသောခံတတ်သတ္တိများ ဆက် လက်မတိုးပွားအောင် အကုန်အစင်ကင်း၍မသွားသော်လည်း သတ္တိပြယ်နိုင်သမျှပြယ်သွားအောင် ကြိုးစားရပါမယ်၊ ဤသို့ ပြယ်သွားအောင် ဘုရားရှင်က နည်းပေးထားတာကို လိုက်နာ ကျင့်သုံးရန်လိုအပ်လှပါတယ်။

-တဏှာ၊ ရာဂ၊ လောဘသတ္တိပြယ်အောင် ဆံပင်၊ မွေးညှင်းစသော(၃၂)ကောဋ္ဌာသနှင့် သူ့သေကောင်ကို အာရုံပြုသော အသုဘကမ္မဋ္ဌာန်းကို ပွားများရပါမယ်။

-ဒေါသသတ္တိပြယ်အောင်မေတ္တာကိုနှလုံးသွင်းရပါမယ်။

-မောဟသတ္တိပြယ်အောင် အာနပါန(ထွက်သက်ဝင်သက်)ကို ပွားများရပါမယ်။

-ဝိတက်သတ္တိပြယ်အောင် ဝိတက်၏တောင်တောင်မြောက်မြောက်ကြံစည်မှုကို ငြိမ်သက်အောင် အာနပါနကိုပင်ပွားများရပါမယ်။

-သဒ္ဓါ၊ ပညာဆိုတဲ့စရိုက်နှစ်ပါးက တိုးလေကောင်းလေဖြစ်ပါတယ်၊ ထို့ကြောင့် မိမိ၏စိတ်အစဉ်၌ သဒ္ဓါဓာတ်တိုးပွားအောင် ဘုရားဂုဏ်တော်များ၊ တရားဂုဏ်တော်များ၊ သံဃာဂုဏ်တော်များကို တိုး၍ရွတ်ပွားကြည်ညိုရပါမယ်။

ထိုသဒ္ဓါဓာတ်နှင့်ကောင်းသော ဆန္ဒဓာတ်များကိန်းအောင်းနေသူသည် ဘဝအဆက်ဆက်၌ အယူမှားသူလည်း မဖြစ်နိုင်တော့ပါ၊ ပါရမီကုသိုလ်ချည်းသာပြု၍ မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ မျက်မှောက်ပြုဖို့သာ ရှိပါတော့တယ်။

အဲဒါကြောင့် မကောင်းတဲ့အကုသိုလ်တွေ မဖြစ်ပွား ရလေအောင် မကောင်းတဲ့စရိုက်ဆိုးတွေကို ပယ်နိုင်အောင် ကြိုးစားသွားရပါမယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ကြီးပွားချမ်းသာလိုလျှင်စိတ်ကိုဆင်ခြင်ပါ

လူပုဂ္ဂိုလ်တို့၏ကိုယ်၌ ရုပ်ဓာတ်၊ နာမ်ဓာတ်နှစ်မျိုးရှိ ရာ နာမ်ဓာတ်သည် လိုရင်းပဓာနဖြစ်ပြီး ဦးစီးဦးဆောင်ဖြစ် ပါတယ်။

ထိုစိတ်ဓာတ်ဖြောင့်မတ်ကောင်းမွန်ပါလျှင် ကိုယ်ဖြင့် ပြုအပ်သော ကာယကံမှု၊ နှုတ်ဖြင့်ပြုအပ်သောဝစီကံမှု၊ စိတ် ဖြင့်ပြုအပ်သောမနောကံမှုတို့သည် အပြစ်ကင်းရှင်းပြီး ကောင်း မွန်မြင့်မြတ်ခြင်းသို့ ရောက်ပါမယ်။

လောက၌ မည်သူမဆိုစိတ်ဓာတ်မြင့်မြတ်ပြီး ကောင်း မွန်သူကိုလူတိုင်းခင်မင်ကြပါတယ်၊ ယုံကြည်အားကိုးလိုကြပါ တယ်၊ မရိုးမသားမဖြောင့်မတ်သူ၊ ကောက်ကျစ်စဉ်းလဲသူကို စက်ဆုပ်ရွံရှာဖွယ်သဘောထားပြီး အဝေးကရှောင်ကြဉ်ကြ လေ့ရှိကြပါတယ်။

လောက၌ ရှိရှိသမျှသောသတ္တဝါအပေါင်းတို့သည် ရိုးသားဖြောင့်မတ်သောစိတ်ကောင်းမမွေးမြူနိုင်သောကြောင့် မျက်မှောက်လောက၌ဖြစ်စေ၊ နောင်တမလွန်ဘဝ၌ဖြစ်စေ၊ ဆင်းရဲမျိုးစုံ တွေ့ကြုံနေရခြင်းဖြစ်ပါတယ်။

အပါယ်လေးပါးဟူသောဆင်းရဲကြီးသည် စိတ်နေစိတ်ထားမရိုးဖြောင့်သူတို့ကိုသာ ဖိစီးနှိပ်စက်တတ်ပါတယ်၊ စိတ်နေစိတ်ထား ရိုးဖြောင့်သူတို့ကိုကား အပါယ်လေးပါးသည် မဖိစီးမနှိပ်စက်နိုင်ပါဘူး။

မရိုးဖြောင့်မကောင်းသောစိတ်ဓာတ်သည် မကောင်းသောအနိဋ္ဌာရုံအမျိုးမျိုးကို တမင်ဆိုက်ရောက်အောင် သွေးဆောင်ခေါ်ယူတတ်ပါတယ်။

ရိုးသားဖြောင့်မတ်စိတ်ဓာတ်မြင့်မြတ်ခြင်းရဲ့ အန္တရာယ်ဟာ မာယာနှင့်သာဌေယျတို့ပင် ဖြစ်ပါတယ်။

မာယာဆိုသည်က မိမိမှာရှိသောအပြစ်ကို ဖုံးကွယ်ကာအပြစ်မရှိသောပုံသဏ္ဌာန်ဟန်ဆောင်ခြင်း ဖြစ်ပါတယ်။

သာဌေယျဆိုသည်က မိမိ၌မရှိသော သီလ၊ ပညာ၊ ဥစ္စာစသည်တို့ တကယ်မရှိဘဲ ရှိသည့်ဟန် ကြံဖန်ဟန်ဆောင်ခြင်းမျိုး ဖြစ်ပါတယ်။

လောဘတရားကိုအခြေခံထားပြီး ဒေါသတရားများ တဖွားဖွားပေါ်ကြကာ စားဝတ်နေရေးကိုဖွေရှာနေကြရ၍ တရားပျက်နေကြသော လူသားများအဖို့ အပါယ်ဘုံသား တရားခံများဖြစ်ကြမည်မှာ အမှန်ပင်ဖြစ်ပါတယ်။

ဤလောကဝယ် ပုဂ္ဂိုလ်တိုင်းကြီးပွားချမ်းသာလိုကြပါ တယ်၊ သို့အတွက် စိတ်ကိုစေစား၍ အမျိုးမျိုးကြံဆပြီးလုပ် ကိုင်ဆောင်ရွက်နေကြပါတယ်။

အချို့က ကြီးပွားလို၍ မိမိစိတ်က အခြားသူကိုအား ကိုးလိုသောစိတ်များပေါ်လာပြီး ဗေဒင်ဆရာ၊ လက္ခဏာဆရာ၊ အခါပေးဆရာ၊ သမထဆရာ၊ ဘိုးတော်မယ်တော်စသည်များ ထံ အကူအညီတောင်း၍ ယကြာချေခြင်း၊ ပန်းသက်စေ့ကပ် ခြင်း ၊ရေသက်စေ့လောင်းခြင်းစသည်များကို ပြုလုပ်တတ်ကြ ပါတယ်၊ ထိုသို့ပြုလုပ်မှုအမှန်မှာ မိမိစိတ်ကိုယုံကြည်မှုစိတ် ဓာတ်ပြုပြင်ပြောင်းလဲမှုမြင့်တင်ပေးခြင်းသဘောဖြစ်သည်ကို မစဉ်းစားမိကြပါဘူး၊ ထိုသို့ ယကြာချေပြီး မိမိကပင် ယုံကြည် စွာနှင့်ပြုလုပ်ကြ၍ ကြိုးစားအားထုတ်ကြ၍ အောင်မြင်မှုရ သည်ကို သတိမထားမိကြပါဘူး။

အမှန်ကြီးပွားချမ်းသာလိုသူသည် မိမိ၏စိတ်ကိုနိုင် အောင်ထိန်းသိမ်းနိုင်သူ ဖြစ်ရပါမယ်။

-လောကတွင် စိတ်ထက်အကျိုးမဲ့ဖြစ်ထွန်းနိုင်စေသော တရားသည်မရှိပါ

-စိတ်ထက် ကောင်းကျိုးဖြစ်ထွန်းပေါ်ပေါက်လာသောတရားသည်လည်းမရှိပါ

-စိတ်ထက်ချမ်းသာသုခကိုဆောင်နိုင်သောတရား မရှိပါ

-စိတ်ထက်ဒုက္ခကိုဖြစ်စေသော ဆင်းရဲတရားသည် လည်းမရှိပါ

ဟု ဆိုထားသောကြောင့် စိတ်သည်သာလျှင် ကောင်းကျိုးချမ်းသာနှင့်ဆင်းရဲဒုက္ခအမျိုးမျိုးကိုဖြစ်စေနိုင်သည့်အတွက် မိမိစိတ်ကိုဖြူစင်ဖြောင့်မတ်ကောင်းမြတ်အောင် ပြုပြင်ထိုက်ပါတယ်။

လူအပေါင်းတို့ဟာ စိတ်လိုက်မာန်ပါပြုခြင်း၊ စိတ်ကိုအလိုလိုက်ခြင်းဖြင့် သွားလာနေထိုင်ကြပြီး အပျော်အပါးတို့ဖြင့်သာအချိန်ကုန်နေကြပါတယ်။

ထိုသို့ပြုမူနေထိုင်ခြင်းဟာ စိတ်ကိုမထိန်းနိုင်ကြ၍ ဖြစ်ပါတယ်၊ စိတ်ကိုမထိန်းနိုင်ပါက ကြီးပွားချမ်းသာရန်အကြောင်း မရှိပါဘူး။

မိမိစိတ်ကိုမထိန်းသိမ်းနိုင်သောသူဟာ သူတစ်ပါးကို လည်းထိန်းသိမ်းနိုင်မည်မဟုတ်ပါဘူး၊ သူတစ်ပါးကိုမထိန်း သိမ်းနိုင်ပါက ထိုသူသည်လူကြီးတစ်ယောက်၊ ခေါင်းဆောင် ကောင်းတစ်ယောက်မဖြစ်နိုင်ပါချေ။

ပြောချင်ရာကိုမပြောခြင်း၊ လုပ်ချင်ရာကိုမလုပ်ခြင်း၊ စိတ်လိုက်မာန်ပါမပြုခြင်းများသည် စိတ်ကိုထိန်းခြင်းဟု အချုပ် အားဖြင့်မှတ်သားရပါမယ်။

ဆုံးမနိုင်ခဲသောတရားတို့တွင် မိမိ၏စိတ်ကိုဆုံးမနိုင် ခြင်းသည် အမြတ်ဆုံးဖြစ်သည်၊ မိမိစိတ်ကိုဆုံးမနိုင်ခြင်းအား ဖြင့် ယဉ်ကျေးမှုအဖြစ်သို့ စိတ်ဓာတ်ရောက်သွားလျှင် ချမ်းသာ သုခအမျိုးမျိုးကိုပြီးစေ၍သိဒ္ဓိအလုံးစုံအကုန်ပေါက်နိုင်ပါတယ်။

စိတ်ကိုမထိန်းသိမ်းနိုင်သောသူသည် စိတ်အားသတ္တိ အမြဲဆုတ်ယုတ်သည့်ပြင် စိတ်ကြောင့် ခန္ဓာကိုယ်ပါ ကြေနိုင် ပါတယ်။

စိတ်မထိန်းသိမ်းနိုင်သူများ၏ပြုမူပြောဆိုပုံမှာ အမြဲ မငြိမ်မသက်လှိုင်းထနေသောရေနှင့်တူပါတယ်၊ ထိုလူမျိုး၏ စိတ်သည် ချိန်သားမကျတတ်ပါ၊ သတိဉာဏ်သည် ကင်းလွတ် နေစမြဲဖြစ်ပါတယ်၊ မစဉ်းစားမဆင်ခြင် မိုက်မိုက်ကန်းကန်းပြု

မူတတ်ပါတယ်၊ ကြောက်စရာရှိလျှင် အလွန်ကြောက်တတ်ပါ တယ်၊ ဤကဲ့သို့သောဆိုးကျိုးများ ဖြစ်ပေါ်တတ်ပါတယ်။ ထို့ကြောင့်

-စိတ်နောက်က လူနောက်ပါတယ်

-စိတ်မိုက်က လူမိုက်ပါတယ်

-စိတ်ဆိုးက လူဆိုးပါတယ်

စိတ်ကိုထိန်းသိမ်းနိုင်သောသူ၏အိမ်သည် အမြဲသာ ယာသောအိမ်ဖြစ်ရပါတယ်၊ ဒေါသမီး၊ မာနမီး၊ ဂုဏ်ပြိုင်လို သောမီးများ၊ မနာလိုသောမီး၊ မခံချင်သောမီး၊ အကြောက်မီး၊ လိုချင်ရာကိုချက်ချင်းမရသဖြင့် ဆင်းရဲရသောမီးတို့ဖြင့် ရှို့မြိုက် ခြင်းခံရသောကြောင့် အစဉ်မပြတ်ဆင်းရဲငြိုငြင်နေရသော အိမ်ဖြစ်တတ်ပါတယ်။

အမိုးကောင်းစွာမမိုးသောအိမ်၌ မိုးရေပေါက်များ အလွယ်တကူယိုစီးကျနိုင်သကဲ့သို့ စိတ်ကိုမထိန်းနိုင်သော(ဝါ) စိတ်ကိုငြိမ်းအောင် သမထဝိပဿနာမပွားနိုင်သောသူ၏စိတ် တွင်းသို့မကောင်းမှုအညစ်အကြေးများ အလွယ်တကူဝင်၍ ယိုစီးနိုင်ပါတယ်။

စိတ်ကောင်းနှလုံးကောင်းထားနိုင်သောသူသည် မျက်

မှောက်ဘဝ၌ပင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လူအပေါင်းတို့၏ကြည်ညိုခြင်းကိုခံရတတ်ပါတယ်၊ မိမိ၏စိတ်ကိုနိုင်သလောက်စိတ်ချမ်းသာမှုကို ခံစားရရှိကြပါတယ်။

စိတ်ချမ်းသာမှုလည်း လူချမ်းသာဖြစ်နိုင်ပါတယ်၊ မည်သည့်အကောင်းအဆိုးမဆိုမှန်သမျှသည် စိတ်၏ဖန်တီးမှုကြောင့်သာ ဖြစ်ရပါတယ်၊ မိမိစိတ်ကိုချိုးနှိမ်ဆုံးမသောသူ၏အလုပ်သည်သာ အလုံးစုံစိတ်ချရ၍ နောက်ဆုံးလိုရာခရီးရောက်နိုင်ပါတယ်။

ထို့ကြောင့် မိမိ၏စိတ်ကိုတည်ငြိမ်မှု၊ ကြီးပွားချမ်းသာမှုတို့ကို အလိုရှိသောသူတို့သည် မိမိ၏စိတ်ကိုထိန်းသိမ်းနိုင်အောင် ကြိုးစားကြရမည်သာဖြစ်ပါတယ်။

"ပါပသ္မိံရမတိမနော" ဆိုသည့်အတိုင်း စိတ်သည်မကောင်းမှုအာရုံ၌သာ မွေ့လျော်တတ်သောသဘောရှိနေပါတယ်။

သဘာဝအားဖြင့် မကောင်းမှုအာရုံ၌မွေ့လျော်နေတတ်သောစိတ်ကို ကောင်းမှုအာရုံဘက်သို့ရောက်အောင်ပြုလုပ်ရာ၌ ရေဆန်တို့၌လှေကိုလှော်ရသကဲ့သို့ ကောင်းဘက်အာရုံပေါ်သို့ရောက်အောင် ပင်ပန်းကြီးစွာဖြင့် တင်ပေးရလေ့ရှိပါတယ်။

ငွေပေးကြည့်ရသောဇာတ်ပွဲ၊ ရုပ်ရှင်ပွဲ၊ ပျော်ရွှင်ပွဲနှင့် ငွေမပေးရသောတရားပွဲတို့နှိုင်းယှဉ်ကြည့်ပါက မည်သည့်ပွဲက လူများသည်ကို သတိထား၍ကြည့်ပါက သိသာလှပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# စိတ်ကိုထိန်းသိမ်းနည်းများ

ကိုယ်ကောင်း-စိတ်ကောင်းတွေ မိမိသန္တာန်မှာ ဖြစ်ပေါ်လာအောင် ထိန်းသိမ်းစောင့်ရှောက်တတ်ဖို့လိုပါတယ်။

ဘယ်လိုထိန်းသိမ်းကြမလဲဆိုလျှင် စိတ်ကိုထိန်းသိမ်းနည်း (၃)မျိုးဖြင့် ထိန်းသိမ်းနိုင်ပါတယ်။

## (၁) သာမန်ရိုးရိုးထိန်းသိမ်းနည်း

စိတ်ကိုထိန်းသိမ်းနိုင်ရန်အတွက် ဦးစွာမိမိသန္တာန်၌ဖြစ်ပေါ်နေသောစိတ်ကို သတိဖြင့်ရှုကြည့်ပါ။

ကုသိုလ်စိတ်ဖြစ်နေသလား၊ အကုသိုလ်စိတ်ဖြစ်နေသလား၊ ပညာမျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ပါ။

အကုသိုလ်စိတ်ကိုသိမြင်သည်နှင့်တစ်ပြိုင်နက်ထဲ

အကုသိုလ်အာရုံအမျိုးမျိုးတို့ မဝင်ရောက်ရလေအောင် အကုသိုလ်အမှုမပြုမိအောင် သတိသမ္ဗဇဉ်တရားဖြင့် ထိန်းသိမ်းတတ်ရပါမယ်။

မတရားလောဘ၊ အဓမ္မရာဂတွေဖြစ်လာလျှင် အလောဘတွေ၊ ဓမ္မတွေဖြစ်ပေါ်လာအောင် သတိဖြင့်ဆင်ခြင်ထိန်းသိမ်းတတ်ရပါမယ်။

ပြင်းထန်သောဒေါသတွေ၊ အာဃာတတွေဖြစ်ပေါ်လာလျှင် အဒေါသတွေဖြစ်လာအောင် မေတ္တာဖြင့်ဆင်ခြင်ထိန်းသိမ်းရပါမယ်။

တွေဝေမှုမောဟတွေဖြစ်ပေါ်လာလျှင် အမောဟတွေဖြစ်ပေါ်လာအောင် ပညာဖြင့်ဆင်ခြင်ထိန်းသိမ်းတတ်ရပါမယ်။

ဤကဲ့သို့အကုသိုလ်စိတ်အာရုံဖြစ်တိုင်း-ဖြစ်တိုင်း ကုသိုလ်စိတ်အာရုံများဖြင့် ဆင်ခြင်ထိန်းသိမ်းတတ်ရပါမယ်။

## (၂) သမထဘာဝနာဖြင့်ထိန်းသိမ်းနည်း

မိမိစိတ်ကိုအကုသိုလ်အာရုံအမျိုးမျိုးသို့ မရောက်ရလေအောင် အာနပါနကမ္မဋ္ဌာန်း(ထွက်သက်ဝင်သက်)နည်းဖြင့် တစ်စိတ်တည်း တစ်အာရုံတည်းတည်နေအောင် ရှုမှတ်ထိန်း

သိမ်းနေရမယ်။

သို့မဟုတ် ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်းစသော(၃၂)ပါးသောကောဋ္ဌာသကမ္မဋ္ဌာန်း(သို့မဟုတ်)အခြားမိမိနှင့်သင့်တော်သောကမ္မဋ္ဌာန်း(၄၀)နည်းတွင် တစ်နည်းနည်းဖြင့်ရှုမှတ်၍ တစ်စိတ်တည်း တစ်အာရုံတည်းဖြစ်အောင်ရှုမှတ် ထိန်းသိမ်းရပါမယ်။

ထိုသို့ရှုမှတ်ပွားများမှု များပြားလာသောအခါ စိတ်သမာဓိအားကောင်းပြီး အကုသိုလ်စင်ကြယ်လာကာ လောကီစျာန်သမာဓိအဆင့်သို့ပင် ရောက်ရှိနိုင်ပါသည်။

## (၃) ဝိပဿနာဘာဝနာဖြင့်ထိန်းသိမ်းနည်း

မိမိ၌ တဏှာလောဘစသည်နှင့်ယှဉ်သောစိတ်ဖြစ်နေလျှင်လည်းဖြစ်နေသည်ဟု မိမိကိုယ်ကိုသိရပါမည်၊ အခြားသောဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယစသောစိတ်များဖြစ်နေလျှင်လည်း ဖြစ်နေမှန်းသိရပါမယ်။

မိမိစိတ်တွင်ဖြစ်ပေါ်နေသောစိတ်အစဉ်ကို အစဉ်မပြတ်သိရှိနေစေရန် သတိပဋ္ဌာန်ပြဋ္ဌာန်းသောစိတ်ဖြင့် ဝိပဿနာရှုမှတ်နေရပါမည်။

ထိုသို့ဝိပဿနာရှုမှတ်မှုရင့်သန်လာသောအခါ-

"စိတ်ကိုကောင်းစွာစောင့်ရှောက်နိုင်က ချမ်းသာမှုကို ဆောင်နိုင်သည်"

လို့ ဓမ္မပဒမှာ ဘုရားရှင်ဟောကြားထားသည့်အတိုင်း နောက်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်သို့ပင် ဆိုက်ရောက်နိုင်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## ဝင့်ဆိုတာမိမိပြုသောကံအမှုပါ

မြန်မာတို့၏ဝေါဟာရမှာ ဝဋ်လည်တတ်တယ် ကံနာ၊ ဝဋ်နာ ဟူသောစကားအသုံးအနှုန်းရှိပါတယ်။

ထိုစကားအသုံးအနှုန်းသည် အတိတ်ဘဝကမိမိပြုခဲ့သောအကုသိုလ်ကံကြောင့် ကြမ္မာဝဋ်ကံပြန်ခံစားရသည်ကို တင်စားခေါ်ဝေါ်သုံးစွဲခဲ့သောစကားဖြစ်ပါတယ်။

ဥပမာ -ဘုရားရှင်ဝိပါက်တော် (၁၂)ပါးခံစားရခြင်း

-ရှင်မောဂ္ဂလာန်မထေရ်ခိုးသားရိုက်ခံ သေရခြင်း

-စက္ခုပါလမထေရ်မျက်စိကန်းရခြင်း

-ပူတိဂတ္တမထေရ်ကိုယ်ခန္ဓာပုပ်ပွခံရခြင်း

-ရဟန်းခုနှစ်ပါးဂူပိတ်ခံရခြင်း

-လောသကတိဿမထေရ်ဆွမ်းငတ်ခံရခြင်း

စသည်တို့ဟာ အတိတ်ဘဝကပြုခဲ့သော အကုသိုလ်ကံများက လိုက်ပြီးအကျိုးပေးခွင့်ကြုံပြီး အကျိုးပေးကြသောကြောင့် ယခုဘဝမှာဝဋ်လည်ခြင်း၊ ကံနာဝဋ်နာခံစားရခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ဘုရားရှင်ရဲ့ပထမဝိပါက်တော်မှာ ဇောတိပါလလုလင်ဘဝမှာ ကဿပဘုရားရှင်ကိုဘုရားဖြစ်အောင် ဘယ်လောက်ကျင့်ရသလဲလို့မေးတော့ အမေးခံရသူက(၆)ရက်ရတယ်လို့ ဖြေတာကို ငါကျရင်(၆)နှစ်ကျင့်မယ်လို့ ဝစီဗေဒစကားကြောင့် မိမိဘဝမှာ ဒုက္ကရစရိယ(၆)နှစ်ကျင့်ခဲ့ရတယ်၊ အလားတူဘဲ ဝိပါက်တော်များဟာ အတိတ်ကပြုခဲ့သောအကုသိုလ်ဝဋ်ကြွေးတွေလိုက်ပြီး ခံရတာပါဘဲ။

-ရှင်မောဂ္ဂလာန်မထေရ်ဆိုလည်း အတိတ်ဘဝက မိဘကိုစော်ကားခဲ့တဲ့ အကုသိုလ်ဝဋ်ကြွေးလိုက်ခဲ့တာဖြစ်တယ်။

-စက္ခုပါလမထေရ်ဆိုလည်း အတိတ်ဘဝက ဆေးဆရာဖြစ်ပြီး ဆေးဖိုးမပေးသူကို မျက်စိကန်း ဆေးခတ်ခဲ့တဲ့အကုသိုလ်ဝဋ်ကြွေးလိုက်ခဲ့သော ဖြစ်တယ်။

-ပူတိဂတ္တမထေရ်ဆိုလျှင်လည်း အတိတ်ဘဝက ငှက်ကလေးတွေကိုမပျံနိုင်အောင် ခြေဖြတ်၊ အတောင်ဖြတ်ပြုလုပ်ခဲ့တဲ့ အကုသိုလ်ဝဋ်ကြွေးလိုက် ခံရတာဖြစ်တယ်။

-ရဟန်းခုနှစ်ပါးဆိုရင်လည်း အတိတ်ဘဝက ဖွတ်တစ်ကောင်းကိုတောင်ပို့ထဲမှာ အစာရေစာငတ်ပြတ် ခုနှစ်ရက်ပိတ်ခဲ့တဲ့ အကုသိုလ်ဝဋ်ကြွေးလိုက်ခံရတာ ဖြစ်တယ်။

-လောသကတိဿမထေရ်ဆိုရင်လည်း အတိတ်ဘဝ က ရဟန္တာအတွက် မိမိဒါယကာကလှူလိုက်သော ဆွမ်းကို မနာလိုဝန်တိုစိတ်ဖြင့် ရဟန္တာကိုမလှူဘဲ မီးပုံထဲပစ်ချခဲ့တဲ့အကုသိုလ်ဝဋ်ကြွေးလိုက်ခံရတာ ဖြစ်တယ်။

အဲဒီလိုဝဋ်ကြွေးလိုက်ခံရတဲ့ပုဂ္ဂိုလ်တွေ ခံစားရတာကို

ဝင်ရလည်တယ်၊ ကံနာ၊ ဝဋ်နာဖြစ်တယ်လို့ ဆိုကြပါတယ်။

ဤဘဝမှာပင် လက်တွေ့ခံစားရတဲ့ဆင်းရဲဒုက္ခတွေ ရောဂါဘယတွေ၊ အသေဆိုးနှင့်သေရတာတွေအားလုံးကို ဒိဋ္ဌဓမ္မဝဋ်လည်တယ်၊ ဒိဋ္ဌဓမ္မဝဋ်လိုက်တာခံရတယ် လို့ဆိုပါတယ်။

လောကသဘာဝနိယာမတရားအရ မိမိပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ကံအကျိုးဟာ မိမိနောက်သို့ အရိပ်သဖွယ်အမြဲလိုက်တတ်တဲ့သဘာဝပါဘဲ၊ ဘုရားရှင်ကလည်း စက္ခုပါလမထေရ်ဝတ္ထုမှာ အတိအလင်းကို ဟောကြားထားပါတယ်။

မည်သည့်ပုဂ္ဂိုလ်မဆို ဘုရားရဟန္တာအပါအဝင် သံသရာတစ်လျှောက်မှာ မိမိပြုခဲ့တဲ့အကုသိုလ်ဝဋ်ကြွေးတွေရှိက မိမိသည်သံသရာဝဋ်က လွတ်ကာနီး နိဗ္ဗာန်ဝင်တော့မယ်ဆိုရင် ထိုအကုသိုလ်ဝဋ်ကြွေးများကျန်နေခဲ့သေးရင် အကြွေအလည်ပေးဆပ်သွားရပါတယ်၊ အကြွေအလည်ပေးဆပ်သွားပြီးမှသာ သံသရာမှကူးမြောက်နိုင်ပါတယ်။

အနန္တတန်ခိုးတော်ရှင် သဗ္ဗညုတဘုရားရှင်သခင်တော်မှ ပြုခဲ့တဲ့အကုသိုလ်ဝဋ်ကြွေးကျန်၍ ဝိပါက်တော်(၁၂)ပါးမှာ

ပေးဆပ်သွားရတာကိုသတိပြုကြပါ။

မိမိတို့ဘဝအကုသိုလ်ဝဋ်ကြွေးတွေမတင်အောင် ပြန်မဆပ်ရလေအောင် မိမိတို့ဘဝ၏အခြေအနေနှင့် ကံ-ကံ၏အကျိုးတွေကို မိမိတို့သိအောင်လုပ်ထားနိုင်ရပါမယ်၊ သိပြီးလျှင် အကုသိုလ်တွေမပြုမိအောင် မပြစ်မှားထိုက်သောသူများမပြစ်မှားမိအောင် သတိဆောင်ပြီးဉာဏ်နှင့်ယှဉ်ကာ ကြိုးစားရှောင်ကြဉ်ဆောက်တည်ရပါမယ်။

ဤသို့ သတိတင်ဉာဏ်ရှင် ဆောက်တည်နိုင်ရန်အတွက် မိမိ၏ဘဝဖြစ်ပေါ်မှုနှင့်ကံ-ကံ၏အကျိုးကိုသိသာနိုင်ရန် ကောင်းမှုအကျိုး၊ မကောင်းမှုဆိုးကျိုးတို့ကို သိရှိသဘောပေါက်နိုင်ရန် ကံကြမ္မာစက်ကွင်းလွတ်ကင်းနိုင်ရန်နည်းလမ်းကိုတင်ပြရခြင်းဖြစ်ပါတယ်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# ပြစ်မှားမှုများသည်မိမိအတွက် အဆိပ်သင့်သည်မည်၏

လူတွင် လတ်တလောသေစေတတ်သော ဓာတုလက်နက်အဆိပ်များ၊ ပိုးသတ်ဆေးများ၊ စိန်နှင့်သံမှုရောပါလော ပိန့်နှင့်ဥဒေါင်းသား၊ ခိုသားနှင့်မုန်ညင်းဆီ၊သင်ဥနှင့်ဝက်သား၊ ခံသီးနှင့်ဘဲဥ၊ ဖရဲသီးနှင့်ဘဲဥစသောအာဟာရမှဖြစ်ပေါ်သော အဆိပ်များ၊ အနံ့မြူမှုယိုစိမ့်သောဓာတ်ငွေ့များ စသည်များကို လူအများက အဆိပ်သင့်သည်ဟု ဆိုကြပါသည်။

၎င်းအဆိပ်များသည် ထင်ရှားသောအဆိပ်များဖြစ်ပါသည်၊ ၎င်းလောကတွင် အဆိပ်မမည်သောအဆိပ်များရှိပါသည်၊ ထိုအဆိပ်များကိုလူတို့ကအဆိပ်ဟု မထင်မှတ်ကြပါ။

ဘုရားဟောဒေသနာအရ အဆိပ်ဟူသည် လည်ချောင်းမှတစ်ဆင့် အစာအိမ်ရောက်မှ အန္တရာယ်ဖြစ်သော အဆိပ်မှအဆိပ်မဟုတ်ပါ၊ မြင်ရာ၊ကြားရာ၊နမ်းရှူရာ၊လျက်ရာ၊ ထိတွေ့ရာအာရုံငါးပါးတို့မှဖြစ်ပေါ်ခံစားဆောင်ရွက်မှုများသည်လည်း အဆိပ်မည်ပါသည်။

ဘုရားရှင်က ကုမ္ဘိယဇာတ်၌ သာသနာတော်၌ မြဲနေ့

သောရဟာန်းကိုဆုံးမရာ၌-

"လူတို့၌ ကာမဂုဏ်ငါးပါးတို့၏အပေါင်းတို့သည် အဆိပ်မည်၏၊ ထိုကာမဂုဏ်ငါးပါးဟူသောအဆိပ်သည် အာမိသလည်းဖြစ်၏၊အနှောင်အဖွဲ့လည်းဖြစ်၏၊ ကိုယ်တည်းဟူသောလိုဏ်၌အောင်းတတ်သော သေမင်းနှင့်တူ၏"

ဟူ၍ ဟောတော်မူခဲ့ပါသည်။

ဤဖော်ကတော်အရ ကာမဂုဏ်ငါးပါးတို့သည် အဆိပ်မည်၏။

ဝေရဃနိပါတ်စူဠနာရဒဇာတ်၌ ဖခင်ရသေ့က သားငယ်ရသေ့အား အဆိပ်ကိုမမှီဝဲရန်ဆုံးမသည်၊ သားငယ်က အဘယ်အရာဟာ အဆိပ်ပါလဲ ဟုမေးရာ-

"ချစ်သား---လောက၌အရက်ကို သုရာဟုဆိုအပ်၏၊ စိတ်ကိုနှစ်သက်စေတတ်၏၊ ကောင်းသောအနံ့လည်းရှိ၏၊ ရဲရင့်သောအဖြစ်သို့လည်းရောက်စေတတ်၏၊သာယာအပ်သောယင်ပျားအရသာနှင့်တူ၏၊ထိုအရက်ကို မြတ်သောအကျင့်-ကျင့်သူတို့၏ အဆိပ် ဟုမှတ်အပ်၏"

ဤဇာတ်တော်အလိုအရ အရက်ကိုအဆိပ်ဟု ဆိုအပ်ပါသည်။

သီဟိုကျွန်းဖြစ် မဓုရရသဝါဟိနီကျမ်းကမူ-

"မြွေအဆိပ်ကို အဆိပ်ဟုမဆိုအပ်၊ မင်းဘဏ္ဍာကို အဆိပ်ဟုဆိုအပ်၏၊ မြွေအဆိပ်ကား တစ်ယောက်တည်းကိုသာသတ်၏၊မင်းဘဏ္ဍာကား အလုံးစုံသောအမျိုးစဉ်ဆက်ကိုသတ်တတ်၏"

ဟု ပြဆိုသည်။

ဤကျမ်းအဆိုအရ မင်းဘဏ္ဍာကို အဆိပ်ဟု မှတ်ယူအပ်ပါသည်။

စာဏကျဆရာကြီး၏ သတ္တတနီတိကျမ်း၌ အဆိပ်(၈)မျိုးကိုပြထားသည်ကို တွေ့ရပါသည်-

၁။ ညဥ့်အခါ၌လှည့်လှည်သွားလာခြင်း

၂။ ပြည့်ရှင်မင်းနှင့်ပေါင်းသင်းဆက်ဆံခြင်း

၃။ သူတစ်ပါးအားတပ်မက်သောမိန်းမ

၄။ မကုစားဘဲထားသောဝေဒနာ

၅။ အပြီးဆုံးတိုင်မသင်အပ်သော အတတ်ပညာ

၆။ မကြေညက်သောအစာ

၇။ ဆင်းရဲသူအတွက်ပွဲလမ်းသဘင်

၈။ အသက်ရွယ်ကြီးသူအတွက် ငယ်ရွယ်မိန်းမ

ဤ(၈)မျိုးသည် အဆိပ်မည်၏ ဟူ၍ ဆိုထားသည်ကို တွေ့ရပါသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ရတနာသုံးပါးသည် အဆိပ်မည်၏

ထက်မြက်ဝှန်ဆူ၊ အဆိပ်ဟူသည်၊ သင့်သူသာမျှ သေတတ်စွရှင့်၊ သာမဏာ ဗြဟ္မဏာ၊ အရိယာ ဟု သင်္ဃာရဟာန်း၊ ကျင့်ခန်းမြတ်သူ၊ အဆိပ်မှုကား ရှင်လူနီးရင်း၊ ရွှေသင်းပင်းနှင့်၊ မကြွင်းပျက်စီး လောင်သည်မီးသို့၊ သေပြီးဆက်ဆက်၊ ငရဲကျက်၏ ရတနာသုံးပါးနှင့် ရတနာသုံးပါးတို့၏ပစ္စည်းတို့သည် အဆိပ်ဟူ၍သတ်မှတ်ထားပါသည်။

“သံဃာ့ပစ္စည်းအဆိပ်သီး၊ သုံးနည်းများက ငရဲရ” ဟု

ဆရာတော်ကြီးများက ဆိုဆုံးမထားသည်ကို တွေ့ရပါမည်။

ရတနာသုံးပါးမှသင့်လာသော အဆိပ်သည် ပစ္စုပ္ပန်တွင်သာ လတ်တလောသေစေတတ်သည်မဟုတ်၊ တစ်သံသရာလုံးပင် ဆိုးကျိုးကိုဖြစ်စေပြီး ဆင်းရဲခံစားရသော သာဓကများစွာရှိပါတယ်။

-ဘုရားလောင်းသီလဝန္တခတ္တိဝါဒီရသေ့အား ပြစ်မှားကျူးလွန်သော ကလာဗုမင်း

-ကိသဝစ္ဆရသေ့အားပြစ်မှားသောဒဏ္ဍကီမင်း

ဤသူတို့သည် မိမိတစ်ဦးတည်းသာ ပျက်စီးကြသည်မဟုတ်၊ တိုင်းပြည်ပါ ပျက်စီးဆုံးရှုံးကြရလေသည်။

-ဘုရားရှင်အားစွပ်စွဲပြစ်မှားသော စိဉ္စမာနသုပ္ပဗုဒ္ဓမင်း

-သံဃာအားသင်းခွဲခဲ့သောဒေဝဒတ်

-ရှင်ကစ္စည်းကိုစိတ်ဖြင့်ပြစ်မှား၍ မိန်းမဘဝပြောင်းခဲ့ရသော သောရေယျသူဌေးသား

-ရှင်ဥပ္ပလဝဏ်ကိုစော်ကားခဲ့သောနန္ဒလုလင်

-ရှင်သာရိပုတ္တရာကိုခေါင်းခေါက်ခဲ့သောနန္ဒဘီလူး

-ဖခင်ကိုသတ်ခဲ့သော အဇာတသတ်

-မိခင်ကိုပြစ်မှား၍သွားပြီး ငရဲပန်းကိုရွှေပန်းဟုထင်ပြီး ငရဲခံရသောမိတ္တဝိန္ဒက

-ရဟန္တာကိုပြစ်မှားမိ၍ ပိတ်ချင်းသီးမှမီးသွေးခဲ ဖြစ်ရသောကာန်သည်

-ရဟန္တာကိုပြစ်မှားခဲ့သော လောသကတိဿ

-မြန်မာရာဇဝင်၌ မိခင်ကိုပြစ်မှားရန်ကြံ၍ ကျောက်ဖြစ်သွားရသော အတိကျောမင်း

၎င်းအဖြစ်အပျက်များသည် ခင်ပွန်းကြီးဆယ်ပါးတွင် ပါဝင်ခဲ့သော ရဟနာသုံးပါး၊ မိဘ၊ ဆရာသမားတို့ကို ပြစ်မှားစော်ကားခဲ့မိ၍ ခံခဲ့ကြရသော လက်တွေ့သာဓကဖြစ်စဉ်များ ဖြစ်ကြပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

# လက်ငင်းချက်ခြင်းအကျိုးပေးခြင်းကံဆိုတာဟာ

၎င်းပစ္စုပ္ပန်ဘဝကတွင် မိမိပြုလုပ်ခဲ့သော ကုသိုလ်အမှု၊ အကုသိုလ်အမှုများ၏အကျိုးပေးမှု၊ အကျိုးသက်ရောက်ခံစားရမှုများနှင့်ပတ်သက်၍ ကံတူအကျိုးပေးဟူ၍လည်း

ကောင်း၊ ဘဝကြမ္မာကံမာယာပြုခံရသည်ဟူ၍လည်းကောင်း၊ ကံကြမ္မာဖြစ်ရပ်ဆန်းဘဝဇာတ်လမ်း ဟူ၍လည်းကောင်း၊ အမျိုးမျိုးအမည်တပ်၍ ခေါ်ဝေါ်သုံးစွဲနေကြပါသည်။

ဗုဒ္ဓဘုရားရှင်က ယခုဘဝယခုပြုလုပ်သော ကုသိုလ်မှု အကုသိုလ်အမှု၏ လက်ငင်းအကျိုးပေးမှုကို ဒိဋ္ဌဓမ္မဝေဒနိယကံ (လက်ငင်းမှုချတွေကြုံခံစားရသောကံ၊ မျက်မှောက်ထင်ထင်တွေမြင်အပ်သောအကျိုးရှိသောကံ)ဟူ၍ ဟောတော်မူခဲ့ပါသည်။

ဤပစ္စုပ္ပန်အကျိုးပေးမှုကံနှင့်ပတ်သက်၍-

-(၇)ရက်အတွင်းအကျိုးပေးလာလျှင် ရင့်ကျက်သောလက်တွေအကျိုးပေးသောကံ

-(၇)ရက်ကျော်လွန်ပြီးမှအကျိုးပေးလာလျှင် မရင့်ကျက်သေးသောလက်တွေအကျိုးပေးသောကံ

ဟူ၍ဆိုပါသည်။

ပုဂ္ဂိုလ်သတ္တဝါတို့၏ ပြုလုပ်ဆောင်ရွက်မှုအစဉ်တိုင်းတွင် ဇော ဟုခေါ်သောအဟုန်ပြင်းပြင်းထန်ထန်ပေါ်ပေါက်ဖြစ်ပေါ်လာသောစိတ်အစဉ်သည် (၇)ကြိမ်ရှိပါသည်။

ဤဇာ(၇)ကြိမ်တွင် ပထမဇာသည် မိမိရှေ့က(ဝါ) မိမိ၏ရှေးရှေးဇာမှ အားပေးကျေးဇူးပြုမှုသတ္တိ၏ထောက်ပံ့ ကူညီချက်မရသေးသောကြောင့် ဒုတိယ၊ တတိယစသော ဇာများလောက် အားမရှိတတ်ပါချေ။

လောကဥပမာပြရလျှင် သူဌေးသားတစ်ယောက် ဖခင်ထံမှငွေတစ်သိန်းအမွေရသည်၊ ထိုငွေကို မိမိ၏ဖွံ့လုံ့လ၊သတ္တိဗျတ္တိတို့ဖြင့် ကြိုးစားလုပ်ကိုင်ရာ နှစ်သိန်းဖြစ်လာသည်။

အဖထက်သားက ပို၍ငွေကြေးပြည့်စုံအားရှိ တောင့်တင်းလာသည်။

အဘယ်ကြောင့်ပိုများလာပါသနည်းဆိုသော် ဖခင်ထံမှရသော အရင်းအနှီးအရှိန်အဝါ အခြေခံအထောက်အပံ့ကို ရခဲ့၍ဖြစ်ပါသည်။

ထိုသား၏နောက်သားကလည်း များစွာသတ္တိဗျတ္တိရှိပြီး လုံ့လကြိုးကုတ်အားထုတ်၍ ဆက်လက်ကြိုးစားခဲ့ရာ ပို၍ပေါများလာသည်။

အဖေအခြေခံကောင်းအပေါ်မူတည်၍ အစဉ်အဆက်သားတစ်ဦးထက်တစ်ဦးအရှိန်ရလာပြီး ပို၍ပေါများလာခဲ့သည် နံပါတ်(၇)ဇာတွင် အပေါ်များဆုံးဖြစ်သွားသည်။

အဘယ့်ကြောင့်ပေါ်များရသနည်းဆိုသော် ရှေးအမွေတွေက အရှိန်ရလာ၍ဖြစ်ပါသည်။

အလားတူပင် ပထမဇောက အားနည်းသေးသည်၊ နောက်ဇောများအရှိန်ကောင်းလာ၍ အားကောင်းလာရပါသည်၊ သတ္တမဇောသည် သတ္တိအကောင်းဆုံးဖြစ်လာပါသည်။

သတ္တမဇောသည် သတ္တိအကောင်းဆုံးဖြစ်လာ၍ ဒုတိယဘဝတွင် မုချဆက်ဆက်အကျိုးခံစားခွင့်ရပါတော့သည်

ပထမဇောက သတ္တိညံ့၍ ဘဝအကျိုးပေးခွင့်ရှိရင် မျက်မှောက်ဘဝမှာပင် အကျိုးပေးပါသည်၊ ပေးခွင့်မရပါက အလကားကံ ဖြစ်သွားပါတော့သည်။

ကုသိုလ်ချက်ခြင်းအကျိုးပေးမှုနှင့်ပတ်သက်၍-

-မဟာဒုတ်သည် ကဿပဘုရားရှင်အားဆွမ်းလှူခြင်းကြောင့် ချက်ချင်းရတနာမိုးရွာခံရပြီး ချမ်းသာသွားသည်။

-ပုဏ္ဏမည်သော လယ်ထွန်လင်မယားသည် အရှင်သာရိပုတ္တရာကိုဆွမ်းလှူခြင်းကြောင့် ချက်ချင်းထွန်ခဲမှ ရွှေတုံးများဖြစ်ပြီး ချမ်းသာသောသူဌေးဖြစ်သွားရသည်။

-ကာကဝလ္လိယဇနီးမောင်နှံသည် အရှင်မဟာကဿပ ကိုဆွမ်းလှူခြင်းကြောင်း ချက်ချင်းရွှေအိုးများရကာ ချမ်းသာသွားရသည်။

-အရှင်အနုရုဒ္ဓါ၏နွမသည် ဆွမ်းစားကျောင်းဆောက် လုပ်လှူဒါန်း၍ ချက်ချင်းနူနာပျောက်ကင်းရသည်။

-ရှင်မဟာကစ္စည်းကို ဆံပင်ဖြတ်ရောင်း၍ ဆွမ်းကပ်ခဲ့ သော ဥဇ္ဇေနီသူဌေးသမီးသည် ချက်ချင်းပင် ဆံပင် ပြန်ရှည်ပြီး မိဖုရားဖြစ်ရသည်။

-လူနာရဟန်းကိုပေါင်သားဖြတ်၍ ဆန်ပြုတ်လှူခဲ့ သော သုပ္ပိယဉပါသကာမသည် ချက်ချင်းပေါင်းသား ပြည့်ပြီး ပကတိလှူကောင်းဖြစ်ရသည်။

ဤကဲ့သို့ သူဌေးဖြစ်လျှင်၊ ကျန်းမာလာလျှင် ကောင်း သောအာရုံများကိုမြင်ရ၊ ကြားရမှုကြောင့် ခန္ဓာကိုယ်ဝယ် ကုသိုလ်ကံကြောင့်ဖြစ်သောရုပ်များ တိုးပွားခွင့်ရသည်။

သူဌေးဖြစ်အောင် တိုးပွားသောဥစ္စာများသည်ကား ကံကြောင့်ဖြစ်သောဥတုဇရုပ်များ ဖြစ်ကြပါသည်။

ဤရုပ်တရားများသည် အဟိတ်မျိုး(ဟိတ်မရှိသော) သဘာဝတရားများ ဖြစ်ကြပါသည်။

ကုသိုလ်ချက်ခြင်းအကျိုးပေးမှုနှင့်ပတ်သက်၍-

-ဒေဝဒတ်နှင့်စိဉ္စမာဏဝိကာ၊ သုပ္ပဗုဒ္ဓဘုရင်တို့သည် ဘုရားရှင်ကိုပြစ်မှားသဖြင့် ချက်ချင်းမြေမျိုခံရသည်။

-နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီမကို မကောင်းမှုကျင့်ပြစ်မှားသဖြင့် ချက်ချင်းမြေမျိုခံရသည်။

-နန္ဒနွားသတ်သမားသည် နွားလျှာကိုဖြတ်၍ ကင်စားစဉ် ချက်ချင်းလျှာပြတ်ကျရသည်။

ဤကဲ့သို့ဆင်းရဲရောက်သောအခါ မကောင်းသောအာရုံများကိုမြင်ရကြားရမှုကြောင့် ခန္ဓာကိုယ်ဝယ် အကုသိုလ်ကံကြောင့်ဖြစ်သောရုပ်များ တိုးပွားခွင့်ရပါတော့သည်။

ပစ္စုပ္ပန်တွင် လက်တွေ့အကျိုးပေးမှုနှင့်ပတ်သက်၍ ပထမဇောသည် အလွန်အားသေးလှသည့်အတွက် အကြောင်းအထောက်အပံ့များစွာစုံညီမှ တစ်နည်းဆန့်ကျင်ဘက်လွှမ်းမိုးမနှိပ်စက်ပါမှ (ဥပမာ-ကုသိုလ်ဖြစ်လျှင် ဆန့်ကျင်ဘက်အကုသိုလ်တို့က မလွှမ်းမိုးမနှိပ်စက်မနှောက်ယှက်ပါက)အကျိုးပေးနိုင်ပါသည်။

ဂုဏ်ထူးနှင့်ပြည့်စုံသောဘုရား၊ ရဟန္တာ၊ အနာဂါမ်စသောပုဂ္ဂိုလ်တို့၏ကျေးဇူးပြုခြင်း၊ ကျေးဇူးမဲ့ခြင်းကိုပြုခြင်းနှင့်ပါ

က လက်ငင်းအကျိုးပေးပါသည်။

[illegible]အားကြီးလာအောင် ဒီအလုပ်မျိုးကို ဘာကြောင့်မလုပ်နိုင်ရမှာလဲ၊ ဉာဏ်[illegible] [illegible]ယှဉ်လျှင် ဘာကြောင့်မဖြစ်နိုင်ရမှာလဲ၊ ဤကဲ့သို့ နောင်နောင်စိတ်ထက်သန်အောင် ရှေ့အဖို့ကပြုပြင်မှုလွန်ကဲသောသတ္တိလည်းရှိပြီး တိုးတက်မှုရှိလာပါကလည်း အကျိုးပေးနိုင်ပါသည်။

သို့အတွက် ဤပထမဇောသည် အကြောင်းအထောက်အပံ့များ များစွာစုံညီပြည့်စုံပါမှ အကျိုးပေးနိုင်သည်ကို မှတ်ယူရပါမည်။

ဓမ္မပဒ သုခသာမဏေဖြစ်စဉ်၌ လက်တွေ့အကျိုးခံစားရမှုလေးမျိုးဖော်ပြထားသည်ကို တွေ့ရပါသည်။

- အနာဂါမ်(သို့မဟုတ်)ရဟန္တာဖြစ်၍ အလှူခံပုဂ္ဂိုလ်ဟူသောဝတ္ထု၏ပြည့်စုံခြင်း
- အလှူရှင်ပြုလုပ်သူက စေတနာထက်သန်ခြင်း
- တရားသဖြင့်ရှာဖွေရထားသော စင်ကြယ်သောပစ္စည်းဖြစ်ရခြင်း
- အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှထပြီးကာစလွန်ကဲသောဂုဏ်နှင့်ပြည့်စုံနေခြင်း

ဤအကြောင်းလေးပါးနှင့်ပြည့်စုံပါမှ လက်ငင်းအကျိုးပေးသည် ဟု ဆိုပါသည်။

ဤလက်ငင်းအကျိုးပေးမှုနှင့်ပတ်သက်၍ မထင်ရှားမသိသာသောအကျိုးပေးမှုများလည်းရှိပါသည်။

ဥပမာ -ကုသိုလ်ကောင်းမှုပြုသည့်အတွက် ဂုဏ်သတင်းထွက်ခြင်း

-ဘုန်းကံကြီးမားခြင်း၊ ရောင်းဝယ်မှုကောင်းခြင်း

-အကုသိုလ်ပြုသည့်အတွက် မင်းပြစ်မင်းဒဏ်ခံရခြင်း၊ ဥစ္စာပစ္စည်းဆုတ်ယုတ်၊ ဂုဏ်သတင်းမဲ့ခြင်းစသည့်အကျိုးများဖြစ်ကြပါသည်။

ဤပထမဇောအကျိုးပေးမှုနှင့်ပတ်သက်၍ ကောက်ပဲသီးနှံသစ်ပင်တို့၏ ပင့်ပုံ၊ သီးပုံစသည်တို့နှင့် ဥပမာ အလားတူသည် ဟုဆိုပါသည်။

ဤလောကဝယ် တစ်နှစ်တစ်မိုးမျှအသက်ရှည်ကြသော မြက်ပင်၊ စပါးပင်၊ ပဲပင်တို့သည် အနှစ်သာရမရှိ၊အားနည်းကြ၍ ပျော့ညံ့ပေကြ ထိုအပင်များသည် လျင်မြန်စွာ

ကြီးထွားပြီး လျှင်မြန်စွာပွင့်ကာ လျှင်မြန်စွာသီးကြပြီး အမြစ်နှင့်တကွပျက်စီးကြသည်၊ နွေကာလတစ်ခုကို မကျော်နိုင်၊ နောက်မိုးကိုမှီအောင်မနေနိုင်ကြပေ။

ဤကောက်ပဲသီးနှံများ၏သဘာဝနှင့် ပထမဇောစေတနာတူပါသည်။

တစ်ဖန် တစ်နှစ်ကျော်၊ နှစ်နှစ်ခန့်အသက်ရှည်ကြသောအပင်များရှိပါသည်၊ ထိုအပင်များသည် အနှစ်အသားအတော်အတန်ရှိကြသောကြောင့် အနည်းငယ်ကြာသောကာလဖြင့် တဖြည်းဖြည်းကြီးပွားကြသည်။

ပထမစိုက်ပျိုးသောမိုးအခါတွင် ကြီးပွားသည်၊ အပွင့်အသီးကားမဆောင်နိုင်သေး၊ ဇနွတစ်ခုကူးပြောက်ပြီးနောက်မိုးကျမှအပွင့်အသီးဆော်ကြသည်၊ နောက်နွေတစ်ခုကို မမှီနိုင်ဘဲ ပျက်စီးကြရသည်။

ဤသို့နှစ်နှစ်ခန့်အသက်ရှည်သော သစ်ပင်မျိုးကားသတ္တမဇောစေတနာနှင့်တူပါသည်။

အင်ကြင်းပင်၊ သရက်ပင်စသော သစ်ပင်ကြီးတို့ကားအနှစ်သာရများစွာရှိ၍ လွန်စွာအားရှိကြသည်၊ အနှစ်ငါးဆယ်တစ်ရာအထိ တည်နိုင်သည်၊ နွေအဆင့်ဆင့်၊ မိုးအဆင့်ဆင့်

ကိုကျော်၍ နှေးနှေးကြီးပွားသည်၊ ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကျမှ အသီးအပွင့်ကိုဆောင်သည်။

ဤသစ်ပင်ကြီးများက အလယ်ဇောငါးချက်စေတနာ ဇောနှင့်တူပါသည်။

ဤလက်ငင်းအကျိုးပေးမှုနှင့်ပတ်သက်၍ ကုသိုလ် စိတ်ဇောဖြစ်မှု၊ အကုသိုလ် စိတ်ဇောဖြစ်မှုတို့ကို အထူးသတိ ထားရန်လိုအပ်လှပါသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ပစ္စုပ္ပန်ဘဝချက်ချင်းတန်ပြန် ဆိုးကျိုးပေးနိုင်သူ(၁၀)ဦး

ရတနာသုံးပါး၊ ဘိုးဘွားမိဘ
စရိယနှင့်၊ ခေတ္တနားဝင်
တောသစ်ပင်၏၊ ထင်ရာအထူး
ဂုဏ်ကျေးဇူးကို၊ စူးစူးရှရှ
သိကြပါ၍၊ ကာယဝစီ

မနောသိမ့်၊ ဤသုံးခုဖြင့်
သူပြုပေးဖူး၊ သူ့ကျေးဇူးကို
အထူးတုံ့ပြန်၊ ဆပ်ပေးရန်ဟု
ပြန်လှန်ဖို့သာ၊ ဟောခဲ့ပါသည်
သစ္စာရှိကြစေသတည်း။

ကံမာယာက အပါယ်ဘုံနှင့်ဒိဋ္ဌဓမ္မဆိုးကျိုးပေးနိုင်သူ (၁၀)ဦးရှိပါသည်၊ ထိုသူများကို ကျေးဇူးရှင်များဟု ခေါ်သည်၊ ခင်ပွန်းကြီးဆယ်ပါး ဟူ၍လည်းခေါ်ပါသည်။

ကျေးဇူးဟူသည်မှာ မိဘဆရာ၊ ဉာတကာနှင့်အပေါင်းအသင်းစသူတို့က မိမိအပေါ်ဝယ် အစားအစာများကျွေးမွေးခြင်း၊ ပေးခြင်း၊ အဝတ်အထည်ဇသောပစ္စည်းများပေးခြင်း၊ လိမ္မာယဉ်ကျေးအောင်သွန်သင်ဆုံးမပေးခြင်း၊ ပညာသင်ကြားပေးခြင်း အလုပ်ကိစ္စဟသမျှတို့၌ ကူညီစောင့်ရှောက်ပေးခြင်း စသည်များသည် ကျေးဇူးတရားများပင် ဖြစ်ပါသည်။

သူတစ်ပါးထံမှကြွေးယူထားသူသည် ကြွေးများတင်ရှိနေသကဲ့သို့ပင် ထိုသူတို့သင်ကြားပြသကျွေး မွေးခဲ့ဘူး၊ ပညာသင်ပေးခဲ့ဘူးသောကျေးဇူးများကား မိမိအပေါ်တင်ရှိနေခြင်းကိုကျေးဇူးတရားတင်ရှိနေသည် ဟုဆိုပါသည်။

ကြွေးတင်ရှိနေသောသူသည် မိမိယူထားသောကြွေးကို ပြန်လည်ဆပ်မှကျေသကဲ့သို့ မိမိအပေါ်တင်ရှိသောကျေးဇူးကို ပြန်လည်ပေးဆပ်မှသာ သူတော်ကောင်းအလုပ် လူလိမ္မာ၊ လူယဉ်ကျေးအလုပ်ဖြစ်ပြီး ပစ္စုပ္ပန်တမလွန်ကောင်းကျိုးချမ်းသာအဖြာဖြာ ခံစားရရှိကြမည်ဖြစ်ပါသည်။

မင်္ဂလာတရားတော်တွင်လည်း သူတစ်ပါးပြုဖူးသောကျေးဇူးကိုတုံ့ပြန်ဆပ်ခြင်းသည်မင်္ဂလာမည်၏ ဟု ဘုရားရှင်က လမ်းညွှန်ဟောထားခဲ့ပါသည်။

တစ်လုပ်စားဖူးသူ့ကျေးဇူး၊ အထူးသိတတ်စေ
အရိပ်နေနေ၊ အခက်ချိုးချိုးမပြုလုပ်ရ
ကျေးဇူးသိလျက်၊ အဆပ်ခက်
ကျေးဇူးရှင်ကိုပင် ကျေးပြန်စွပ်

ဟူ၍ ကျေးဇူးတရားနှင့်ပတ်သက်သော မြန်မာဆိုးမစာစကားပုံများရှိပါသည်။

ထိုကျေးဇူးရှိသောပုဂ္ဂိုလ် (၁၀)မျိုးရှိသည်၊ ထိုဆယ်ဦးကို ကျေးဇူးကန်းပါက ကျေးစွပ်ပါက ကံမာယာက ဒိဋ္ဌမမှ အကျိုးပေးပြီး တမလွန်နှင့်သံသရာတွင်လည်း ဆင်းရဲအမျိုးမျိုး ခံစားရမည်ဟု ဘုရားရှင်ဟ ဟောကြားထားခဲ့ပါသည်။

ထိုကျေးဇူးရှင်(၁၀)မျိုးမှာ-

၁။ သဗ္ဗညုမြတ်စွာဘုရား

၂။ ရှင်ပစ္စေကဗုဒ္ဓါ

၃။ ရဟန္တာ

၄။ အဂ္ဂသာဝကများ

၅။ မိခင်

၆။ ဘခင်

၇။ အလေးပြုအပ်သောပုဂ္ဂိုလ်

၈။ ပညာသင်ကြားပေးသောဆရာ

၉။ ထမင်းတစ်လုပ်၊ ရေတစ်မှုတ်ပေးကျွေးသူ

၁၀။ လိမ္မာယဉ်ကျေးအောင်ဟောကြားသော ဓမ္မကထိက

ဤကျေးဇူးရှင်အဆွေခင်ပွန်း(၁၀)ပါးကို ပြစ်မှားကျူးလွန်သောသူကို ကံမာယာက ဒိဋ္ဌလက်ငင်းတန်ပြန်ဆိုးကျိုးဒဏ်ခံရမည်ဟု ဘုရားရှင်က ဓမ္မပဒပါဠိတော်၌ ဟောကြားထားခဲ့ပါသည်။

၁။ ပြင်းထန်သောရောဂါဝေဒနာများကပ်ရောက်တတ်ခြင်း

၂။ ပစ္စည်းဥစ္စာအဖြာဖြာတို့ဆုံးရှုံးပျက်စီးတတ်ခြင်း

၃။ ဆေးကုရှ၍မရသောက်အောင် ကြီးစွာသောရောဂါဝေဒနာကပ်ရောက်တတ်ခြင်း

၄။ ရူးသွပ်ခြင်း၊ စိတ်လေလွင့်ခြင်းများ ဖြစ်တတ်ခြင်း

၅။ လက်၊ ခြေစသောကိုယ်အင်္ဂါများ ပျက်စီးတတ်ခြင်း

၆။ မင်းပြစ်မင်းဒဏ်များသင့်တတ်ခြင်း

၇။ ရန့်ရင်းကြမ်းတမ်းစွာ သူတစ်ပါးတို့၏အစွပ်အစွဲအပြောအဆိုခံရခြင်း

၈။ ဆွေမျိုးဉာတိများ သေကြေပျက်စီးရတတ်ခြင်း

၉။ စည်းစိမ်အခြံအရံများပျက်စီးတတ်ခြင်း

၁၀။ နေရာအဆောက်အအုံများ မီးလောင်တတ်ခြင်း

ဤဆယ်မျိုးသောဒဏ်တို့တွင် တစ်မျိုးမျိုးသည် ဤပစ္စုပ္ပန်လောကတွင်ပင် တန်ပြန်ရရှိခံစားရပါသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# အခန်း (၃)

## ဘဝထိုထိုကံကုသိုလ်–အကုသိုလ်

### ကံအကုသိုလ်ဘဝများ

### ကံကြမ္မာဝဋ် , မလွတ်သာပြီ

ကြောက်တတ်၊ မကြောက်တတ်၊ နှစ်ရပ်များစွာ၊
သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

-မြင်ဖူး၊ မမြင်ဖူး၊ နှစ်ဦးများစွာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ်မြဲပါစေ။

-ဝေးနေ၊ နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ်မြဲပါစေ။

-ဘဝဇာတ်သိမ်း၊ မသိမ်းများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

-ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

-ကြီးငယ်အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

-ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

နံနက် အရုဏ်တက်ခါနီးအချိန်၌ ကျောင်းပေါ်မှ ဘုရားရှိခိုးပြီး၍ မေတ္တာပို့နေသော ဆရာတော်၏အသံသည် တည်ငြိမ်ပြီး ကြည်လင်အေးမြလှပါသည်၊ သာယာနာပျော်ဖွယ် နှင့်နှလုံးအေးချမ်းမှုဓာတ် အလိုလိုကူးစက်ခံရပါသည်။

ကျွန်ုပ်သည် ဆရာတော်၏ကျောင်းအောက်ထပ်ဝယ် တရားရှုမှတ်ရင်း ဆရာတော်၏မေတ္တာပို့သံကိုနားထောင်ရင်း တသိမ့်သိမ့်ကြည်နူးအေးမြစွာ ခံစားနေမိပါသည်။

ဘဝတစ်လျှောက်သိတတ်သောအရွယ်မှစ၍ ယခု အသက်(၄၀)ဘဝကာလအထိ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားဂုဏ်ကျေးဇူးနှင့်တရားစစ်၊ တရားမှန်ကို ဘာမျှ

မသိဘဲ ကျင်လည်ခဲ့ရသောကျွန်တော်ဘဝသည် လောဘ၊ ဒေါသတရားတို့အလယ်တွင် ကျင်လည်ခဲ့ရသည်၊ တံငါအလုပ် ကြံ့ရာကြက်သတ်၊ ဝက်သတ်အလုပ်၊ သူရင်းငှားအလုပ်တို့ဖြင့် ဘဝကိုကျင်လည်ခဲ့ရပါသော ကျွန်တော့်ဘဝသည် ကုသိုလ်၊ အကုသိုလ်နှင့် ထိုကုသိုလ်၊ အကုသိုလ်တို့၏အကျိုးပေးကံ တို့ကိုမသိခဲ့ပါ၊ မိမိဘဝ၊ မိမိသောက်သောက်စားစား၊ လူငနွား ဘဝကိုပင် ဟုတ်လှပြီဟု ထင်နေခဲ့ပါသည်။

ကောင်းမှုကုသိုလ်ဆိုတာကလဲ ရပ်ရေး၊ ရွာရေးအရ ခွဲတမ်းကျ၍လှူရခြင်း၊ ခွဲတမ်းအလှည့်ကျ၍ဆွမ်းအုပ်ပို့ရခြင်း တို့မှတစ်ပါး အခြားကုသိုလ်နည်းပါးလှသည်၊ ဘဝအသက် မွေးဝမ်းကြောင်းအတွက် အကုသိုလ်အလုပ်တွေကသာ မိမိ ဘဝမှာလွှမ်းမိုးနေခဲ့ရပါသည်။

ဆရာတော်၏မေတ္တာပို့သံတွင်ပါဝင်သော သတ္တဝါ ဟူသောအသံကိုကြားလိုက်ရသော တဒင်္ခဏဝယ် မိမိဘဝ သံဝေဂကြီးစွာဖြစ်ခဲ့ရပြီး ဤတရားကျောင်းသို့ရောက်ခဲ့ရသည် အထိဖြစ်ခဲ့ရသောဘဝတွင် တုန်လှုပ်ချောက်ချားဖွယ် ကြုံတွေ့ ခဲ့ရသောဘဝဇာတ်လမ်းကိုသတိရမိပါသည်၊ တစ်ဖန် မိမိဘဝ ပြန်ခံရမည့်ဝဋ်ကြွေးတံကြမ္မာကိုလည်း ထိတ်လန့်တုန်လှုပ်စွာ ဖြင့် ကြောက်ရွံ့မှုအပြည့်နှင့်ခံစားနေမိရပါတော့သည်။

ကျွန်တော်တို့ သခွပ်ကုန်းရွာသည် ပင်လယ်ကမ်းစပ်ဘေးရွာတစ်ရွာဖြစ်ပြီး ရွာသူရွာသားတို့သည် လယ်ယာလုပ်ငန်းဖြင့် လုပ်ကိုင်အသက်မွေးဝမ်းကြောင်းပြုသူများရှိသလို တံငါလုပ်ငန်းဖြင့်လည်း လုပ်ကိုင်အသက်မွေးဝမ်းကြောင်းပြုသူများလည်းရှိပါသည်။

တံငါးလုပ်ငန်းလုပ်ကိုင်သူများထဲတွင် အရင်းအနှီးရှိသူများက စက်လှေထောင်၊ ပိုက်ထောင်ဘဝဖြင့်လုပ်ကိုင်ကြ၍ လုပ်ငန်းရှင်များဖြစ်ကြသည်၊ ကျွန်တော်တို့မှာကား အရင်းအနှီးမရှိကြ၍ တံငါလုပ်သား-အခစားများဘဝဖြင့်သာ ဘဝကိုရုန်းကန်နေရသူများဖြစ်ကြပါသည်။

မိုးထဲ၊ လေထဲ၊ ရေထဲလုပ်ကိုင်ရုန်းကန်ရသူများပီပီ ဒဏ်ခံနိုင်ရန် မီးတောက်အရက်ကလေးခေါ် တောအရက်ကလေးသောက်မှုကတော့ ဒဏ်ခံဆေးအဖြစ် မှီဝဲသုံးဆောင်သောက်ကြလေ့ရှိကြပါသည်။

ကျွန်တော်တို့အတွက်မှာမူ ဘဝတူမိသားစုမချစ်မေနှင့်အိမ်ထောင်ကျသည့်အချိန်မှစ၍ စက်လှေပိုင်ရှင် ဦးဘအုန်းထံတွင် ရေလုပ်သားအဖြစ်လုပ်ခဲ့ရပါသည်။

သားသမီးငယ်သုံးဦးသည် တစ်နှစ်ခြား၊ တစ်နှစ်ခြားမွေးဖွားလာခဲ့ရာ သားနှစ်ယောက်၊ သမီးတစ်ယောက်ရလာခဲ့

သည်၊ ကျွန်တော်၏ကြိုးစားအားထုတ်မှုလုပ်အားကြောင့် မိသားစုဘဝသည် မချမ်းသာသော်လည်း မရှိမရှား ဘဝနေကြရပါသည်။

မချစ်မေသည် လိမ္မာပါသည်၊ စီးတဲ့ရေဆည်သည့်ကန်ဇင်းဆိုသည့်အလား ရလာသောလုပ်အားခငွေများကို စနစ်တကျသုံးစွဲသဖြင့် အိမ်တွင်အိမ်ဆိုင်ကလေးဖွင့်နိုင်ခဲ့ပြီး ဝက်များပင် မွေးလာနိုင်ခဲ့ပါသည်။

မချစ်မေ၏ ထိုဝက်မွေးမှုသည် ကျွန်တော့်ဘဝ၊ ကျွန်တော့်အကုသိုလ်ဝင်ရန် ဇာတ်လမ်းစတင်သည် ဟု ဆိုရပါတော့မည်။

တစ်နေ့ ကျွန်တော်တို့စက်လှေပြန်ဝင်လာပြီး တစ်ပါတ်နားခွင့်ရပါသည်၊ ကျွန်တော်သည် နားခွင့်ရသောအချိန်ကာလဝယ် မချစ်မေ၏အိမ်ဆိုင်ကလေး၌ တစ်နှစ်ခွဲအရွယ်၊ သမီးကလေး၊ နှစ်နှစ်ခွဲအရွယ်၊ ခုနစ်နှစ်ခွဲအရွယ်သားကလေး (၂)ဦးနှင့်ချမ်းမြေ့ပျော်ရွှင်စွာနေခဲ့ရပါသည်။

နားရက်၏ (၄)ရက်မြောက်နေ့တွင် ကျွန်တော်တို့၏ခေါင်းဆောင်လည်းဖြစ်၊ ဆရာသမားလည်းဖြစ်သော ကိုတင်အောင်နှင့်အဖွဲ့သားများ၏အိမ်သို့ရောက်လာကြပြီး ဝိုင်းဖွဲ့ကြပါသည်။

ရေချိန်ကလေးကိုက်လာကြသောအခါ ဆရာဖြစ်သူ ကိုတင်အောင်က ဝက်မြေမနင်းသားကို အရက်နှင့်သောက်လို့ သည်၊ မင်းအိမ်မှာ ဖီးရှိပြီးဝက်မကလေးတစ်ကောင်ရှိတယ်လို့ ထွန်းမောင်ကပြောသည်၊ ထိုဝက်မကလေးကို ရောင်းပါ၊ ဈေးနှစ်ဆပေးပါမည်၊ မင်းတို့မိသားစုလည်း စားရတာပေါ့၊ မြေမနင်းသားဝက်သားအရသာက နတ်သုဒ္ဓါယက်တောင် သာတယ်ဆိုဘဲကွ အဲဒါမင်းရောင်းပါ-ဟု ဆိုလာပါသည်။

ကျွန်တော်ကိုယ်တိုင်ကလည်း အနည်းငယ်တွေလာပြီဖြစ်၍ ဆရာကိုတင်အောင်ပြောသည်ကို သဘောကျနှစ်ခြိုက်နေမိပါသည်၊ ငွေလည်းနှစ်ဆရမည်၊ ကိုယ်လည်းစားရမည်၊ ဝက်ဘဲ နောက်ထပ်ပြန်ဝယ်မွေးရင်ရတာဘဲ ဟု စိတ်ထဲမှာ ကျေနပ်လက်ခံနေမိပါသည်။

သို့သော် မချစ်မေမွေးထားသောဝက်မလေးဖြစ်နေ၍ သူမ၏ဆန္ဒကိုတော့ ကျွန်တော်ယူမိပါသည်၊ သူမက သဘောမတူ၊ ဝက်မလေးက ဖီးနှင့်မို့ သုံး၊ လေးကောင်မွေးနိုင်သည်၊ သုံး၊ လေးကောင်မွေးလာပါက တန်ဖိုးမည်မျှရှိမည်ဟု တန်ဖိုးနှင့်တွက်ပြသည်။

ကိုတင်အောင်က- "ကဲဟာ--နင့်ဝက်မက လေးကောင်မွေးတယ်ဘဲထား၊ အဲဒီလေးကောင်က ဝက်မကြီးရဲ့

တစ်ဝက်စျေးဘဲထား၊ ငါးကောင်စျေး ငါတို့ပေးမယ်၊ ရောင်းပါ"

ဟုဆိုလာပါသည်။

ကုသိုလ်-အကုသိုလ်ကိုမသိ၊ လောဘဇောကိုသာ သိသောမချစ်မေကလည်း ချောချောရှုရှုပင် သဘောတူလိုက်ပါသည်၊ သို့အတွက် ကျွန်တော်နှင့်အဖွဲ့သားနှစ်ယောက်သည် ဝက်မလေးကိုပေါ် ရန်စီမံကြပါသည်။

ဝက်မလေးကိုသတ်ရန် ဝက်ခြံမှဆွဲထုတ်သောအခါ ဝက်မလေးမှာ သူ့ကိုသတ်ရန်ဆွဲထုတ်သည်ကိုသိသည့်အလား အဖမ်းမခံပါ၊ ဝက်ခြံထဲပတ်ပြေးနေပြီး ပါးစပ်မှလည်း တအားအားအော်နေရှာပါသည်၊ ဝမ်းထဲ၌ သန္ဓေသားငယ်များကို လွယ်ထားရ၍ သိပ်ကြာကြာမပြေးနိုင်ပါ၊ ခဏကြာ ဖမ်းမိခံရပါတော့သည်။

ဝက်မလေးသည် သူ့ကိုမိသောအခါ လက်နက်တွေပါလာသောကျွန်တော့်ကိုမြင်၍ သေသေချာချာကြည့်ပြီးအော်ပါသည်၊ သတ်ခါနီးတွင် ဝက်မလေးမျက်စိထဲမှ မျက်ရည်များ တွေတွေစီးကျနေသည်ကို မချစ်မေကတွေ့၍-

"ကိုတင်မောင်ရယ်---ဝက်မလေးက သနားစရာဖြစ်နေပါပြီ၊ ဗိုက်ထဲမှာလည်း သူ့သားသမီးလေးတွေရှိနေတော့ စိုးရိမ်နေရှာတယ်ထင်ပါတယ်၊ ကျွန်မ မရောင်းချင်တော့ဘူး"

ဟု ပြောပါသည်။

"မင်းကလည်းကွာ ----မဆိုင်တာ၊ သတ္တဝါပါဘဲ ဘာအသိရှိတာမို့လို့လဲ"

ဟု ကျွန်တော်ကပြောရင်း ဝက်မလေး၏နံဘေးကို ဓားနှင့်ထိုးပြီး သတ်လိုက်မိပါသည်။

ဝက်မလေးသည် ကျွန်တော့်ကိုစိုက်ကြည့်ပြီး မချိမဆံ့နှင့်ပင် သေသွားရပါသည်။

ဝက်မလေးသေသွားပြီး ဗိုက်ကိုခွဲလိုက်သောအခါ အသက်ဝင်စမွေးကာနီးဖြစ်နေသော ဝက်ကလေးသုံးကောင်ကိုတွေ့ရပါသည်။

ကျွန်တော်တို့သည် ထိုဝက်ကလေးသုံးကောင်ကိုယူပြီး ကျွန်တော့်ဆရာကိုတင်အောင်ကိုယ်တိုင် ဆေးကြောစီရင်ပြီး ချက်ပြုတ်ပါသည်၊ ဝက်မလေး၏အူ၊ အသည်းများကိုလည်း စီမံချက်ပြုတ်ကြပါသည်။

ထိုညအဖို့ ကျွန်တော်တို့မှာ မြေမနင်းသားဝက်ကလေးဖြင့် ဇရက်မင်းစည်းစိမ်ကို အပြည့်အဝခံစားကြရပါတော့သည်။

ထိုဝက်မလေးသတ်ပြီး နောက်နေ့ညတွင် ကျွန်တော့်၌ အိမ်မက်ဆိုးများကို ညတိုင်းမက်ပါသည်၊ အိမ်မက်ထဲတွင် ဝက်မလေးကိုမြင်ရပြီး ဝက်မလေးက မီးဝင်းဝင်းတောက်သော

မျက်စိနီဖြင့် ကျွန်တော့်ကိုကြည့်ပြီး "နင်တို့---ငါနှင့်ငါ့သားသမီးတွေကိုရက်ရက်စက်စက်သတ်တာ ငါ့တစ်သက်မမေ့ဘူး၊ ရောက်ရာဘဝက နင်တို့ကို ကလဲ့စားချေမယ်" ဟု လူစကားဖြင့် ကြိမ်းဝါးသည်ကို မြင်မက်မိပါသည်။

ထိုသို့မြင်မက်ပြီး ကြောက်လန့်တကြား လန့်နိုးမိပါသည်၊ မျက်စိထဲမှာလည်း ဝက်မလေးသေခါနီး ကျွန်တော်တို့ကိုကြည့်သောအကြည့်ကို မြင်ယောင်နေမိပါသည်။

ထိုအိမ်မက်ကို နှစ်ရက်၊ သုံးရက်ဆက်၍မက်သောအခါ ကျွန်တော်က မချစ်မေကိုပြောပြသည်။

"အိမ်မက်ဘဲတော်---စွဲလမ်းရာမက်တာပေါ့၊ ရှင်ကိုယ်တိုင်ဝက်မလေးသတ်တာကိုစွဲလမ်းနေပြီး စိတ်ဂယောင်ချောက်ချားဖြစ်ပြီး မက်တာပါ၊ ကျွန်မ-အခု အဲဒီဝက်မလေးရောင်းရငွေနှင့် ဝက်မသုံးကောင်ထပ်ဝယ်ဖို့ ငွေတောင်တစ်ဝက်မပေးပြီးပြီ"

ဟု ခပ်ပေါ့ပေါ့ပင် ပြောဆိုပါသည်။

ကျွန်တော်တို့နားရက်ကုန်၍ စက်လှေပြန်ထွက်ရပါပြီ၊ ကျွန်တော်တို့သည် ဒီတစ်ပါတ်တွင် အပိုငွေဆုကြေးများများရအောင် ပင်လယ်ခပ်ဝေးဝေးအထိ သွားရောက်ပြီး ရက်သတ္တပါတ်(၂)ပါတ်ကြာမျှ ငါးဖမ်းကြပါသည်။

မျှော်မှန်းထားသည်ထက်ပင် ငါးတွေရလာကြ၍ ကျွန်တော်တို့တတွေ အားရဝမ်းသာစွာနှင့်ပင် သောက်ဟဲ စားဟဲနှင့်ပင် စခန်းသို့ပြန်ဝင်လာခဲ့ကြပါသည်။

စက်လှေပြန်လှည့်လာ၍ (၄)ရက်မြောက်နေ့ညတွင် ကျွန်တော်တို့စက်လှေသည် မမျှော်လင့်ဘဲ လေမုန်တိုင်းဟိုက် မှုခံရပါတော့သည်၊ လေမုန်တိုင်းအောက်ဝယ် ကျွန်တော်တို့ သည် ဆိုင်ရာလုပ်ငန်းတာဝန်များကို အားကြိုးမာန်တက် ဆောင်ရွက်ထိန်းသိမ်းပြီး မုန်တိုင်းကိုအံတုနိုင်ရန် ကြိုးစားကြ ပါသည်။

ထိုသို့ကြိုးစားနေကြရင်းပင် ရွက်ကြိုးစကိုကိုင်ပြီး စီမံ ညွှန်ကြားနေသော ကျွန်တော်တို့အဖွဲ့ခေါင်းဆောင် ကိုတင် အောင်ကို ဘယ်ကလေလွင့်ပါလာမှန်းမသိသော မခမသား ငုတ်စူးတစ်ချောင်းသည် ရင်ဝကိုထိုးဝင်ပြီး လှေအားနှင့်ပင် ပင်လယ်ထဲသို့တိုးကျသွားပါတော့သည်၊ သူ့ကိုလိုက်ကယ် သော သူ့ဘေးရှိကိုထွန်းကျော်မှာလည်း လေနှင့်အတူပါသွား ပြီး ပင်လယ်ထဲကျသွားပါတော့သည်။

ကျွန်တော်တို့အဖွဲ့ တောင်မင်း၊ မြောက်မင်းမကယ်နိုင် ဘဝသို့ရောက်ရှိနေရပါသည်၊ စက်လှေသည် မုန်တိုင်းသယ်ရာ သို့ပါနေရပါသည်။

ကိုတင်အောင်နှင့်ကိုထွန်းကျော်တို့ စက်လှေပေါ်မှ ကျပြီးနောက် (၁၅)မိနစ်ခန့်အကြာတွင် လေမုန်တိုင်းသည် တစ တစ စဲသွားပါသည်။

စက်လှေသည်များစွာအပျက်အစီးမရှိ၍ ပြန်လည် ထိန်းသိမ်းနိုင်ခဲ့ပါသည်၊သို့သော်မုန်တိုင်းနှင့်ပါထား၍ ပင်လယ် ဘယ်နေရာ၊ ဘယ်ဒေသရောက်နေသည်ကို မခန့်မှန်းနိုင်ကြ ပါ၊ နေ့တွင်-နေကိုကြည့်၊ ညတွင်-ကြယ်ကိုကြည့်ပြီး မိမိတို့ ဇာတိရပ်ရွာဘက်သို့မှန်းဆလာခဲ့ကြရပါသည်။

ကျွန်တော်တို့ ပင်လယ်ထဲမျောပြီးနောက်(၅)ရက် အကြာတွင် အခြားစက်လှေများနှင့်တွေ့ပြီး သူတို့၏အကူ အညီဖြင့် လမ်းမှန်ခရီးမှန်ပြန်ရပြီး နောက်(၅)ရက်အကြာတွင် ရပ်ရွာသို့ပြန်လည်ရောက်ရှိခဲ့ရပါသည်။

ကျွန်တော့်အဖို့ သေကံမရောက်-သက်မပျောက်ဘဲ ရွာသို့ရောက်ခဲ့သည်မှန်သော်လည်း ရွာတွင် ကျွန်တော်၏ဇနီး မချစ်မေနှင့်သားသမီး(၃)ယောက်တို့သည်ကား တမလွန်ဘဝ သို့ ရောက်သွားကြပြီးဖြစ်နေကြပါတော့သည်။

ဖြစ်စဉ်သိရသည်မှာ ညနေနေဝင်မိုးချုပ်စအချိန် မချစ် မေသည် အိမ်ရှေ့ဆိုင်တွင် မှန်အိမ်မီးထွန်းထားခဲ့ပြီး မီးဖိုချောင် တွင် ဟင်းအိုးတည်ထားခဲ့သည်၊ လူလားမြောက်စသားငယ်ကို

"အမေ-အကြွေးခဏသွားတောင်းဦးမယ်၊ ယခု ပြန်လာမယ်" ဟု ပြောဆိုမှာကြားပြီး ရွာထဲထွက်သွားသည်။

အငယ်ဆုံးမသမီးငယ်သည် မမှိတမှိမုန့်ကို လှမ်းဆွဲရာမှန်အိမ်ကိုဆွဲချမိပြီး မှန်အိမ်ပြုတ်ကျရာမှ အိမ်မီးလောင်သည်၊ သားကြီးသည် ညီငယ်နှင့်ညီမငယ်ကို မိမိသိသလို လက်ဆွဲပြီးခုန်ချရာ အိမ်အောက်ရှိဝက်ခြံဝါးငုတ်များပေါ် ကျကာ ဝါးချွန်ထိုးမိကြပြီး မပြေးနိုင်၊ မလွှားနိုင်ဖြစ်ကာ အရှင်လတ်လတ်မီးရှို့သတ်သလို ခံသွားရတော့သည်။

မချစ်မေသည်လည်း မိမိအိမ်မီးလောင်သည်ကိုသိ၍ အမောတကောပြေးလာပြီး သားသမီးတို့ကိုကယ်ဆယ်ရန် မီးထဲပြေးဝင်သည်၊ မချစ်မေပါ မီးထဲပါသွားတော့သည်၊ အရပ်က ဝိုင်း၍မီးငြိမ်းသတ်ကြသည်၊ တစ်အိမ်တည်းသာ လောင်သော်လည်း မိသားစု(၄)ဦးက ကယ်မရတော့။

ကျွန်တော်သည် ပင်လယ်ထဲတွင် သေကံမရောက် သက်မပျောက်ခဲ့သော်လည်း ကုန်းပေါ်အရောက် တွေ့ကြုံခံစားလိုက်ရသော အဖြစ်အပျက်သည်ကား ရှူးမတတ်၊ သက်ကြွေလုမတတ် ခံစားရပါတော့သည်။

မိမိစိတ်ကိုပင် မိမိမထိန်းနိုင်တော့၊ စိတ်ထင်ရာသွား၊ စိတ်ထင်ရာပြော၊ တငေးငေးတမှိုင်မှိုင်ဘဝနှင့်ပင် ဘဝနိဂုံးချုပ်

ရတော့မည့်အခြေအနေသို့ ရောက်ရှိသွားပါတော့သည်။

မည်သူက မည်သည့်အဆက်အသွယ်နှင့်ပို့လိုက်သည် မသိပါ၊ ကျွန်တော်သတိပြန်ဝင်လာ၍ မိမိကိုယ်ကိုထိန်းသိမ်းစပြုလာနိုင်သောအခါ မိမိသည် တွံတေးဇောင်းတော်ချုပ်ဆရာတော်ထံရောက်နေသည်ကို သိရှိလိုက်ရပါတော့သည်။

ဆရာတော်၏ မေတ္တာ၊ ကရုဏာတော်အောက်ဝယ် ကျွန်တော်သည် မိမိဘဝ၊ မိမိ၏အကုသိုလ်၊ မိမိ၏ဝဋ်ကြွေးကြမ္မာကံကို သိရှိလိုက်ရပါပြီ။

ဝက်မလေး၏ကြိမ်စာဒဏ်ကို ကျွန်တော်၏မိသားစုခံလိုက်ရပါပြီ၊ တကာယ်ခံစားရမည်က ကျွန်တော်ပါ၊ ယခုကျွန်တော်မိသားစုကကိုယ်စားခံသွားရပါပြီ၊ကျွန်တော့်ဝဋ်ကြွေးသည်လည်း တစ်နေ့နေ့ လာလိမ့်မည် ဟု ကျွန်တော်ယုံကြည်နေမိပါသည်။

ပြုလုပ်မိခဲ့သောအကုသိုလ်အကျိုးသည် ယခု ဒိဋ္ဌဓမ္မသောကဝေဒနာကိုခံစားနေရပြီး တစ်နေ့မိမိကိုယ်တိုင်ပင် ပြန်လည်ပေးဆပ်ရပါဦးမည်။

"ဒီသံသရာမှာ မိမိပြုလုပ်ခဲ့သောအကုသိုလ်အကျိုးကို ပေးဆပ်ရသည်မှာ သတ္တဝါတို့၏တာဝန်ပင် ဘုရားရဟန္တာသော်မှ ပေးဆပ်ရသည်၊ ထိုဝဋ်ကြွေးကို ကုသိုလ်ဓမ္မဖြင့်သာ

ပေးဆပ်ကုစားပါတပည့်၊ မင်းပြုလုပ်ခဲ့တဲ့အကုသိုလ်သည် တစ်ဘက်ကတိရစ္ဆာန်ဖြစ်နေလေတော့ ဒီကုသိုလ်က ပေးဆပ်ကုစားနိုင်မယ်ထင်ပါတယ် ”

ဆရာတော်၏မေတ္တာကရုဏာတရားတော်အောက်ဝယ် ကျွန်တော်သည် မလွတ်သောကံကြမ္မာဝဋ်ကိုပေးဆပ်ရန် တရားအသိဖြင့် အသင့်ကြိုတင်စောင့်ဆိုင်းနိုင်လျက်ရှိနေပြီတကား။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ထေရ်သံဃာပြစ်မှားသူ၏ကြမ္မာကံဆိုး

ဘုရားရှင်လက်ထက်က ရှင်ဒေဝဒတ်နှင့်စိဉ္စမာဏဝိကတို့သည် ဘုရားရှင်ကိုပြစ်မှား၍မြေမျိုပြီး အဝီစိငရဲကျရပါသည်၊ နန္ဒလုလင်သည် ဥပ္ပလဝဏ်မထေရီမကို စော်ကား၍ချက်ချင်းမြေမျိုခံခဲ့ရသည်၊ နန္ဒဘီလူးသည် နိရောဓသမာပတ်ဝင်စားနေသော ရှင်သာရိပုတ္တရာကိုစော်ကား၍ ချက်ချင်းမြေမျိုခံခဲ့ရပါသည်။

ဤမှာဘက်ခေတ် ကျွန်ုပ်တို့၏ဘဝသက်တမ်းတွင်

မပြစ်မှားမစော်ကားအပ်သော ခင်ပွန်းကြီးဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ရဟန်းသံဃာလည်းဖြစ်၊ မိမိကိုဆုံးမတရားဟောပြသူလည်းဖြစ်၊ ဆရာလည်းဖြစ်၊ အသက်သိက္ခာဂုဏ်ဝါကြီးသူလည်းဖြစ်သောပုဂ္ဂိုလ်တစ်ပါးကိုစော်ကား၍ ချက်ခြင်း ဒဏ်ထိအကျိုးပေးခံခဲ့ရသောဖြစ်ရပ်တစ်ခုကို ကျွန်ုပ်ဘဝတွင် မမျှော်လင့်ဘဲ တွေ့ကြုံခဲ့ရ၍ သံဝေဂကြီးစွာရခဲ့ပါသည်။

ကျွန်တော်၏မွေးဖွားရာဇာတိသည် ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ တော်ချိုက်ရွာဖြစ်သည်၊ ကျွန်တော်တို့ရွာသည် အိမ်ခြေ(၄၀၀)ကျော်နှင့် (၅၀၀)ကျော်ပတ်ဝန်းကျင်တွင်ရှိပြီး ရွာသူရွာသားများသည် မြန်မာဗုဒ္ဓဘာသာတောင်သူလယ်သမားများဖြစ်ကြပါသည်။

ရွာဦးတွင် အရှေ့ဘုန်းကြီးကျောင်းနှင့်အနောက်ဘုန်းကြီးကျောင်းဟူ၍ ကျောင်းနှစ်ကျောင်းရှိပါသည်။

ယခုဖြစ်ရပ်က အရှေ့ဘုန်းကြီးကျောင်းတွင်ဖြစ်ခဲ့သောဖြစ်ရပ်ဖြစ်ပါသည်။

ကျွန်တော်၏အိမ်ခြေရင်းဘက်၊ ခြံစည်းရိုးသာခြားပြီးနေထိုင်သောဦးသောင်း+ဒေါ်စိန်မေတို့သည် လယ်ယာလုပ်ကိုင်စားသောက်သော ရိုးသားသောလယ်သမားလင်မယား

ဖြစ်ကြပါသည်။

၁၃၃၈-ခု၊ ဝါဆိုလဆန်း(၈)ရက်နေ့တွင် ဦးသောင်း+ဒေါ်စိန်မေတို့၏ကျွဲပေါက်တစ်ကောင်သည် အရှေ့ကျောင်းဆရာတော်ဦးသုမန၏ ကျောင်းဝင်းထဲသို့ဝင်ရောက်ပြီး ဆရာတော်စိုက်ထားသောပန်းမာလ်စားပင်သောက်ပင်များကို ချိုဖြင့်ဝင်ခတ်ဖျက်ဆီးပစ်သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ဆရာတော်ဦးသုမနက ကျွဲရှင်ဖြစ်သော ဒေါ်စိန်မေကိုခေါ်ယူ၍ ကျွဲကိုထိန်းသိမ်းစောင့်ရှောက်ရန်မိန့်ကြားပါသည်။

ဆရာတောမိန့်ကြားချက်ကို ဒေါ်စိန်မေကလက်မခံ၊ ငါးစိမ်းသည်ကဲ့သို့ ကတ်ကတ်လန်ရန်တွေ့ပြီး ရင့်သီးရိုင်းစိုင်းသောစကားတို့ဖြင့် နှုတ်လှန်ကိုးဖြင့်ပြန်ပြောခဲ့ပါသည်၊ ထိုတွင်မကဘီလူးသရဲဝင်ပူးသကဲ့သို့ ဒေါသမာန်ကြီးစွာ ဆဲရေးတိုင်းထွာပြီ ခန္ဓာကိုယ်ရှိမသင့်တော်သောအရာဖြင့် ရိုင်းစိုင်းစွာလှန်ပြသွားခဲ့သည်။

ဆရာတော်ဦးသုမနသည် အလွန်နူးညံ့သိမ်မွေ့သူ၊ အရက်အကြောက်ကြီးသူဖြစ်၍ ကျန်းမာရေးကလည်းသိပ်ကောင်းလှသူမဟုတ်ချေ။

ဒေါ်စိန်မေက ထိုသို့ယုတ်မာရိုင်းပြစွာ စော်ကားမော်

ကားပြုမူပြောဆိုခံလိုက်ရသောအခါ အလွန်ပင်ရှက်ရွံ့ပြီး ဒေါ်စိန်မေနှင့်စကားပြောမှုကိုရှောင်လွှဲပြီး မိမိကြက်သရေခန်းထဲသို့ ဝင်သွားပါသည်။

ထိုနေ့မှစ၍ ရှက်လွန်း၍စိတ်ထိခိုက်ပြီး ဆေးမစား၊ ဆွမ်းမစား၊ စကားလည်းလုံးဝမပြော၊ မည်သူနှင့်မျှလည်း အတွေ့မခံတော့ဘဲ မိမိတရားကိုသာရှုမှတ်နေတော့သည်။

ဆရာတော်က ဒါယကာ၊ ဒါယကာမများကို အတွေ့မခံ၊ အပြောမခံသောအချိန်မှစ၍ ဒေါ်စိန်မေ၏ဆရာတော်အပေါ် ရိုင်းပြစွာဆက်ဆံပြောဆိုမှုကို ရွာသူကြီးများမှ မခံမရပ်နိုင်ဖြစ်ပြီး ကရားလိုလုပ်ပြီး တရားစွဲဆိုကြသည်။

ထိုအခါ ဂိုဏ်းချုပ်ဆရာတော်ကြီးက ပြစ်မှားကျူးလွန်သောဒေါ်စိန်မေကို သံဃာ၊ ရေဒဏ်ပေး၍ ဆရာတော်ဦးသုမနကို ဆွမ်းအစရှိသောဝတ္ထုကျွဲဖြင့် ပူဇော်ကန်တော့ပြီး တောင်းပန်ခိုင်းသည်။

ဒေါ်စိန်မေကဘဲ အကုသိုလ်ဝင်နေသလားမသိ၊ ဒေါ်စိန်မေသည် ဦးသုမနကို ဆွမ်းမပို့၊ မကန်တော့ဘဲ ဂိုဏ်းချုပ်ဆရာတော်ကိုသာ ဆွမ်းကိုပြီးကန်တော့လေသည်။

ဆရာတော်ဦးသုမနသည် ဆေးမစား၊ ဆွမ်းမစား၊ အတွေ့မခံဘဲနေသည်မှ (၉)ရက်မြောက်သောနေ့တွင် ခန္ဓာဝန်

စွန့်ပုံ့လွန်တော်မူလေသည်။

ဆရာတော်ဦးသုမန၏ အကျင့်သီလသိက္ခာနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဒါယကာ၊ ဒါယိကာမများတွင် ကြည်ညိုသူပေါများလှသည့်အတိုင်း ပုံ့လွန်တော်မူသောအခါဆရာတော်၏အလောင်းကို ဆရာတော်ကျောင်းထိုင်သော တော်ချိုက်ရွာကလည်းလိုချင်ကြသည်၊ တော်ပေါင်စိန်ရွာက ဒါယကာ၊ ဒါယိကာမများကလည်း လိုချင်ကြသည်။

အလောင်းကိုသူယူမည်-ငါယူမည် ဟုအငြင်းအခုံဖြစ်ကြသည်တွင် ရွာသူကြီးများက နှစ်ဘက်ညှိနှိုင်းပြီး လူအညီအမျှနှင့်ရေလယ်တွင် အလောင်းကိုဖောင်ပေါ်တင်၍ ဆွဲစေသည်၊ ဆရာတော်၏အလောင်းသည် ဘယ်ဘက်မှမပါ၍ ရွာနှစ်ရွာ၏အလယ် ပင်လယ်ရေကာတာပေါ်တွင် (၉)ရက်တိုင်တိုင် ပူဇော်ကျင်းပခဲ့ပြီးနောက် မီးသင်္ဂြိုဟ်ကြသည်၊ ဆရာတော်၏ အန္တိမစျာပနပွဲသည် ကြက်ပုံ့မကျစည်ကားလှ၍ ပြောစမှတ်တွင်ကျန်ရစ်ခဲ့ပါသည်။

ကျေးဇူးကြီးသောဆရာသမား၊ မိဘ၊ အသက်ဂုဏ်ဝါကြီးသူ အရိယာရဟန်းသံဃာစသော ခင်ပွန်းကြီးဆယ်ပါးကိုပြစ်မှားမိသောသူသည် လက်တွေ့ဘဝတွင် ပြင်းထန်သောအနာရောဂါကပ်ရောက်ရခြင်း၊ ဆေးကုမရသောအနာရောဂါ

ကပ်ရောက်ခြင်း၊ ခြေပြတ်လက်ပြတ်ကိုယ်အင်္ဂါပျက်စီးခြင်း စသော ဒဏ် (၁၀)ပါးလက်တွေ့ခံစားရသည်ဟု ဟောကြားထားသည့်အတိုင်းပင် ဆရာတော်အလောင်းမီးသင်္ဂြိုဟ်ပြီးနောက် မကြာခင်ပင်ဒေါ်စိန်မေသည် မိမိအိမ်နီးချင်းကလေးမငေါ်သွားကိုနှုတ်ပေးရာ ဒေါ်စိန်မေ၏လက်ညှိုးထိပ်သည် ပဲ့ပြီးသွေးစို့သွားပြီးဒဏ်ရာရခဲ့သည်။

ထိုမဖြစ်လောက်သောဒဏ်ရာလေးမှ ယားရှမနေနိုင်ဖြစ်ကာ တွေ့ရာနှင့်ပွတ်တိုက်ရာမှ သွေးသံရဲရဲဖြစ်ပြီး အနာရင်းလာသည်၊ ထိုအနာကို ဆရာမျိုးစုံနှင့်ကုသသော်လည်း မပျောက်တော့ဘဲ လက်ညှိုးသည် တဖြည်းဖြည်းတိုတိုသွားလေသည်။

သရာတော်ပျံလွန်ပြီးနောက် တစ်နှစ်ကျော်အကြာတွင် တစ်ရွာတည်းနေဒေါ်စိန်မေက သမီးကဲ့သို့ချစ်မြတ်နိုးပြီး ကူညီစောင့်ရှောက်ထားသောမိသားစုအားလုံးကျေးဇူးမကင်းသောမသန်းနွဲ့ဆိုသောမိန်းကလေးအိမ်သို့သွား၍ ဆံပင်ဖြူနှုတ်ခိုင်းသည်။

မသန်းနွဲ့သည် ဒေါ်စိန်မေကို အမေအရင်းကဲ့သို့ ချစ်မြတ်နိုးသူဖြစ်ပြီး ဒေါ်စိန်မေက ကျွေးမွေးပေးကမ်းထား၍ ကျေးဇူးခံကျေးဇူးစားမကင်းသူလည်းဖြစ်သည်၊ ဒေါ်စိန်မေက

လည်း အစစအရာရာလက်တိုလက်တောင်းခိုင်းစေနေသူဖြစ်ရာ ဒေါ်စိန်မေအပေါ်၌ အလွန်ချစ်မြတ်နိုးရိုကျိုးသူလေးဖြစ်ပါသည်။

ထိုနေ့ ဒေါ်စိန်မေဆံပင်ဖြူလာနုတ်လေသည်တွင် ဒေါ်စိန်မေကိုမြင်ကတည်းက မသန်းနွဲ့၏စိတ်ထဲ၌ ဆရာတော်ကိုသတ်သော ဤမိန်းမကြီးကိုသစ်ပစ်တာဘဲကောင်းတယ်၊ သစ်ပစ်ရမည်ဟု စိတ်မိုက်စိတ်ရိုင်းများဝင်ရောက်ပြီး သတ်လိုစိတ်တားမနိုင်ဆီးမရဖြစ်လာမိခဲ့သည်။

"အမေစိန်သာ အိမ်ရှေ့ကလှူမြင်တယ်၊ မီးဖိုချောင်ထဲသွားပြီး နုတ်ပေးမယ်၊ မီးဖိုချောင်ထဲရောက်လျှင် အမေစိန်ခါးပန်းမှာခေါင်းအုံးအိပ်ပါ၊ သမီး ဆံပင်ဖြူနုတ်ပေးမယ်"

ဟုပြောပြီး ဒေါ်စိန်မေကို မီးဖိုချောင်ထဲခေါ်လာပြီး အိပ်စေသည်၊ ထိုအချိန်တွင် မိမိကဒေါ်စိန်မေကိုသတ်ရန်စားရှာသည်၊ အနီးတွင် မိမိခင်ပွန်းထင်းခွဲပြီးထားခဲ့သော ရဲတင်းကိုအဆင်သင့်တွေ့၍အနီးသို့ယူလာပြီး ဒေါ်စိန်မေကိုဆံပင်ဖြူတစ်ပင်၊နှစ်ပင်နုတ်ပေးသည်၊ ဒေါ်စိန်မေကလည်း ယခင်ကကလိုပင် မျက်စိမှိတ်ဇိမ်ခံပြီး ဆံပင်ဖြူနုတ်ခံသည်။

မသန်းနွဲ့သည် မည်သို့သောစိတ်မိုက်စိတ်ရိုင်းများဝင်လာသည်မသိ၊ ရန်ငြိုးလည်းမရှိ၊ ကျေးဇူးရှင်ဖြစ်သော ဒေါ်စိန်

မေ ကို ပြုံးကနဲ ရဲတင်းနှင့်ခုတ်သတ်လိုက်မိပါတော့သည်။

မသန်းနွဲ့သည် ဒေါ်စိန်မေကိုသတ်ပြီးသောအခါ အလို လိုသတိရလာသည်၊ မိခင်ကဲ့သို့ချစ်မြတ်နိုးသော ဒေါ်စိန်မေကို သတ်မိ၍ ယူကျုံးမရဖြစ်မိတော့သည်၊ ဝမ်းနည်းပက်လက် ဖြစ်မိတော့သည်၊ သက်ဆိုင်ရာက လာဖမ်းသောအခါ၌လည်း ဘာကြောင့်သတ်မိမှန်းမသိ၊ မိမိသတ်မိကြောင်းဝန်ခံပြီး အဖမ်း ခံခဲ့သည်။

မသန်းနွဲ့လေးသည် မိမိကျေးဇူးရှင်ကိုသတ်မိ၍ ယူကျုံး မရဖြစ်မိပြီး မိမိကိုဖမ်းခေါ်သွားစဉ် မော်တော်ပေါ်မှနေ၍ ရေထဲခုန်ချသေရန်ကြိုးစားခဲ့သည်၊ မသန်းနွဲ့၏မိဘများသည် ကျေးဇူးရှင်ကိုသတ်သောသမီးပိုက်ဟုဆိုကာ ရုံးတွင်အမှုစစ် ဆေးသည့် (၇)ရက်ကာလအတွင်းလုံးဝလာမတွေ့ပေ။ မသန်းနွဲ့သည် ထိုလူသတ်မှုဖြင့် ထောင် (၇)နှစ်ကျခံခဲ့ရသည်။

တစ်ရွာလုံးက ပထမတော့ မသန်းနွဲ့လေးကို ပစ္စည်းလို ချင်၍ လူသတ်သည်ဟုထင်ကာ အထင်အမြင်လွဲကြသည်၊ နောက်ပိုင်းတွင် ပစ္စည်းကြောင့်မဟုတ်ဒေါ်စိန်မေ၏ဆရာ တော်အပေါ်စော်ကားခဲ့သောအကုသိုလ်ကံကြောင့် မသန်းနွဲ့ ကို ပုဂ္ဂိုလ်တစ်ဦးဦးကဝင်စီးပြီး အသတ်ခိုင်းသည်ဟု ယူဆကြ သည်၊ ဒေါ်စိန်မေ၏ဆရာတော်ကိုစော်ကားခဲ့သော အကု

သိုလ်ကံသည် ဇက်ပြတ်၊ ခြေပြတ်ဖြင့် လက်တွေ့ဘဝမှာပင် သေပွဲဝင်ရသောဒဏ်ကိုခံသွားရပါသည်၊ သေလျှင်ကား ဘယ်ဘဝသို့သွားမည်ကိုကား အထူးပြောစရာမလိုတော့ ဟု ဆိုကြပါသည်။

ခင်ပွန်းကြီးဆယ်ပါးကိုပြစ်မှားစော်ကားသော ကြမ္မာဝိပါက်ဟူသည်ပြေးမလွတ်ဘဲ မုချမသွေ ဒဏ်ခံရမည်ကို ဒေါ်စိန်မေ၏အဖြစ်အပျက်က သက်သေခံနေပါသည်-ဟု တော်ချိုင့်ရွာနှင့်တော်ပေါင်စိန်ရွာတစ်ရွာလုံးက ယနေ့တိုင်အောင် ပြောမဆုံးရှိနေပါတော့သည်။

ဤအဖြစ်အပျက်ကို တော်ချိုင့်ရွာသား ဦးသန်းက ပြောပြ၍ သတိသံဝေဂရကြစေရန် ခင်ပွန်းကြီးဆယ်ပါး မပြစ်မှားမိကြစေရန် သတိရစေလို၍ အဖြစ်အပျက်ကို ပြန်လည်ရေးသားတင်ပြရပါသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# ငါဝင့်ကြွေး ပေးဆပ်ရပါပြီးကော

ဖြူးမြို့၊ ညောင်ပင်သာအရှေ့ကျောင်းကြီးဆရာတော် ဦးသာသနက "တို့ မဟာသဒ္ဓမ္မဇောတိကပဋ္ဌာန်းအဖွဲ့ခေါင်းဆောင်ဒကာကြီး ဦးတုတ်လှကဦးဆောင်ပြီး တပင်ရွှေထီးတည်သွားတဲ့စိန်ကြီးဘုရားကိုပြုပြင်နေတယ်၊ ယခု စိန်ကြီးဘုရားက ယခင်ကလို တောထဲမှာမဟုတ်တော့ဘူး၊ ယခု ဒီအစိုးရခေတ်မှာ ရေအားလျှပ်စစ်စီမံကိန်းတွေ၊ စိုက်ပျိုးရေးစီမံကိန်းတွေ ဒီနေရာမှာလာလုပ်နေပေတော့ စိန်ကြီးဘုရားက ယခုသိပ်ထင်ရှားနေပြီး မင်း---အဲဒီစိန်ကြီးဘုရားသမိုင်းလေးများ ရှာဖွေ စုဆောင်းရေးပေးနိုင်ရန် ရေးပေးစမ်းပါ"

ဟု မိန့်ကြားပါသည်။

မှန်ပါသည်၊ ဖြူးမြို့၊ အနောက်တောင်ဘက်(၄)မိုင်ကွာ ပဲခူးရိုးမတောင်ခြေ၊ ကျင်းချောင်းနံဘေးရှိ စိန်ကြီးဘုရားသည် ယခင်က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ တရားလာရောက်အားထုတ်ရာနေရာ ဘုရားအဖြစ်နာမည်ကြီးသလို ဥစ္စာစောင့်တို့ဖြင့်လည်း နာမည်ကြီးခဲ့သောနေရာဖြစ်ပါသည်။

ယခု နိုင်ငံတော်က လူငယ်အားမန်၊ စိုက်ပျိုးရေးစခန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ လာရောက်လုပ်ကိုင်သဖြင့် ယခင်က ကားလမ်းမှတောင်ခြေအထိ (၃)မိုင်ပတ်

ဝန်းကျင်၌ တောအုပ်တို့ဖြင့်ဖုံးလွှမ်းနေသောစိန်ကြီးဘုရား ကြိုးဝိုင်းသည် ယခုအချိန်တွင် စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းများ၏မြေဇရိယာဖြစ်နေပါသည်။

ထိုစိန်ကြီးဘုရား ပတ်ဝန်းကျင်သစ်တောနှင့်ပတ်သက်၍ တစ်ချိန်ကဖြစ်ပျက်ခဲ့ပြီး သံဝေဂရကာ ရဟန်းပြုခဲ့သော သစ်တောဦးစီးမှူးဦးမြင့်သိန်းခေါ် ဦးပါမောက္ခ၏ဘဝကိုလည်း တသသ သတိရမိနေပါသည်။

သို့အတွက် သူ့ဘဝသူ့ဇာတ်ကြောင်းဖြစ်ရပ်လေးကို ဓမ္မသံဝေဂရကြစေရန် ပြန်လည်ရေးသားတင်ပြအပ်ပါသည်။

၁၉၃၅-ခုနှစ်တွင် ကျွန်တော်သည် တောင်ငူမှနေပြီး ရာထူးတိုးတောအုပ်အရာရှိရာထူးဖြင့် ဖြူးမြို့လေးသို့ရွှေ့ပြောင်းခဲ့ရပါသည်။

ကျွန်တော့်ဘဝကံကောင်းသည်ဟုဆိုရမလား မသိပါ။ ကျွန်တော်သည် ကျွန်တော်၏ချစ်သူဘောဘီသိန်းနှင့်လက်ထပ်ပြီး နှစ်လအကြာတွင် ကျွန်တော်ရာထူးတက်ပြီး ဤမြို့လေးသို့ ပြောင်းရွှေ့ရခြင်းဖြစ်ပါသည်။

ကျွန်တော်က ဗုဒ္ဓဘာသာ၊ ကျွန်တော့အမျိုးသမီးက ကရင်ခရစ်ယံဘာသာဝင်ဖြစ်ပါသည်၊ ကျွန်တော်ကလည်း သာမန်ဗုဒ္ဓဘာသာမိဘမှ ဆင်းသက်လာသူဖြစ်၍ ဘာသာရေး

ကိစ္စများအလေးအနက်ထားခြင်းမရှိခဲ့ပါ။ ဘေဘီ၏ကိုးကွယ်မှု ဘာသာကိုလည်း လွတ်လပ်စွာစိတ်ကြိုက်ကိုးကွယ်ခွင့်ပြုခဲ့ပါသည်၊ သူမကလည်း ကျွန်တော်၏ဗုဒ္ဓဘာသာကိုးကွယ်မှုကို မကန့်ကွက်ခဲ့ပါ။

ကျွန်တော်တို့ဗုဒ္ဓဘာသာက သူတို့ဘာသာလို ပုံမှန် တနင်္ဂနွေနေ့ ဘုရားကျောင်းတက်၊ ဝတ်ပြုရသောတင်းကြပ် သောစည်းကမ်းမရှိပါ၊ ဗုဒ္ဓဘာသာတို့၏နေ့ထူးနေ့မြတ်သည် လတစ်လ၏လဆန်း(၈)ရက်၊ လပြည့်၊ လဆုပ်(၈)ရက်၊ လကွယ်နေ့ ဟူ၍ တစ်လ(၄)ရက်၊ ဥပုသ်သီတင်းစောင့်သုံးရ သောနေ့ရှိပါသည်၊ သို့သော် ထိုဥပုသ်နေ့များတွင် မိမိစိတ်ဆန္ဒ အရ ဥပုသ်စောင့်လိုက စောင့်-မစောင့်လည်းရပါသည်၊ ထို ရက်များတွင် အတင်းဥပုသ်စောင့်ရမည်ဟူ၍ တင်းကြပ်သော စည်းမျဉ်းသတ်မှတ်ထားချက်မရှိပါ၊ မိမိကုသိုလ်ရယူလိုသော ဆန္ဒရှိက စောင့်နိုင်ပါသည်။

ဘေဘီ၏ဘာသာမှာ သူမ၏အဆိုအရ တနင်္ဂနွေနေ့ တိုင်းဝတ်ပြုရမည်၊ မပြုက ဘုရားသခင်၏အကုသိုလ်ပြုမှတ် တမ်းတွင် ပါဝင်သွားမည်ဖြစ်၍ ဘုရားသခင်က တရားဆုံးဖြတ် သောနေ့တွင်၊ ကောင်းကင်ဘုံသို့အပို့မခံရတော့ဘဲ ထာဝရ ငရဲဘုံသို့ပို့ခံရမည် ဟု ဆိုပါသည်။

သို့အတွက် သူမကတော့ ငရဲဘုံသို့ပို့ခံရမည့်ဘေးကို ကြောက်သဖြင့် ဘုရားရှိခိုးကျောင်းမှန်မှန်တက်ပါသည်၊ ကျွန်တော်ကလည်း သူမကိုချစ်သဖြင့် တစ်ခါတစ်ရံ သူမဝတ်ပြုဆုတောင်းရာဘုရားကျောင်းသို့လိုက်သွားလေ့ရှိပါသည်။

ယေရှုခရစ်သည် သတ္တဝါများအပေါ် ချစ်ခင်သနားမေတ္တာထားသောပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်ပါသည်၊ သူ၏သနားကရုဏာ၊မေတ္တာသည် ကျွန်တော်တို့ဗုဒ္ဓဘုရားဟောခဲ့သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားနှင့်ညီ၍ ယေရှုခရစ်ကို သူ၏လေးနက်သောအတ္တမကျင့်စဉ် (ကျွန်တော်တို့ဗုဒ္ဓဘာသာတရားဇာတိအရ ငြိမ်းအေးရာမြတ်နိဗ္ဗာန်ရောက်စေမည့် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးကျင့်စဉ်)တို့ကိုမသိသေးသော်လည်း ထိုမေတ္တာ၊ ကရုဏာတော်ကြောင့်ပင် လေးစားမြတ်နိုးမိပါသည်။

ဘေဘီသည် အလွန်နူးညံ့သိမ်မွေ့ပြီး သူတစ်ထူးကိုလည်း အလွန်သနားကြင်နာတတ်သူဖြစ်ပါသည်၊ သူ၏သနားကြင်နာတတ်မှုကြောင့် သူမတွင်အခြွေအရံပေါ်များသည်၊ ကျွန်တော်၏တပည့်သားများက ကျွန်တော့်ကိုခြံရံသည်မှာ ကျွန်တော်၏ရာထူးနှင့်လုပ်ငန်းတာဝန်အရ ခြံရံကြခြင်းဖြစ်ပါသည်၊ သူမကိုခြံရံကြသည်က အာဏာနှင့်ကြောက်ရွံ့မှုမပါ၊

သူ့မ၏သနားခြင်း၊ မေတ္တာထားခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ ကူညီမှုပေးခြင်း ဟူသော "ခြေ"မှုကြောင့် "ရံ"ဖြင်းဖြစ်ပါသည်။ ကူညီသူစောင့်ရှောက်သူ "သင်းပင်း"လည်းပေါလှပါသည်။

ကျွန်တော်တို့လင်မယားသည် နှစ်ဘက်မိဘများကို နှုတ်ဆက်ကန်တော့ပြီး ဖြူးမြို့လေးသို့ရွှေ့ပြောင်းခဲ့ရပါသည်၊ ဤမြို့လေးတွင် ကျွန်တော်၏သစ်တောဦးစီးဌာနအနေနှင့် ကျွန်တော်သည် ရာထူးအကြီးဆုံးဖြစ်၍ တစ်ဗိုလ်တစ်မင်း အနေဖြင့် နေခဲ့ရပါသည်။

ကျွန်တော်သည် ဖြူးမြို့လေးသို့ရောက်ပြီး တစ်လ အကြာတွင် လုပ်ငန်းများလည်း အားလုံးလေ့လာအောင်ရှက် နိုင်ခဲ့ပြီး ဖြူးမြို့နှင့်အနောက်ဘက် (၃)မိုင်ကွာဝေးသော ပဲခူးရိုးမ တောနှင့်စိမ့်ကြီးဘုရားသစ်တောကြိုးဝိုင်းသို့ ကွင်းဆင်းစစ်ဆေး မှုများပြုလုပ်ရပါသည်။

ထိုသို့စိမ့်ကြီးဘုရား သစ်တောကြိုးဝိုင်းတွင် ကွင်းဆင်း လေ့လာစခန်းချရင်း ကျွန်တော်သည် မုဆိုးကျော်ဖိုးတင်နှင့် ပေါင်းမိပြီး တောပစ်ဝါသနာပါလာပါသည်။

ကျွန်တော့်တွင် အရာရှိတစ်ယောက်အနေဖြင့် တော ပစ်သေနတ်ကိုင်ခွင့်ရထား၍ အတော်ပင်အဆင်ပြေပါသည်၊ မုဆိုးကျော်ဖိုးတင့်ကလည်း သူ့မှာက လေးနှင့်မြှားသာရှိ၍

တောကောင်ပစ်ရာတွင် သိပ်အရေးမသာလှ၊ ကျွန်တော် တောပစ်သေနတ်ကထိရောက်မှုရှိ၍အလွန်ပင်အားကျပြီး ကျွန်တော်အားလပ်၍အနားယူချိန်တိုင်း တောပစ်လာခေါ်ပါသည်။

တောကောင်ရ၍ အသားများရလာလျှင် ကျွန်တော့်တပည့်က သူ့သခင်မ ကျွန်တော့်ဇနီးထံပြန်ပြန်ပို့ပေးလေ့ရှိပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် သစ်တောကြီးဝိုင်းဆင်းလိုက်၊ အိမ်ပြန်လာလိုက်နှင့် လုပ်ငန်းခွင်အဆင်ပြေနေပါသည်၊ တစ်ခါတစ်ရံ ဘေဘီက အိမ်မှာနေခဲ့ရတာပျင်းသည်ဆိုပြီး တောသို့တစ်ညအိပ်၊ နှစ်ညအိပ်လိုက်နေလေ့ရှိပါသည်။

သူမသည် ကျွန်တော်နှင့် မုဆိုးကျော်ဖိုးတင့်တို့ ပစ်၍ရသောအသားကိုစားသော်လည်း ကျွန်တော်တောပစ်သည်ကို မကြိုက်ပါ။

"အကိုရယ်---သူတို့မှာလည်း အသက်ကလေးတွေရှိနေတာဘဲ၊ သူတို့ခမျာလည်း သေမှာတော့ကြောက်ကြတာပေါ့၊ သူတို့ကို အကိုသေနတ်ကြီးနှင့်မပစ်ပါနှင့်၊ အကိုသေနတ်က သူတို့ကိုသတ်ဖို့မဟုတ်ပါဘူး ကိုယ့်ကိုအန္တရာယ်ပြုသူပေါ်လာရင် ကာကွယ်ဖို့သာဖြစ်ပါတယ်"

ဟုတစ်ခါတစ်ရံ ကျွန်တော့်ကို နားချပြောပါသည်။

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဗုဒ္ဓဘာသာတွင် ငါးပါးသီလသည် အလေးမြတ်ထားအပ်သော ကျင့်ဝတ်သီလဖြစ်ပါသည်၊ ထိုကျင့်ဝတ်သီလနံပါတ်တစ်မှာ သူ့အသက်မသတ်ရ ဖြစ်ပါသည်။

သို့သော် ကျွန်တော်သည် ထိုကျင့်ဝတ်ကို အလေးအနက်မထားခဲ့ပါ၊ သာမန်လောက်သာ သဘောထားပြီး တောပစ်ထွက်ရသည်ကိုနှစ်သက်သဘောကျနေမိပါသည်။

တစ်နေ့တွင် ကျွန်တော့်ဇနီးပါလိုက်ပါလာပြီး စိန်ကြီးဘုရားကြီးဝိုင်းတွင်စခန်းချပါသည်၊ တပည့်သားများကလည်း ခုနှစ်ယောက်လောက်ပါလာ၍ တစ်ပျော်တစ်ပါးကြီးဖြစ်ပါသည်။

ကျွန်တော့်ဇနီး၏ "အခြွေ"ကောင်းမှုကြောင့် သူတို့သည် သူမကို "ရံ"ကြကာ တောထဲမှာလိုလေသေးမရှိ ပြုစုကြပါသည်၊ စောင့်ရှောက်ကြပါသည်၊ ကျွန်တော့်ဇနီးကလည်း အလွန်ပျော်ရွှင်ပါသည်။

နောက်နေ့ကျွန်တော်တို့တောပစ်ထွက်ရာသို့ သူမပါလိုက်ကြည့်လိုသည်ဆိုပြီး လိုက်ခွင့်ပြုရန်ပြောပါသည်၊ ကျွန်တော်ကသူမလိုက်မည်ဆို၍ ပို၍ပင်ဝမ်းမြောက်မိပါသည်။

ကျွန်တော်တို့အဖွဲ့သည် ကွင်းချောင်းကိုကျော်ဖြတ်၍

ပဲခူးရိုးမကြောလေးအဝါသို့တက်ရောက်ခဲ့ကြပါသည်၊ ထိုရိုးမကြောလေးတွင် အလွန်လှပဖြောင့်စင်းသောသမင်မတစ်ကောင်သည် အပူအပင်ကင်းစွာဖြင့် အစာစားနေသည်ကို တွေ့လိုက်ရပါသည်။

မုဆိုးကျော်ဖိုးတင့်က သူ့မြားနှင့်ပစ်လျှင်ရနိုင်သည်ဟုပြောပါသည်၊ ကျွန်တော်က ငါကိုယ်တိုင်သေနတ်နှင့်ပစ်မည်ဟုပြောပြီး သမင်ကိုသေချာစွာသေနတ်ဖြင့်ချိန်လိုက်ပါသည်။

ကျွန်တော် သမင်ကိုသေနတ်နှင့်ချိန်နေစဉ် ကျွန်တော့်ဇနီးသည် ကျွန်တော့်ကိုကြည့်လိုက်၊ သမင်ကိုကြည့်လိုက်နှင့်လုပ်နေပါသည်၊ ကျွန်တော်က သူမကိုဂုဏ်ယူဝင့်ကြွားသောအပြုံးဖြင့်ပြုံးပြလိုက်ပြီး သမင်ကိုပစ်ချလိုက်ပါသည်။

သမင်သည် ချက်ကောင်းကိုထိသွားဟန်တူပါသည်၊ လုံးဝမပြေးနိုင်တော့ဘဲ ထိုနေရာမှာပင် ပစ်လဲကျသွားပါသည်။

ကျွန်တော်တို့တတွေ အားရဝမ်းသာစွာနှင့် သမင်လဲကျရာနေရာသို့ပြေးတက်လိုက်သွားမိကြပါသည်။

သမင်အနီးသို့ရောက်သောအခါ သမင်သည် မသေသေးပါ၊ သမင်မဖြစ်ပါသည်၊ သမင်မသည် ဗိုး(ကိုယ်ဝန်)နှင့်ဖြစ်ပြီး သေနတ်ဒဏ်ရာကို မချိမဆံ့ခံနေရပုံပေါက်နေပါသည်။

သမင်မမျက်လုံးဆိုသည့်အတိုင်း အရည်ရွှဲသော

မျက်လုံးဖြင့်ကျွန်တော့်ကိုကြည့်ပြီး တစ်ဘက်ကလည်း ဝေဒနာကိုပြင်း ထန်စွာခံစားနေရဟန်ပြနေပါသည်။

ကျွန်တော်ဇနီးက သမင်မကိုကြည့်ပြီး အလွန်သနားနေပါသည်၊စိတ်တသပ်သပ်နှင့်ဖြစ်နေပါသည်၊ သမင်မဦးခေါင်းကိုပွတ်သပ်ပေးနေပြီး ဒဏ်ရာကိုလည်းပြုစုပေးနေပြန်ပါသည်၊ သူမက ထိုသို့လုပ်နေ၍ မည်သူမျှသမင်မကိုထမ်းယူရန် ဖျက်ရန်မပြုလုပ်ဝံ့ကြတော့ချေ။

ထိုခဏမှာပင် သမင်မသည် မျက်လုံးမှိတ်ပြီး မိမိခန္ဓာကိုယ်ကိုအားကုန်ညှစ်လိုက်ရာ သမင်လေးတစ်ကောင် မွေးဖွားလာပါသည်။ ကျွန်တော့်ဇနီး၊ ကျွန်တော်နှင့်အဖွဲ့သားများပါအားလုံးအံ့အားသင့်ရပါတော့သည်။

-ကျွန်တော့ဇနီးက သမင်မကို သူ့ကလေး သူရအောင်မွေးဖွားသွားတာအာဂမိခင်သမင်မဘဲ ဟု ဆိုလိုက်ပါသည်။

ပြီးလျှင် သမင်မ၏ဦးခေါင်းကို ပွတ်သပ်ပေးပြီး "ညည်းကလေးအသက်ရှင်အောင် ငါပြုစုကျွေးမွေးစောင့်ရှောက်ပါ့မယ်၊ ညည်း၏ယောက်ျားနှင့်ငါတို့ကို ခွင့်လွှတ်ပါနော်"

ဟု မျက်ရည်စမ်းစမ်းနှင့်ပြောနေပါသည်။

သမင်မသည် ကျွန်တော့်ဇနီးကို အရည်လဲ့သောမျက်လုံးအစုံဖြင့် တစ်ချက်ဖွင့်ကြည့်ပြီး ငြိမ်သက်သေဆုံးသွားပါ

တော့သည်။

မွေးကင်းစသမင်လေးမှာ ယက်ကန်ယက်ကန်နှင့် မိခင်မေတ္တာမဲ့စွာ လှုပ်ရှားနေပါသည်၊ ကျွန်တော့်ဇနီးက သမင်လေးကို ပွေ့ယူပြီး သမင်မနို့သီးကို သမင်လေး၏နှုတ်သီးဖြင့် တေ့ပေးလိုက်ပါသည်၊ သမင်လေးသည် အငန်းမရစို့ပါသည်၊ သေလေပြီးသောသမင်မမိခင်၏နို့က ထွက်-မထွက်တော့မသိပါ။

ကျွန်တော်၏ဇနီးသည် မျက်ရည်လေးတစမ်းစမ်းနှင့် သမင်လေးကိုပြုစုနေသည်ကို ကျွန်တော်သည်ငေးမောစိုက်ကြည့်နေရင်း ကျွန်တော်ကိုယ်ကျွန်တော်လည်း အလွန်သံဝေဂရမိသွားပါတော့သည်။

သားကောင်များကိုပစ်ခတ်သောတောပစ်အလုပ်ကိုလည်း အလွန်စက်ဆုပ်ရွံရှာမိသွားပါသည်။

ကျွန်တော်သည် ကျွန်တော်ပစ်၍ သေသွားရသောသမင်မနှင့် မိခင်မဲ့သွားသောသမင်လေးကိုကြည့်ပြီး သူတို့မိသားစု၏ချစ်ခြင်းကိုခွဲမိလေပြီ-ဟု အလွန်ကုန်လှုပ်ချောက်ခြားသွားမိပါသည်။

ကျွန်တော်သည် ထိုသို့တုန်လှုပ်ချောက်ခြားသွားမိပြီးဤသမင်မအသားကိုစားလိုစိတ်လည်းမရှိတော့ပါ၊ တပည့်များကိုကြွင်းတူးစေပြီး လူကဲ့သို့ကောင်းမွန်စွာ သဂြိုဟ်ပေးလိုက်

ပါသည်။

ကျွန်တော်တို့သည် စိတ်မကောင်းစွာ သံဝေဂကြီးစွာ ဖြင့် သမင်မွေးကင်းစကိုသယ်ယူလာပြီး တပ်ခေါက်ခဲ့ကြပါ သည်၊ ဖြူးသို့ချက်ချင်းပြန်ရန်လည်း ဆုံးဖြတ်ခဲ့ကြပါသည်၊ သမင်လေးကိုကျွန်တော်ဇနီးက ဖြူးသို့ယူလာပြီး မွေးမည် ဟု ဆိုပါသည်၊ ကျွန်တော်ကလည်း သဘောတူပါသည်။

သို့သော် တောခေါင်းကိုဘသန့်က ဆရာ-မြန်မာတွေ အယူအဆမှာ တောကောင်တွေ ရွာထဲဝင်ရင် ရွာပျက်တတ် တယ်လို့ ယုံကြည်ထားကြတယ်၊ ဒီသမင်လေးကလည်း တော ကောင်ဖြစ်နေတော့ ဆရာတို့မှာ အများနှင့်ပြဿနာဖြစ်နေဦး မယ်၊ ကျွန်တော်ဘဲ အသက်ရှင်အောင် မွေးပေးပါမယ်၊ အရွယ် ရောက်တော့ တောထဲပြန်လွှတ်ပေးလိုက်တာပေါ့”

ဟု အကြံပြုပြောပြလာပါသည်။

ကျွန်တော်နှင့်ကျွန်တော်၏ဇနီးသည် မြန်မာအယူ အဆယုံကြည်လက်ခံထားတာကို မှန်၏-မမှန်၏ကို မဆုံးဖြတ် နိုင်ကြ၍ အများနှင့်လည်းမဆန့်ကျင်လို၍ ထိုသမင်လေးကို တောခေါင်းကိုဘသန့်ကိုပင် အပ်နှံထားခဲ့ရပါတော့သည်။

ကျွန်တော်သည် ထိုအချိန်မှစ၍ သတိသံဝေဂရလာ ပြီး ဖြူးမြို့၊ မြို့တောင်ကျောင်းဆရာတော်ထံချဉ်းကပ်မိပြီး

ဥပုသ်စောင့်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရားစာပေ ဖတ်ခြင်းတို့ကို ပြုလုပ်လာမိခဲ့ပါသည်၊ ပုတီးစိပ်တိုင်းလည်း ထိုသမင်မသားအမိသေဆုံးပုံ၊ မီးဖွားပုံတို့ကို မျက်စိထဲအမြဲမြင် ယောင်နေရသလို ခံစားနေမိပါတော့သည်။

သမင်မလေးသေပြီးနောက် တစ်လအကြာတွင် ကျွန်တော်ဇနီး၌ ကိုယ်ဝန်ရှိလာပါသည်။

ကိုယ်ဝန်ရှိစဉ် ကျွန်တော်ဇနီးက "အကိုသတ်လိုက်တဲ့ သမင်မက ကျွန်မတို့ထံလာနေပါရစေလို့ ခွင့်တောင်းနေတယ်၊ ကျွန်မကလာနေလို့ ခွင့်ပေးလိုက်တယ်"

ဟု သူ့အိမ်မက်အကြောင်းကို အမှတ်တမဲ့ပြောပါသည်၊ ကျွန်တော်ကလည်း သူသမင်မကို စွဲလမ်းလို့မက်တာဟု အမှတ်တမဲ့ပင်ထင်ပြီး ပြုံးပြလိုက်ကာ-

"ဘေဘီသဘောတူလည်း ပြီးတာပဲပေါ့ကွာ"

ဟု ကျွန်တော်က သူ့လက်ကလေးကိုဆွဲယူနမ်းပြီး ပြုံးရွှင်စွာ ပြောလိုက်မိပါသည်။

"ကိုယ်ကလည်း သမင်မသေကာနီးတုံးက ကျွန်မက သူ့ကို ကြင်ကြင်နာနာပြောဆိုပွတ်သပ်ပေးနေတော့ သူကျွန်မ ကိုမျက်လုံးရွဲကြီးနှင့်ကြည့်ပြီးသေသွားတာ ကျွန်မကိုများ စွဲလမ်း သွားသလားမသိဘူးနော်"

ဟု ထပ်ပြောပါသည်။

“မင်းတို့ဘာသာမှာ အဲဒီလိုမျိုးအစွဲရှိလို့လားကွ၊ ဘုရားသခင်အလိုရသာရှိတာပါ၊ မစွဲလမ်းစမ်းပါနဲ့ကွာ”

ဟု ကျွန်တော်က ရှုပ်နောက်နောက်ပြန်ပြောပြီး ရုံးကိုထွက်ခဲ့ရပါသည်။

နေ့ကိုရက်စား၊ ရက်ကိုလစား၍ တရွေ့ရွေ့ကုန်လာပါသည်၊ ဇနီးသည်၏ကိုယ်ဝန်သည်လည်း တဖြည်းဖြည်းရင့်လာပါသည်၊ ကိုယ်ဝန်ရှိလာ၍ သားမှန်း၊ သမီးမှန်းမသိပေမဲ့ သားသမီးရလာတော့မည်ဖြစ်၍ တယုယုတယယနှင့် ကျွန်တော်တို့မှာ ရှိနေရပါသည်။

(၈)လအလွန် (၉)လအရောက်တွင် ဇနီးမှာမီးဖွားရန်အချိန်ရောက်လာပါသည်၊ ကျွန်တော်က သူ့မိဘများရှိရာတောင်ငူသို့သွားပြီး မီးဖွားရန်ပြောပါသည်၊ သူမကလက်မခံပါ၊ အစ်ကိုမျက်စိအောက်မှာဘဲဖွားပါမယ်၊ ဖွားပြီးစရင်သွေးကိုတွေ့မြင်ရတဲ့အစ်ကိုရဲ့ဝမ်းသာကြည်နူးမှုလေးကိုကျွန်မမြင်ချင်လို့ ပြီးတော့ ဒီမှာကလည်းဝိုင်းဝန်းပြုစုမဲ့သူတွေအပြည့်ရှိတယ်၊ ဟု ဆိုကာဖြူးမှာတွင်မွေးဖွားရန် သူမကဆိုပါသည်။

ကျွန်တော်ကလည်း သူမမှာ ခြွေရံသင်းပင်းပေါပြီး မြန်မာလက်သည်ကလည်းစောင့်ရှောက်နေတာတွေ့ရ၍ သူမ

ဆန္ဒကို ခပ်ပေါ့ပေါ့ပင်သဘောတူလိုက်ရပါသည်။

သူမမွေးဖွားမီရှေ့တစ်ရက်တွင် ကျွန်တော်သည် ရုံးကိစ္စဖြင့် တောင်ငူသစ်တော်မင်းကြီးရုံးသို့သွားရပါသည်၊ ဇနီးကိုသူ၏ခြွေရံသင်းပင်းတွေလက်ထဲအပ်ထားခဲ့ရပါသည်။

တောင်ငူသို့ အထက်မင်းကြီးအမိန့်အရ သွားရသော်လည်း စိတ်ထဲမှာ ဇနီးလေးအတွက် စိတ်ကလေးနေမိပါသည်။

"သြော်---ငါ့ဇနီးလေး ငါချစ်တာများပြီး စိုးရိမ်စိတ်များလို့ ခံစားနေရတာဘဲ၊ မင်းကြီးထံက မြန်မြန်ကိစ္စပြီး မြန်မြန်ပြန်လာလို့ရတာဘဲ"

ဟု စိတ်ကိုဖြေပြီးထွက်ခဲ့ရပါသည်။

ကျွန်တော် တောင်ငူသို့ရောက်ပြီး မင်းကြီးကိုတွေ့ကာ လမ်းညွှန်ချက်များကိုခံယူရပါသည်၊ မင်းကြီးထံခံယူချက်ယူပြီး နှစ်ဘက်မိဘတို့ထံဝင်ပြီး ဇနီးမီးဖွားတော့မည့်အကြောင်း သတင်းကောင်းစကားလိုက်လံပြောကြားရပါသည်။

ဇနီးအမေက သူ့သမီးကို သူ့ထံခေါ်လာပြီးမွေးရန် ပြောသလို ကျွန်တော်အမေကလည်း ဒီမှာလာမွေးရန်ပြောကြပါသည်၊ ကျွန်တော်ကလည်း ဇနီးပြောပြသောအကျိုးအကြောင်းနှင့်ဆန္ဒကိုပြောပြပြီး သူတို့၏ဆန္ဒကိုနှစ်သိမ့်ရပါသည်။

နောက်တစ်နေ့ တောင်ငူမှ ကျွန်တော်ပြန်ထွက်ရန် ပြင်ဆင်နေဆဲမှာပင် ဖြူးမှကျွန်တော်၏တပည့် ကိုကျင်မောင် ရောက်လာပါသည်၊ ကိုကျင်မောင်ကို မြင်မိကတည်းက ကျွန်တော့်ရင်ကဲမှာ ထိပ်သွားမိပါသည်။

"ကိုကျင်မောင် ဘာကိစ္စရှိလို့လိုက်လာတာလဲ"

ကိုကျင်မောင်သည် ကျွန်တော်ကိုကြည့်ပြီး မျက်စိမျက်နှာပျက်အမူအရာနှင့်ပြောမထွက်ဖြစ်နေပုံရောက်နေပါသည်။

"ကိုကျင်မောင် ပြောလေဗျာ--ဘာကိစ္စလဲ"

ကျွန်တော်ကခပ်ဆတ်ဆတ်မေးလိုက်မှ ကိုကျင်မောင်သည်မျက်ရည်တွေကျပြီး တရှုပ်ရှုပ်ငိုရင်း---

"ဆရာ-ဆရာ- ဆရာ့ကတော်ရယ်လေ---သမီးလေး မွေးပြီးဆုံးသွားရှာပြီ"

ကျွန်တော်တစ်ကိုယ်လုံး မိုးကြိုးပစ်ချခံရသို ခံစားရပြီး

"ကိုကျင်မောင်---ဘာပြောတယ်-ဘာပြောတယ်--- ဘေဘီဆုံးပြီဟုတ်လား"

ဟု ထိတ်လန့်တကြားပြန်အော်မေးပါသည်။

"ဟုတ်ပါတယ်ဆရာ၊ သမီးလေးမွေးပြီးဆုံးသွားပါပြီ

ကျွန်တော်ရှုးမတတ်ခံစားသွားမိပါသည်၊ ကျွန်တော် မျက်ကွယ်မှာ ချစ်ဇနီးဘေဘီ ဘယ်လောက်ခံစားသွားရပြီး ဘယ်လိုမိခင်မေတ္တာအပြည့်နှင့်သူ့သမီးလေးကို မွေးပေးသွားခဲ့ ပါသလဲ ”

ထိုခဏမှာပင် သမင်မသားအမိသေပုံ၊ မွေးဖွားပုံတို့ကို သတိရမိပြီး “ငါ့ဝဋ်ကြွေးပေးဆပ်ရပါပြီကော” ဟု တုန်လှုပ် ခံစားမိသွားပါသည်။

ကျွန်တော်သည် နှစ်ဘက်မိဘများကို မင်္ဂလာ သတင်းပေးခဲ့သည်၊ ယနေ့နံနက် အ-မင်္ဂလာသတင်းကိုပေးပြီး သူတို့ကိုပါခေါ်ကာ ဖျူးသို့ပြန်လာခဲ့ရပါသည်။

ချစ်ဇနီးအလောင်းကိုမြင်ရသောအခါ ရင်စို့ပြီး မူးမ တတ်ခံစားရပါသည်၊ သမီးလေးကိုကြည့်လိုက်တော့ သမင် မျက်လုံးလေးကဲ့သို့အရည်ရွှဲသောမျက်လုံးနှင့်လှပနုဖွေးပြီး ချောမောလှပသောသမီးလေးကို မြင်လိုက်ရ၍ စိတ်ထဲမှာ အလွန်ကြည်နူးဝမ်းမြောက်မိပါသည်၊ ဝမ်းနည်းဝမ်းသာစိတ် ခံစားမှုဆိုတာ ဒါမျိုးဘဲဖြစ်ပါမည်။

ကျွန်တော်သတ်ခဲ့သောသမင်မသည် သူ့သမီးကိုခက် ရာခက်ဆစ်မေးပွေးခဲ့ပြီး ကျွန်တော်ပေးသောဒဏ်ရာဖြင့်ပင် လောကမှထွက်ခွာသွားခဲ့ပါသည်။

ယခု ကျွန်တော်၏ဇနီးသည် ကျွန်တော်ပြုခဲ့သော အကုသိုလ်ဝဋ်ကြွေးဒဏ်ကို ကြားကကိုယ်စားခံနေသလား မသိ၊ သမီးလေးကို ခက်ရာခက်ဆစ်မွေးဖွားပေးပြီး လူ့လောကသို့ စွန့်ခွာသွားခဲ့ပါသည်။

သမင်မသည် မေတ္တာကရုဏာအကြင်နာကြီးမားသော ကျွန်တော်၏ဇနီးထံလာနေမည်ဟု အိမ်မက်ပေးခဲ့သည်၊ ယခု သမင်မမျက်လုံးနှင့်သမီးကလေးရောက်လာပါပြီ။

သမင်မသားလေးကို ကျွန်တော်ကိုယ်စား တောခေါင်း ကိုဘသန့်ကကျွေးမွေးပြုစုစောင့်ရှောက်သလို ဤသမင်မမှာဘဝတဖြစ်လဲ သမီးလေးကိုကျွန်တော်ပြုစုကျွေးမွေးစောင့်ရှောက်ရပါတော့မည်။

ငါပြုသောဝဋ်ကြွေး၊ ငါချစ်သောဇနီးကအသေခံရပြီးငါ့ကိုတသိမ့်သိမ့်ကြေကွဲအောင် နောင်တရအောင် ဤသမင်မနှင့်သမီးက ပညာပြဆုံးမလာပြီကော။

ကျွန်တော်သည် တုန်လှုပ်ပေါက်ကွဲမှုပြင်းထန်စွာဖြင့် ဇနီးကိုသဂြိုဟ်အပြီးတွင် သမီးလေးကိုဘိုးဘွားထံအပ်နှံကာ စိန်ကြီးဘုရား သစ်တောကြိုးဝိုင်းသို့ထွက်ခဲ့ပါသည်၊ ထို့နောက် စိန်ကြီးဘုရား၊ တောရကျောင်းဆရာတော်ထံတွင် ရဟန်းခံကာ စိတ်သက်သာရမှု၊ ဝမ်းနည်းကြေကွဲမှုတွေပြေပျောက်အောင်

တရားမွေကိုရှာပါသည်၊သူတို့၏ဝင့်ကြွေးကိုပေးဆပ်သည့်အနေနှင့် တရားမွေကုသိုလ်အဖို့ဘာဂကို အမျှပေးဝေနေရပါတော့သည်။

(ဖြူးမြို့၊ ကျောက်ဟိုင်ရွာတွင် ကျောင်းထိုင်သွားပြီး ရပ်ကျိုးရွာကျိုး သည်ပိုးဆောင်ရွက်ရင်း တစ်ဘက်ကတရားမွေအားထုတ်သွားခဲ့သော ဆရာတော်ဦးပါမောက္ခ၏ဘဝဖြစ်စဉ်ကို ပြန်လည်တင်ပြခြင်းဖြစ်ပါသည်)

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## မိမိပြုသောကံ မိမိသာခံ၍ကြွေးဆပ်ရပါမည်

ဤလူတစ်စု၊ ကိုယ်ပင်ပြုသား၊ ကိုယ်မှုကိုယ်ကံ
ကိုယ်လုပ်ကြံတိုင်း၊ ကိုယ်ခံရမြဲ မလွဲတို့ချေ
မောင်သိစေလော့။
အမွေဆက်ခံ၊ မြောင်မြဲခံ၍ ကံ ကံအကျိုး
ကောင်းအဆိုးကို ဆွေမျိုးတကာ
သတ္တဝါတိုင်း မှန်စွာမသွေ ရမြဲပေတည်း။
(မဃဒေဝ-၂၃)

ကွမ်းလုံမြို့ကလေးသည် တောင်စဉ်တောင်ဝှမ်း အဆင့်ဆင့်၌ တည်ထောင်ထားသောအေးချမ်းသာယာသော မြို့ကလေးတစ်မြို့ဖြစ်ပါသည်၊ ထိုမြို့၏အောက်မှာ သံလွင်မြစ်သည် တသွင်သွင်စီးဆင်းနေပါသည်။

ထိုသံလွင်မြစ်ကို ကွမ်းလုံတံတားကြီးက လှပခန့်ငြားစွာဖြတ်ကျော်တည်ဆောက်ထား၍ ကွမ်းလုံတံတားသည် ပို၍ပင် အလှကြွယ်နေသည်ဟု ထင်ရပါသည်။

စာရေးသူသည် ထိုမြို့ကလေးသို့ ထေရဝါဒဗုဒ္ဓသာသနာပြုလူပုဂ္ဂိုလ်သင်တန်းဖွင့်လှစ်ပို့ချရင်း ရောက်ရှိသွားရပါသည်၊ သင်တန်းပို့ချမှုပြီးသော ညနေဆည်းဆာအချိန်ဝယ် စာရေးသူသည် ပတ္တမြားတည်းခိုခန်း၏နောက်ဖေးလွင်ပြင်ခြံပေါ်မှနေပြီး သံလွင်မြစ်ပသာဒနှင့်ကြိုးတံတားအလှသဘာဝအရသာကိုခံစားနေမိပါသည်။

ထိုအချိန်တွင် မြောင်ဇီးအမျိုးသားတစ်ဦးသည် စာရေးသူဘေးသို့ရောက်လာပြီး လက်အုပ်ချီကန်တော့ရင်း-

"ဆရာကြီးက တက္ကသိုလ်သျှင်သီရိပါလားခင်ဗျား" ဟု ဗမာသံခပ်ဝဲဝဲစကားဖြင့် မေးပါသည်။

"ဟုတ်ပါတယ်၊ ထိုင်ပါ-ကိစ္စရှိပါသလားခင်ဗျာ"

"အထွေအထူးကိစ္စမဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က အတန်းပညာ (၈)တန်းအထိ သင်ဖူးပါတယ်၊ စာလည်းဖတ်ပါတယ်၊ ဆရာကြီးရဲ့ရုပ်ပြစာအုပ်တွေကိုလည်း ကလေးတွေငှားလာလို့ဖတ်ဖူးပါတယ်၊ ပြီးတော့ ဆရာကြီးရဲ့ "လာခြင်းကောင်း၍ပြန်ခြင်းချမ်းမြေ့ပါစေနှင့် သေရွာပြန်တို့၏ဖြစ်ရပ်မှန်အတွေ့အကြုံများစာအုပ်တွေလည်း ဖတ်ဖူးပါတယ်၊ ကျွန်တော် အဲဒီစာအုပ်တွေဖတ်ပြီးကတည်းက ဆရာကြီးနှင့်တွေ့ချင်နေတာ၊ ယခုတိုက်တိုက်ဆိုင်ဆိုင်မမျှော်လင့်ဘဲလာတွေ့ကြုံရတော့ ကျွန်တော်အလွန်ဝမ်းသာမိပါတယ် ဆရာကြီး"

"တွေ့ချင်တာက ဘာအတွက်တွေ့ချင်တာပါလဲ"

"ဒီလိုပါဆရာကြီး၊ ကျွန်တော့်ဘဝမှာ ခံစားနေရတဲ့ ဝဋ်ကြွေးတစ်ခုရှိနေပါတယ်၊ ဒီဝဋ်ကြွေးကို ကျွန်တော်ဆရာကြီးတို့လိုပုဂ္ဂိုလ်မျိုးကိုပြောပြချင်ပါတယ်၊ ပြီးတော့ ဆရာကြီးထံက ကျွန်တော့်ဘဝအတွက် ဖြေဆေးတစ်ခုရနိုင်လိမ့်မည်လို့ မျှော်လင့်မိပါတယ်ဆရာကြီး"

"ကဲ-ပြောပါ၊ ကျွန်တော်ခင်ဗျားအဖြစ်အပျက်ကို နားထောင်ပြီး၊ ခင်ဗျားအတွက် တတ်နိုင်သလောက်အဖြေတစ်ခု ပေးပါမယ်"

"ကျွန်တော် မူလက ခရာဇ်ယန်ဘာသာကိုးကွယ်သူ

ပါ၊ အရာရာကို ဘုရားသခင်အလိုကျ ဘုရားသခင်က ဖန်ဆင်းတယ်ဆိုတာကို လက်ခံထားသူပါ၊ ယခု ဤဝင်နွှကြွေးဇာတ်လမ်းဖြစ်ပြီးမှ ဗုဒ္ဓဘာသာစာပေတွေလေ့လာရင်း ကံ-ကံ၏အကျိုးယုံကြည်ပြီး ဗုဒ္ဓဘာသာကိုလက်ခံယုံကြည်ပြီး လေ့လာနေဆဲပါ၊

ကျွန်တော်ဟာ ဒီကွမ်းလုံမြို့သားမဟုတ်ပါဘူး၊ ဟိုပန်မြို့သားပါ၊ လားရှိုး၊ ကွမ်းလုံကုန်တင်ကား စပယ်ယာလိုက်ရင်း ဒီကွမ်းလုံမြို့သူနှင့်ညားလို့ ကွမ်းလုံရောက်လာတာပါ၊

ကျွန်တော် ပထမဦးဆုံး သမီးလေးတစ်ယောက်ရပါတယ်၊ ကျွန်တော်က သမီးလေးမွေးတော့ မိဘတို့ရဲ့ချစ်ခြင်းမေတ္တာစိတ်အပြည့်အဝနှင့်ဒီသမီးလေးကို လူ့လောကအလယ်မှာ တင့်တောင်းတင့်တယ်ဘဝ၊ မကြောင့်မကျ မပူမပင်ရဘဝနဲ့ပညာသင်စေချင်တယ်၊ ဘဝကိုတည်ဆောက်စေချင်တယ်၊ အဲဒါကြောင့် ကျွန်တော်အလုပ်ကို ကြိုးစားလုပ်ပါတယ်၊ တတ်နိုင်သလောက် ခြိုးခြံချွေတာပြီး စုဆောင်းပါတယ်၊

ဒါပေမယ့် စပယ်ယာဘဝရငွေနှင့် ဘဝတစ်ခုပြီးပြည့်စုံဖို့ဆိုတာမလွယ်မှန်း ကျွန်တော်သိလာတယ်၊ အဲဒီတော့ ကျွန်တော်လတ်တလောငွေရလွယ်တဲ့အလုပ်၊ ကြီးပွားချမ်းသာမဲ့အလုပ်ကို စဉ်းစားလာမိတယ်၊

အဲဒီလိုစဉ်းစားလာမိရင်းကနေ လားရှိုးမှာ ကျွန်တော်တို့လို ကားစပယ်ရာဘဝကနေပြီး ကြီးပွားချမ်းသာသွားတဲ့ ကိုလှငွေဆိုသူနှင့်ဆက်သွယ်မိပါတယ်၊ သူက ဟိုပန်လောက်ကိုင်ဘက်ကလာတဲ့ ဘိန်းစိမ်းတွေကို ကွမ်းလုံကတစ်ဆင့် လားရှိုးကိုပို့ပေးဖို့ပြောတယ်၊ သူက အခြေအနေအရပ်ရပ်နှင့် လုပ်ပုံလုပ်နည်းအားလုံးကို နည်းပေးလမ်းပြပြုပါတယ်။

ဒါနဲ့ ကျွန်တော်လုပ်ဖြစ်သွားပါတယ်၊ ငွေကလည်း မျှော်မှန်းသည်ထက်ပို၍ရပါတယ်၊ သုံးလအတွင်း ကျွန်တော်ဟာ ကွမ်းလုံမှာ သင့်တော်တဲ့အိမ်လေးတစ်လုံး ဝယ်လာနိုင်ပါတယ်၊ မယားနှင့်သမီးကိုလည်း လိုလေးသေးမရှိ ထားနိုင်ခဲ့ပါတယ်။

ဒီနေရာမှာ ကြားဖြတ်တစ်ခု ကြိုတင်ပြောထားပါရစေဆရာကြီး၊ ကျွန်တော်ဝယ်လိုက်တဲ့ အိမ်နီးနားချင်းအိမ်မှာ ကြောင်မတစ်ကောင်ရှိတယ်၊ အဲဒီကြောင်မဟာ အလွန်ခိုးစားတတ်တဲ့အလေ့အကျင့်ရှိတယ်၊ မကြာမကြာ အိမ်ကအစားအသောက်တွေခိုးစားခံရတယ်၊

တစ်နေ့မှာ အဲဒီကြောင်မဟာ ကျွန်တော့သမီးအတွက်ထားတဲ့ဟင်းကို ခိုးစားသွားတယ်၊ ကျွန်တော့ဒေါသဟာ အတိုင်းထက်အလွန်ဖြစ်သွားတယ်၊ ဒီကြောင်မကိုသတ်

ရန် ကျွန်တော်ဆုံးဖြတ်လိုက်မိပါတယ်၊

အဲဒီလိုဆုံးဖြတ်ပြီး ဒီကြောင်မကို အစာနှင့်ထောင်ဖမ်းလိုက်တာမိတော့တာပါဘဲ၊ ကြောင်မကိုမိတော့ ဒေါသအရှိန်ကဆထက်တပိုးတက်ပြီး ကြောင်မကို နင်-ဒီခြေ၊ ဒီလက်တွေရှိလို့ ခုသွားလာနိုင်ပြီး ခိုးစားနိုင်တာ၊ နင့်မှာ ဒီခြေဒီလက်သာမရှိရင် ခိုးမစားနိုင်ဘူး ဆိုပြီး ဒေါသနှင့်ကြောင်မရဲ့ခြေ၊လက်တွေကို ဖြတ်တောက်ပစ်လိုက်မိတယ်၊

ကြောင်ခမျာမှာလည်း မချိမဆန့်ဖြစ်ခံရပြီး သေဆုံးသွားပါတယ်၊ ကျွန်တော်ကတော့ ကျွန်တော့ရန်သူကြောင်မကိုကလဲ့စားချေလိုက်ရလို့ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်နေပါတယ်။။

ကျွန်တော် ကြောင်မကို ခြေဖြတ်၊ လက်ဖြတ်နှိပ်စက်နေတဲ့အချိန်မှာ ကျွန်တော့ဇနီးက ဈေးကပြန်လာရင်းတွေတော့ ကြောင်မရဲ့ မချိမဆန့်ခံနေရတာကိုလဲမြင်ရပြီး အလွန်စိတ်မကောင်းဖြစ်ပြီး ကြောင်မကိုသနားကရုဏာဖြစ်ကာ-
"အစ်ကိုရယ်-တိရစ္ဆာန်ဘဲ မသိလို့ခိုးစားတာ ဘာဖြစ်လို့ဒီလောက်အထိ ရက်ရက်စက်စက်လုပ်နေရသလဲ၊ မလုပ်ပါနဲ့"
ဟု တားပါသည်၊ ကြောင်မသည် ကျွန်တော့ဇနီးအသံကိုကြားသောအခါ ကျွန်တော့ဇနီးကို မျက်လုံးလေးကလယ်ကလယ်

နှင့်ကြည့်ပါတယ်၊ သူ့ကို ကယ်ပါလို့ပြောဟန်တူပါတယ်၊ ကျွန်တော်ဇနီးကလည်း ကြောင်မခံနေရတဲ့ဝေဒနာကို စုပ်တသပ်သပ်နဲ့ဖြစ်နေပါတယ်၊ နောက်ဆုံးမကြည့်ရက်လို့လားမသိဘူး၊ "အစ်ကိုရယ် ဒီလိုတော့သတ္တဝါလေးတွေကို နိုင်ထက်စီးနင်းမလုပ်ပါနဲ့၊ မသေမရှင် ဒုက္ခိတဘဝရောက်အောင်လည်းမလုပ်ပါနဲ့၊ သတ်ချင်ရင်လည်း ဘဝပြတ်အောင်အသေသာသတ်လိုက်ပါလို့"ပြောတော့ ကျွန်တော်လည်း ဒီလောက်ရှိလှတဲ့ကြောင်မ-သေပေတော့ ဟုဆိုပြီး ခေါင်းဖြတ်သတ်မိလိုက်ပါတယ်၊

ကျွန်တော်ဘဝကြောင်မကိုသတ်မိတဲ့ အကုသိုလ်ဝင်သွားလားမသိပါဘူးဆရာကြီးရယ်၊ တစ်ပါတ်အကြာလားရှိုးကိုပစ္စည်းအပို့မှာ စစ်ဆေးရေးဂိတ်က သတင်းအရကျွန်တော်တို့ကားကို ပိုက်စိပ်တိုက်ရှာတော့ ပစ္စည်းတွေအမိခံရပါတယ်၊ ကားရော၊ ဒရိုင်ဘာရော၊ ကျွန်တော်ပါ အဖမ်းခံရပါတယ်၊ ကျွန်တော်က ကျွန်တော့အတွက်ကြောင့် ကျွန်တော့ကားပိုင်ရှင်ရော၊ ကားမောင်းသူကိုပါ အပြစ်မကျရောက်စေလို၍ ကျွန်တော့ပစ္စည်း ကျွန်တော်သယ်ယူတာ သူတို့မသိပါဘူး-ဟု ဝန်ခံလိုက်ရပါတယ်၊

အဲဒီအမှုနှင့် ကျွန်တော်ထောင်(၅)နှစ်ကျခံခဲ့ရပါတယ်၊

ကျွန်တော်ထောင်ထဲရောက်လို့ တစ်နှစ်ပြည့်ကာနီးလောက်မှာ ကျွန်တော့်ဇနီးမှာ သားကလေးတစ်ယောက်မွေးတယ်ဆိုတာ သိရပါတယ်၊ သားကလေးမွေးတယ်ကြားတော့ ကျွန်တော် အလွန်ဝမ်းသာပါတယ်၊ သမီးမွေးတာထက်တောင် ဝမ်းသာပါတယ်၊ ထောင်ဝင်စာလာတွေ့သောဇနီးကို အဆင်ပြေက သားကလေးကိုပါခေါ်လာပြဖို့ ကျွန်တော်က ဇနီးကိုအတန်တန်မှာပါတယ်၊ ဇနီးက ကွမ်းလုံကနေ လားရှိုးကိုလာရတာ ကားမလွယ်၊ ခရီးလမ်းကြမ်း၍ ကလေးဒုက္ခရောက်မည်စသည်ဖြင့် အကြောင်းပြကာ တစ်ခါမျှခေါ်မလာပါဘူး၊

အဲဒီလိုနဲ့ ကျွန်တော်ဟာ လားရှိုးထောင်ထဲမှာ ကောင်းမွန်စွာနေမှု၊ ကျရာတာဝန်ကျေပွန်စွာထမ်းဆောင်မှု၊ လူကြီးများ၏ချစ်ခင်လေးစားမှုကိုခံရပြီး လျှော့ရက်များစွာရပြီး (၃)နှစ်ကျော်ကျော်နှင့် ထောင်မှထွက်ခဲ့ရပါတယ်၊ ထောင်က ဘယ်ညမှာလွတ်မည်ကိုမသိတော့ ဇနီးကိုလည်းကြိုပြောမထားမိပါဘူး၊ ထောင်ကလွတ်တယ်ဆိုရင်ဘဲ ကျွန်တော်ဟာ လားရှိုးကနေပြီး ကွမ်းလုံကိုကြုံရာကားနှင့်လိုက်ပြီး ပြန်ခဲ့ပါတယ်၊

ညနေအချိန်ရောက်သွားပါတယ်၊ ကျွန်တော်လည်း အိမ်ရောက်သွားတော့ သမီးငယ်ကိုသာတွေ့ရပါတယ်၊ သမီးငယ်က မေမေ-မောင်လေးနှင့်ဈေးဘက်သွားတယ်၊ အခု ပြန်လာမယ်လို့ ပြောပါတယ်၊

သမီးနှင့် စကားပြောလို့မဆုံးခင်မှာဘဲ ကျွန်တော်ဇနီး ရောက်လာပါတယ်၊ ကျွန်တော် အခုလိုထောင်က လွတ်လာပြီး ရုတ်တရက်ကြီးရောက်လာတာကို သူခင်မျာ အံ့ကလည်း အံ့သြ၊ ဝမ်းလည်းသာနှင့် မျက်ရည်တွေကျပြီး ငိုပါတော့တယ်၊

သူနောက်ကျောပိုးနှင့် လွယ်ထားတဲ့ကလေးကတော့ ကျွန်တော့ကို သူ့အမေပုခုံးကျော်ပြီး ကျွန်တော့ကိုပြူးတူး ကြောင်တောင်နှင့်ကြည့်နေပါတယ်၊

ဇနီးက ငိုလို့အားရပြီးမှ ကလေးကို စောင်ပုခက်ကျော ပိုးမှထုတ်ပြီး "သား-ဒါမင်းအဖေဘဲ"လို့ပြောပြီး ကလေးကို ရှေ့မှာပြပါတယ်၊ ကလေးက ကျွန်တော့ကိုတိုက်ရိုက်မြင်လိုက် ရသည်နှင့်တစ်ပြိုင်နက်တည်းမှာဘဲ-"နင်---ငါ့အဖေမဟုတ်ဘူး ငါ့ကိုခြေတွေလက်တွေဖြတ်ခဲ့တာ၊ နင်ဘဲ၊ ငါမုန်းတယ်၊ မေမေ--သား -သူ့ကို အဖေမတော်ချင်ဘူး"

သားငယ်က ကျွန်တော့ကို စူးစူးဝါးဝါးကြည့်ပြီး အဲဒီလို ကလေးအသံလေးနဲ့ အော်ဟစ်ပြောပါတော့တယ်၊

ကျွန်တော် အတော်ပင်တုန်လှုပ်ချောက်ချား သွားမိပါ တယ်၊ ကလေးကိုလည်း ယခုမှသေချာစွာကြည့်မိပါတယ်၊ မှန်ပါတယ်၊ ကျွန်တော့သားလေးမှာ ခြေမှာဒူးခေါင်းအထိသာ ပါပြီး လက်မှာလက်မောင်းအထိသာပါသော ခြေပြတ်လက်

ပြတ်လေးဖြစ်နေပါတယ်၊

ကြောင်မကို ကျွန်တော်ခြေဖြတ်၊ လက်ဖြတ်ထားသည့် အတိုင်း ကလေးမှာလည်း ဒီအတိုင်းပါလာပါတယ်၊

ကျွန်တော် အလွန်ပင် ကြေကွဲဝမ်းနည်းရပါတယ် ဆရာကြီး၊ ဒီကြောင်မက ဒီလိုကျွန်တော့ဇနီးထံ လူအဖြစ် ပြန် ဝင်စားလို့ရပါသလားဆရာကြီး၊ ဒါဟာ ဆရာကြီးတို့ ဗုဒ္ဓဘာ သာတရားတော်အရ ဘယ်လိုဖြစ်ရပါသလဲဆရာကြီး၊ ဒါ ကြောင်မဟာ ကျွန်တော့ကို ကလဲ့စားပြန်ချေဖို့ ပြန်ဝင်စား လာတာလား၊ ဒါမှမဟုတ် ကျွန်တော်က သူ့ဝဋ်ကြွေးကို ပေး ဆပ်ရမှာလား၊ ကျွန်တော်ဟာ အတိတ်ဘဝကြောင်မကို အလွန်မုန်းခဲ့ပေမယ့် ယခု သားဘဝကျတော့ မမုန်းရက်ဘူး၊ ချစ်လည်းချစ်တယ်၊ သနားလည်းသနားတယ်ဆရာကြီး၊ အဲဒါ ဆရာကြီး ကျွန်တော့ကိုအဖြေတစ်ခုပေးပါခင်ဗျာ”

မြောင်ဇီးအမျိုးသားကြီးသည် သူ၏ဇာတ်လမ်းကိုပြော ပြပြီးအဆုံးဝယ် မျက်ရည်တွေ တတွေတွေကျပြီးနေပါသည်၊ စာရေးသူထံမှ အဖြေတစ်ခုကိုလည်း စောင့်နေပါသည်။

စာရေးသူက သူ့ကို ကုသိုလ်ကံ-အကုသိုလ်ကံတို့ အကြောင်းတွေပြောမပြခင် မောင်ညိုနှင့်ဆန်တစ်စလယ် အကြောင်းပြောပြပါသည်၊ မောင်ညိုဘဝ၊ တိုက်ကြွက်ဘဝ

ရောက်ပုံ၊ သေကာနီး နွားမကြီးကလာနမ်း၍ နွားမနောက် အာရုံရောက်ပြီး နွားဘဝရောက်ပုံ၊ နွားဘဝအသတ်ခံရကာနီး စာရေးကြီးကတော်က ကရုဏာနှင့်ပြောပုံ၊ ထိုစာရေးကြီးက တော်ကိုစွဲလမ်းပြီး နွားဘဝကနေ လူ့ဘဝရောက်လာပုံ၊ ယခု လည်း သူ၏ဇနီးက ကြောင်မကြီးကိုသနားကရုဏာနှင့်ပြောပုံ၊ ထိုအတွက် ကြောင်မက ဇနီးကိုစွဲလမ်းပြီးဝင်စားပုံအကြောင်းစုံ နှင့် သိဟိုဠ်လက်ထက်က ညီက မရိုးနှင့်ဖောက်ပြန်ပြီး အစ်ကို ကိုသတ်ပုံ၊ အစ်ကိုကမယားကိုစွဲလမ်းပြီး မြွေဘဝ၊ ခွေးဘဝ နွားဘဝရောက်ရှိပြီး နောက်ဆုံး မယားထံသားအဖြစ်နှင့်ပြန် ဝင်စားပုံ၊ သားကမိခင်က အတိတ်ဘဝက ရန်သူဖြစ်နေ၍ နှိပ်စက်အတိုက်မခံပုံ ဇာတ်လမ်းစုံကိုပြောပြရပါသည်။

ထိုဇာတ်လမ်းများကိုကြားရသော မြောင်ဇီးအမျိုးသား ကြီးသည် အားတက်ရွှင်လန်းလာပါသည်၊ စာရေးသူက သူ့ကို ကံ-ကံ၏အကျိုးပေးပုံ၊ အာသန္နကံက မည်သို့မည်ပုံအကျိုးပေး ပုံအကြောင်းစုံကိုရှင်းပြရပါသည်၊ သားလေးကိုလည်း အတုံ့ အလှဲ့သဘောမထားဘဲ မေတ္တာတရားနှင့်ပြုစုစောင့်ရှောက် သင့်ပုံ၊ သူ့ဘဝအကုသိုလ်များသောတိရစ္ဆာန်ဘဝကနေ ရခဲ သောလူ့ဘဝကို ခင်ပွန်းနှင့်ခင်ပွန်းဇနီးစွဲလမ်းမှုကြောင့်ရလာ ၍ အသိဉာဏ်ရှိသောလူ့ဘဝကို ရလာသောကြောင့် ယခုဘဝ ထက်အဆင့်မြင့်သောဘဝရောက်အောင် အသိအလိမ္မာ

ဉာဏ်ပညာတွေရအောင် လုပ်ပေးဖို့ဟောပြောပြရပါသည်၊ ခြေပြတ်လက်ပြတ်ဖြစ်ရသည်မှာလည်း သူ၏အကုသိုလ်ကံ ကြောင့်ဖြစ်ရသည့်အကြောင်းကိုပါ ရှင်းပြရပါသည်။

မြောင်ဇီးအမျိုးသားကြီးသည် နောက်ဆုံးကျွန်တော့ အဖြေကိုသဘောကျပြီး သူကြောင့်တိရစ္ဆာန်ဘဝမှ ကျွတ်လွတ် ခဲ့ရသောသူသားကို ယခုဘဝတော့ အဆင့်မြင့်အောင်ကြိုးစား ပါမည်၊ ဖခင်မေတ္တာအပြည့်ဖြင့် သူဘဝ လူတစ်လုံး၊သူတစ်လုံး ဖြစ်အောင် တည်ဆောက်ကြိုးစားပေးသွားမည် ဟု ကတိပြု သွားပါသည်။

လောကတွင် ကံတရားစီမံမှုအရ ဝဋ်ကြွေးရှိပါက ပေးဆပ်ရမည်သာဖြစ်ပါသည်၊ ဘယ်သူမပြုမိမိမှု၊ မိမိပြုသော ကံ မိမိသာပြန်ခံရမည်ကို သတိပြုမိကြစေလိုပါသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# မိဘပြစ်မှားသူ၏နောက်ဆုံးရလာဒ်

ကျွန်တော်သည် (၁၅-၁-၆၆)နေ့တွင် အ-မ-က(၁၈) မြောက်ဥက္ကလာကျောင်း၌ မူလတန်းပြဆရာအဖြစ်ခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရပါသည်။

အမိန့်စာရပြီး ကျောင်းသို့သတင်းပို့ပြီးသောအခါ ကျောင်းအုပ်ဆရာကြီးဦးတင်စိုးက ဆရာအသစ်ကလေးကို အတွေ့အကြုံရအောင် သူငယ်တန်းကဘဲစ၍ တာဝန်ယူသင်ကြားပေးပါဟုတာဝန်ပေး၍ ကျွန်တော်သည် သူငယ်တန်းမှစ၍ အတန်းပိုင်ကိုင်၍ သင်ရပါသည်။

ထိုအချိန်မှစ၍ မောင်နီတိုးဆိုသော ကျောင်းသားငယ်နှင့် ကျွန်တော်စတင်ရေစက်ဆုံခဲ့ရပါသည်။

မောင်နီတိုးသည် လိမ္မာသည်၊ စာကြိုးစားသည်၊ ဆရာ၊ ဆရာမတိုမျက်နှာရိပ်မျက်နှာကဲကိုလည်း အလွန်အလိုက်သိတတ်ပြီး အတန်းပိုင်ဆရာအပြင် အားလုံးသောဆရာ၊ ဆရာမတို့၏ဝေယျာဝစ္စဟူသမျှကိုလည်း မညည်းမညူဆောင်ရွက်ပေးတတ်သဖြင့် ဆရာ၊ ဆရာမအားလုံးကလည်း မောင်နီတိုးလေးကို ပေါ့ပါးဖြတ်လတ်သူ၊လိမ္မာသူအဖြစ် အားလုံးချစ်မြတ်နိုးကြပါသည်။

မောင်နီတိုး၏လိမ္မာမှု၊ ကြိုးစားမှု၊အတန်းပိုင်ဆရာ၏ ဝေယျာဝစ္စ၊ အတန်း၏သောက်ရေခပ်၊ သန့်ရှင်းရေးဝေယျာ ဝစ္စတို့ကို ကတ်တွက်မှုမရှိဘဲ ဆောင်ရွက်လုပ်ကိုင်တတ်သော သူ၏စေတနာမေတ္တာကြောင့် သူ့ကိုအတန်း၏ခေါင်းဆောင် အဖြစ် တင်မြှောက်ခံခဲ့ရပါသည်။

သူ၏စာကြိုးစားအားထုတ်မှုရလာဒ်ကြောင့် အစမ်း စာမေးပွဲ၊ အတန်းတင်စာမေးပွဲတို့တွင် အမြဲပထမရခဲ့ပါသည်။

မိမိကျောင်းသားနှင့် မိမိအတန်းတက်လိုက်ရသော စနစ်အရ ကျွန်တော်သည်လည်း မောင်နီတိုးနှင့် လေးနှစ်လေး မိုးဆုံတွေ့ခဲ့ရပါသည်၊ သူလေးတန်းအောင်သောအခါ အ-ထ- က(၁)မြောက်ဥက္ကလာပကျောင်းသို့ ပြောင်းရွှေ့ပညာသင်ရ သလို ကျွန်တော်သည်လည်း အ-ထ-က (၁)လမ်းမတော် (ယခင် စိန့်ဂျွန်းကျောင်း)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရ သဖြင့် မောင်နီတိုးနှင့် ကျွန်တော်သည်ခွဲခွာခဲ့ရပါသည်။

ထိုမှ(၁၀)နှစ်ကြာသော် ကျွန်တော်သည် မြောက်ဥက္က လာ[illegible]ရေစက်ကြောင့်လားမသိ၊ မြောက်ဥက္ကာသူနှင့်အိမ် ထောင်ကျခဲ့ပါသည်၊ ကျွန်တော်၏အမျိုးသမီးသည် မောင်နီတိုး [illegible]နေသူဖြစ်၍ တပည့်မောင်နီတိုးနှင့် ကျွန်တော် ရေစက်မကုန်ပြန်လည်ဆုံတွေ့ရပြန်ပါသည်။

သို့သော် သူနှင့်ကျွန်တော် ယခုပြန်တွေ့ဆုံရမှုသည် လိမ္မာသောမောင်နီတိုး၊ စာကြိုးစားသော မောင်နီတိုးအဖြစ် တွေ့ဆုံရသည်မဟုတ်ဘဲ (၈)တန်းတဘုန်းဘုန်းကျပြီး ကျောင်းထွက်နေရသော မောင်နီတိုး၊အရက်ကလေးတမြမြနှင့်မိဘကို ကလန်ကဆန်ပြော၊ နှိပ်စက်ကလူပြုနေသော တပည့်မိုက် လူဆိုးလေးအဖြစ် ပြန်လည်တွေ့ဆုံရခြင်းဖြစ်၍ ကျွန်တော့်မှာ သူ့အတွက် နှမြောခြင်း၊ ဝမ်းနည်းမိခြင်း၊ ယူကျုံးမရဖြစ်မိရပါသည်၊ တစ်ချိန်က လိမ္မာခဲ့သော၊ တပည့်တော်ခဲ့သော သံယောဇဉ်နှောင်ကြိုးကြောင့် သူ့ဘဝကို မေးမြန်းစုံစမ်းခဲ့ရပါသည်။

မူလတန်းကျောင်းသားဘဝက အလွန်လိမ္မာ၍ အလွန်စာတော်ခဲ့သော၊ မိဘဆရာသမားကို အလွန်လေးစားချစ်ကြည်မြတ်နိုးခဲ့သော မောင်နီတိုးသည် အလယ်တန်းကျောင်းသားဘဝတွင် အပေါင်းအသင်းမှားခဲ့၍ ကျောင်းပြေးပြီးရုပ်ရှင်ကြည့်သည်၊ မြို့ထဲလျှောက်သွားသည်၊ ဗိုလ်ချုပ်ပန်းခြံနှင့်ကန်တော်ကြီး၊ အင်းယားကန်တို့တွင် အချိန်ဖြုန်းခဲ့သည်၊ မိဘဆရာတို့ကို အမျိုးမျိုးလှည့်ပတ်ပြီး ကျောင်းပြေးခဲ့သည်၊ မိဘငွေများကို အလဟဿအကျိုးမဲ့ဖြုန်းပစ်ခဲ့သည်၊ နောက်ပိုင်းတွင် အပေါင်းအသင်းကစုံသထက်စုံလာပြီး အရက်လေးတမြမြဘဝသို့ရောက်ခဲ့ရတော့သည်။

ကျွန်တော့်အိမ်နှင့် သူတို့အိမ်တို့သည် သိပ်မဝေးလှ၍ သူမူးပြီးမိဘတွေကိုပူညံပူညံလုပ်နေသည်ကို ကျွန်တော်ကြား နေရသည်၊ သို့အတွက် တစ်နေ့ကျောင်းအားလပ်ရက်တွင် သူ့ကိုကျွန်တော်ခေါ်ပြီး အကျိုးအကြောင်းမေးကာ ဆိုဆုံးမပါ သည်၊ကျွန်တော်အဓိကထားဆိုဆုံးမသည်မှာ----

"တပည့်---ဤလူ့လောကမှာ လူတို့ရဲ့သက်တမ်းဟာ ဆုတ်ယုတ်ပြီး လူတွေဟာ လောဘ၊ ဒေါသ၊ မာန၊ ဣဿမစ္ဆ ရိယတရားတွေလွှမ်းမိုးလာပြီး သူတော်ကောင်းတရားတွေ ပျက်ပြားလာကြတယ်၊ အဲဒီပျက်ပြားလာတဲ့တရားထဲမှာမှ မိဘ ဆရာသမားတို့ကို ပစ်ပယ်ထားခြင်း၊ မရိုသေခြင်း၊ မလုပ်ကျွေး ခြင်းသည် ဇကန်ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းကို ဖြစ်စေပုံ၊ မပြစ် မှားထိုက်သောမိဘများ၌ ပြစ်မှားသောသူသည်---

-ဦးခေါင်းရောဂါစသော ပြင်းထန်သောရောဂါဝေဒနာ များစွဲကပ်ခံရခြင်း

-သူများထံ ဥစ္စာချေးငှားကပြန်မရခြင်း၊ အရောင်းအ ဝယ်အပေါက်အလမ်းမတည့်ခြင်း၊ သူခိုးခိုးခြင်း၊ လုယက်ဖျက်ဆီးခံရခြင်း၊ ရှိပြီးဥစ္စာများဆုံးရှုံးရခြင်း

-ခြေပြတ်လက်ပြတ်စသော ကိုယ်အင်္ဂါအစိတ်အပိုင်း များ ပျက်စီးရတတ်ခြင်း

-ထန်၍မသွားနိုင်ခြင်းဟူသောခြေဆွံ့၊ မကိုင်နိုင်၊ မပြုလုပ်နိုင်ခြင်းဟူသော လက်ဆွံ့၊ စကားမပြောခြင်း၊ ထစ်အခြင်းဟူသော နှုတ်ဆွံ့၊ နူနာစသောရောဂါဆိုး ကြီးများ မျက်စိကွယ်၊ လက်ခွင်၊ ခြေခွင်စသော ရောဂါဆိုးကြီးများခံစားကြရခြင်း

-စိတ်ပျံ့လွင့်ရူးသွပ်ခြင်း

-မင်းစသောအမိုးရှသူများကြောင့် အခြံအရံအနေကျ အမော်ပျက်စီးဆုတ်ယုတ်ရခြင်းစသော မင်းပြစ်ဒဏ် ဒဏ်ခံစားရခြင်း

-ဤပစ္စည်းကိုသင်ခိုးယူသည်၊ ဤဥပဒေကို ချိုး ဖောက်သည် စသည်ဖြင့်မဟုတ်မမှန်စွပ်စွဲခံရခြင်း

-မိမိမှီခိုအားထားရာဆွေမျိုးများပျက်စီးသဖြင့် မိမိပါ ဆင်းရဲဒုက္ခရောက်ရခြင်း

-မိမိရှိပစ္စည်းများဖောက်ပြန်ယိုယွင်းပျက်စီးရခြင်း

-နေရာ၊ အိမ်၊ အဆောက်အအုံများမီးလောင်ခံရခြင်း မိုးကြိုးပစ်ခံရခြင်း

ဤ(၁၀)မျိုးတွင် တစ်မျိုးမျိုးကိုမုချတွေ့ကြုံခံစားတတ်ရ ကြောင်း ပြောပြရပါသည်။

ဤလောကတွင် လူသားမှန်သမျှအလောင်မခံရသော မီးသုံးမျိုးရှိရာတွင် မိဘမီးသည် တစ်ပါးအပါအဝင်ဖြစ်ကြောင်း ပြောပြရပါသည်။

ကျွန်တော်၏ပြောပြချက်၊ ဆိုဆုံးမချက်ကို သူသဘော ပေါက်၍လား၊ ဒါမှမဟုတ် ငယ်ဆရာတစ်ယောက်ဖြစ်ခဲ့၍ လေးစား၍လား၊ ကြောက်၍လားတော့မသိပါ။

"ဟုတ်ကဲ့-ကျွန်တော်လိမ္မာအောင်ကြိုးစားပါမယ်"

ဟု ဝန်ခံကတိပြုပြီးပြန်သွားခဲ့ပါသည်၊ ကျွန်တော်က သာဓုအနု မောဒနာခေါ်ဆိုပြီး တပည့်ရယ်မမိုက်ပါနဲ့ လိမ္မာပါ ဟု နောက် ဆုံးပြောပြလိုက်ပါသည်။

တစ်လ၊ နှစ်လ သူငြိမ်သွား၍သူ့မိဘတွေကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ကျွန်တော့်ကိုလည်း ကျေးဇူး အထူးတင်ကြသည်။

မကြာခင် သူတို့မိသားစုသည် ရေကြည်ရာမြက်နုရာ ကျွန်တော်တို့ပတ်ဝန်းကျင်မှ လှိုင်သာယာဘက်သို့ ပြောင်းရွှေ့ သွားကြပါသည်။

ပြောင်းကာနီး လာရောက်နှုတ်ဆက်ကန်တော့သဖြင့် ကျွန်တော်ကထပ်မံ၍ မိဘကိုပြုစုလုပ်ကျွေးသူ၏ရရှိခံစားရ သောအကျိုးတရား(၁၀)ပါးကိုဟောပြောပြလိုက်ပါသည်။

မိဘတို့ကို မပြစ်မှားဘဲ ပြုစုစောင့်ရှောက်ပြီးလုပ်ကိုင်ကျွေးမွေးတဲ့သားသမီးတွေဟာ ကောင်းကျိုး(၁၀)ပါးရရှိခံစားရတယ်လို့ ဘုရားရှင်က မူဂပက္ခဇာတ်တော်မှာ ဟောထားခဲ့ကြောင်း၊ အဲဒီ (၁၀)ပါးကတော့-

-အစားအစာပေါများခြင်း
-သွားလေရာ၌ပူဇော်ချီးမြှင့်ခံရခြင်း
-ရန်သူမျိုးငါးပါးမှကျော်လွှားခံရခြင်း
-ပရိသတ်အလယ်၌ လူခပ်သိမ်းတို့နှစ်လိုမှုခံရခြင်းနှင့်
ညီအစ်ကိုမောင်နှမအလယ်မြင့်မြတ်သူအဖြစ်
အသိအမှတ်ပြုခံရခြင်း
-ကောင်းသတင်းပျံ့နှံ့ကျော်ဇောခြင်း
-စည်းစိမ်အခြံအရံမပြိုကွဲခြင်း
-ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံရခြင်း
-ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ မျိုးရိက္ခာများမပျက်စီးရခြင်း
-တောင်ထိပ်ကမ်းပါးအမြင့်စသည်မှကျသည့်အခါ
ဆောက်တည်ရာရရှိခြင်း
-မိသားစုအသိုက်အမြုံမြဲမြံခိုင်ခံ့မှုရှိခြင်း

မိဘတို့ကိုပြစ်မှားလျှင် အဲဒီမှတန်ပြန်ဆိုးကျိုးများခံစားရကြောင်းနှင့် မိဘတို့ကိုပြုစုလုပ်ကျွေးသူဟာ ပစ္စုပ္ပန်ရော၊ တမလွန်ပါ ကောင်းကျိုးချမ်းသာအဖြာဖြာရရှိခံစားနိုင်ကြောင်း

ဆုံးမဩဝါဒပေးလိုက်ပါသည်။

သို့သော် မောင်နီတိုးသည် လှိုင်သာယာရောက်၍ မကြာမီပင် အပေါင်းအသင်းအသစ်များနှင့်တွေ့ကြုံဆုံရပြီး ခွေးမြီးကောက်ကျည်တောက်စွပ်သည့်ပမာ သောက်စားမူးယစ်မှုများပြန်လည်ပြုလုပ်သကဲ့သို့ပင် မိဘတို့ကိုနှိပ်စက်မှုကလည်း ပြန်လည်ပေါ်ပေါက်လာခဲ့တော့သည် ဟု ကြားသိရပါသည်။

တစ်နေ့ မိဘစော်ကားခဲ့သောမောင်နီတိုး၏ ဘဝနိဂုံး ချုပ်ရမည့်အချိန် ကျရောက်လာပါတော့သည်။

ထိုနေ့က သူသည် ဖဲကစားလည်းရှုံးလာသည်၊ ဖဲကြွေးဆပ်ဖို့နှင့်အရက်သောက်ဖို့အတွက် ငွေကလည်းလိုလာသည်၊ သို့အတွက် မိမိနိုင်ရာမိဘအိုထံတွင်ပင် ပြန်ညှင်းဖို့စိတ်ကူးပြီး အိမ်ပြန်လာကာ မိခင်ထံငွေတောင်းသည်။

မိခင်ကငွေမရှိ၍မရှိကြောင်းပြောသောအခါ မိခင်ကို ပြဿနာရှာတော့သည်၊ မိခင်နားတွင်တွေ့ရသောနားကပ်ကို ဖြုတ်ခိုင်းသည်၊ မိခင်က ပထမတော့အကျိုးအကြောင်းပြောပြီး မေတ္တာရပ်ခံသည်၊ အရက်မူးနေပြီး အကြောင်းအကျိုး၊ အကောင်းအဆိုးကိုမသိနိုင်သောမောင်နီတိုးသည်ငွေရရှိရေးသာအဓိက လောဘဇောကဝင်နေလေတော့ ကျေးဇူးရှင်မှန်းလည်းမသိ၊ မိခင်မှန်းလည်းမသိတော့ဘဲ မိခင်နားက နားကပ်ကိုအတင်းရော အမွေပါဆွဲဖြုတ်ယူတော့သည်၊ အားမတန်

သောမိခင်ခမျာရုန်းရင်းကန်ရင်းပင် နားပြတ်ပြီးနားကပ်ပါသွားတော့သည်၊ မိခင်ကြီးမှာ နားပြတ်မှထွက်ကျလာသော သွေးတို့ကိုသုတ်ရင်း ချုံးပွဲချငိုကျန်ရစ်ရတော့သည်။

မောင်နီတိုးသည် သွေးစက်လက်ပေကျန်နေသော နားကပ်ကိုဖဲဒိုင်တွင်တန်ဖိုးဖြတ်ရောင်းပြီး ကျန်ငွေဖြင့်ဖဲကစားသည်၊ ဖဲက ဆက်လက်ရှုံးပြန်၍ စိတ်ညစ်ညစ်နှင့်နောက်ဖေးထွက်၍ အိမ်သာဘက်လာခဲ့ရာ အသစ်တူးထားသောအိမ်သာကျင်းရေအပြည့်ရှိတွင်းထဲသို့မူးလဲပြီးထိုးကျသွားရာ ပြန်မပေါ်လာတော့ချေ၊ ဖဲအတူရိုက်သူများက နီတိုးပြန်မလာ၍ နောက်ဖေးပေါက်ကလစ်သွားပြီဟုထင်မှတ်ကာ ခပ်ပေါ့ပေါ့ပင်နေလိုက်ကြသည်။

နောက်နေ့နံနက်စောစော အိမ်ရှင်အမျိုးသမီးအိမ်သာထွက်တော့မှရေဝင်ပွ၍တက်လာသော နီတိုးအလောင်းကိုတွေ့ရတော့သည်။

ကျေးဇူးတရားအလွန်ကြီးမားသောမိဘများကို စော်ကားသူအား လက်ငင်းအကုသိုလ်အကျိုးပေးသည်၊ နောင်တမလွန်မဆိုင်း ပစ္စုပ္ပန်ဘဝမှာပင် အကျိုးပေးပါကြောင်း၊ ဤမောင်နီတိုးအဖြစ်အပျက်က သက်သေခံလျက်ရှိပါကြောင်း သတိသံဝေဂရစေလိုပါသည်။

# အကြွေးရှိလျှင် ပေးဆပ်ရစမြဲပါ

"ဤသတ္တဝါလောကမှာ ဝဋ်ကြွေးရှိလာရင် ပေးဆပ်ရစမြဲပါပဲ။

သဗ္ဗညုတဉာဏ်တော်ရှင် အတုမရှိဖြစ်တော်မူပြီး တန်ခိုးကဒ္ဓိပါဒ်တွေ ကြီးမားတော်မူကြတဲ့ ဘုရားရှင်သော်မှ ဝဋ်ကြွေးတစ်ဆယ့်နှစ်ခုကို နောက်ဆုံးဘဝမှာ ပေးဆပ်သွားရပါတယ်၊ဘုရားလိုပဲ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးဟာ တစ်ဘဝမှာ မိဘတို့ကိုရိုက်နှက်ခဲ့တဲ့ဘဝအကုသိုလ်ဝဋ်ကြွေးကြောင့် နောက်ဆုံးယခုဘဝမှာ ခိုးသားတို့ရဲ့ရိုက်နှက်မှုဒဏ်ကို ခံရပြီး ပရိနိဗ္ဗာန်စံဝင်ခဲ့ရသေးတယ်မဟုတ်လား၊ ယခု သမီး ခံစားနေရတဲ့အနာရောဂါများကို ဒ်ဆေးရုံကသမားတော်ကြီးတွေက အတွေ့အကြုံရင့်ကျက်စွာ ဆေးကောင်းဝါးကောင်းတွေနှင့် ကုသပေးနေတာတောင် အနာရောဂါက တစ်မျိုးပြီးတစ်မျိုးဖောက်ပြန်ပျက်စီးလာတယ်ဆိုတော့ သမီးရဲ့ကံနာဝဋ်နာလို့ပဲမှတ်ပါ၊ ဝဋ်ကြွေးရှိကလည်း ကျေပါစေလို့ ဆုတောင်းမေတ္တာပို့ပြီးရောဂါဝေဒနာကို တရားနှင့်ရှုပါသမီး"

တည်ငြိမ်အေးမြသောမေတ္တာ၊ ကရုဏာအသံနှင့် မိန့်ကြားပြောနေသော ဆရာတော်၏အသံ၊ ဆရာတော်၏ တရားကြောင့် ကျွန်မခံစားနေရသောအနာရောဂါသည်

အနည်းငယ်သက်သာသလိုရှိပါသည်။

တကယ်တော့ ရောဂါဝေဒနာအမျိုးမျိုးဖြင့် ဤဆေးရုံ ခွဲစိတ်ခန်းတွင်ရောက်နေကြရသော ကျွန်မတို့ဝေဒနာသည် များ၏ဘဝသည် နာခြင်းတရားကိုရင်ဆိုင်တွေ့ကြုံခံစားနေကြ ရပြီး သေခြင်းတရားကိုမျက်စောင်းထိုးနေရသောဘဝများဖြစ် ကြ၍ အလွန်ညည်းညူဖွယ်၊ ကြောက်လန့်ဖွယ်၊ ထိတ်လန့်ဖွယ် ကောင်းသောဘဝများဆိုက မမှားပါ။

ကျွန်မသည် ပန်းတနော်မြို့နယ်အပိုင်း၊ ဘုရားကြီး ကုန်းရွာဇာတိ၊ ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေ သူတစ်ဦးပါ၊ ဤမှာ ငယ်ဘဝငယ်စဉ်ကတည်းက ယနေ့ဤ ဆေးရုံရောက်သည့်ကာလအထိ ကျွန်မဘဝမှာ ကြီးမားစွာပြုခဲ့ သောအကုသိုလ်ဟူ၍ကားမရှိဟု ကျွန်မဆင်ခြင်သုံးသပ်မိပါ သည်။

ဘဝများစွာသံသရာကျင်လည်ခဲ့ရသမျှသောကာလ တစ်ဘဝမှာတော့ ရှိကောင်းရှိနေပါလိမ့်မည်၊ ထိုသို့ရှိနေ၍ လည်း ကျွန်မဘဝ ယခုလိုဆေးမတွေ့၊ ကုသမရနိုင်လောက် အောင် ရောဂါဝေဒနာရရှိခံစားနေရသည်ဟု ကျွန်မထင်မှတ် နေခဲ့ပါသည်။

ကျွန်မသားသမီး(၃)ယောက်ရပြီးနောက်တွင် ခြေ

ထောက်နှစ်ဖက်စလုံး ကိုကခဲ့သောဝေဒနာကိုခံစားလာရပါသည်၊ ထိုဝေဒနာကိုသာမန်ထင်ပြီး အနှိပ်အနှင်းခံခဲ့ပါသည်၊ ခေတ်မီစွာပေါ်ထွက်လာသောအကြောပြေဆေး၊ လိမ်းဆေးများဖြင့်ကုသခဲ့ပါသည်၊ ခဏသက်သာလိုက်၊ ပြန်ဖြစ်လာလိုက်နှင့် တစ်နှစ်၊ နှစ်နှစ်နီးပါးသံသရာလည်နေခဲ့ရပါသည်။

ကျွန်မခြေထောက်တွင် နာကျင်ကိုက်ခဲသည့်ရောဂါတွင်မက နင်းနှိပ်ထားသောနေရာတို့၌ အညိုအမည်းကွက်ကြီးများအကွက်လိုက်ပေါ်လာပြန်သည်၊ ပထမတော့ နင်းနှိပ်ဒဏ်ကြောင့် ဖြစ်လာသည်ဟုထင်မိပါသည်၊ ကြံ့ရာဆေးဝါးများ၊ သူပြော၊ ငါပြောဆေးမီတိုတို့ဖြင့်ကုသခဲ့ပါသည်၊ မပျောက်ပါ၊ ဆိုးသထက်သာဆိုးဝါးလာပါသည်။

သို့အတွက် ကျွန်မသည် ဤမြောက်ဥက္ကာပဆေးရုံကြီးသို့ ရောက်ရှိလာခဲ့ရပြီး ခွဲစိပ်ကုသခြင်းကိုခံခဲ့ရပါသည်၊ ပထမအညိုဒမည်းစွဲကပ်နေသောနေရာများကိုအသားပုပ်၊ အသားဆွေးများဟု ဆရာတို့ကစစ်ဆေးပြီးခွဲစိပ်ထုတ်ကြပါသည်၊ နက်သောနေရာတွင် အသားအစားထိုးပြီးဖြည့်သိပ်ကုကြပါသည်၊ သို့သော် ကျွန်မအနာများသည် ခြောက်ကပ်ပြီးအသားနုတက်ခြင်းမရှိ၊ ပြည်တစိုစိုဖြင့် အရည်များထွက်ကာ ညိုမည်းခန်းခြောက်လာပါသည်။

ရောဂါဝေနာကြောင့် ကျွန်မသည်အစာလည်းမဝင်၊ စိတ်ဓာတ်ကျဆင်းမှုဖိစီးမှုဒဏ်တွေကြောင့် အရိုးပေါ်အရေတင်ဘဝသို့ တဖြည်းဖြည်းရောက်လာပါသည်။

ကျွန်မခင်ပွန်းကလည်း ရောဂါသာပျောက်မည်ဆိုက ရှိတဲ့ဥစ္စာပစ္စည်းကုန်ပါစေ၊ အကောင်းဆုံးသောဆေးဝါးများနှင့် ကုသပေးမည်ဟူသော စိတ်ကောင်းစေတနာကောင်းဖြင့် သမားတော်များညွှန်ကြားသော အကောင်းဆုံးသောဆေးဝါးများကိုဝယ်ယူပေးပြီး ကုသပေးရှာပါသည်။

"လောကမှာ ကံနာ-ဝဋ်နာဆိုတာရှိတယ်၊ ကံနာဆိုတာကတော့ မိမိပြုလုပ်ဆောင်ရွက်ခဲ့တဲ့အကုသိုလ်ကံဖြစ်တယ်၊ ဝဋ်နာဆိုတာကတော့ မိမိပြုခဲ့တဲ့အကုသိုလ်များ မိမိကကျေးဇူးကြီးတဲ့ပုဂ္ဂိုလ်တွေအပါအဝင် တစ်ဘက်သားကို ဓားနှင့်ခုတ်ခဲ့သလား၊ တုတ်နှင့်ရိုက်ခဲ့သလား၊ မီးနှင့်ရှို့၍ညှင်းဆဲခဲ့သလား၊ ကုသိုလ်ကံအကျိုးပေး၊ အကုသိုလ်ကံအကျိုးပေးဆိုတာကလည်း ဒီပြုလုပ်ခဲ့တဲ့ဘဝမှာပဲ လက်ငင်းအကျိုးပေးတဲ့ဟာလည်းရှိတယ်၊ ဒီဘဝကနေသေပြီး ဒုတိယဘဝမှာ အကျိုးပေးတာလည်းရှိတယ်၊ နိဗ္ဗာန်မရောက်မချင်း သံသရာကျင်လည်နေသမျှ တစ်ဘဝ,ဘဝမှာလိုက်ပြီး အကျိုးပေးခွင့်ကြုံလျှင်ကြုံသိုလိုက်မြီးအကျိုးပေးတာလည်းရှိတယ်၊ ကုသိုလ်အရှိန်

အဟုန်ကြီးမားမှုကြောင့် အကျိုးပေးမှုတွေပျောက်ပျက်သွားတာလည်းရှိတယ်၊ အခု မိမိက ဒီဘဝအကုသိုလ်လုပ်ထားတာ မရှိပေမယ့် အတိတ်ဘဝတွေကလုပ်ထားတာတွေ ရှိကောင်းရှိပါမယ်၊ဒီလိုရှိလို့ အခုအချိန်မှာ အကျိုးပေးခွင့်ရပြီး အကျိုးပေးလာတာလည်းဖြစ်နိုင်ပါတယ်၊ ဘယ်လိုပဲအကျိုးပေးပေး မိမိဆင်ခြင်ရာမှာက ငါ့မှာတင်ခဲ့သောဝဋ်ကြွေးကိုပေးဆပ်သည်ဟု နှလုံးသွင်ဖောက်ပြန်ပျက်စီးနေသောရုပ်တရား၊ နာမ်တရားကို နှလုံးသွင်းဆင်ခြင်တရားအမှတ်ဖြင့်နေပါ"

ကျွန်မရဲ့အတွေးအာရုံကြားဝယ် ဆရာရဲ့တရားသံပြန်ဝင်လာပါတယ်၊ ဆရာရဲ့တရားနှလုံးသွင်းနည်းကိုလည်း အာရုံစူးစိုက်ပြီးမှတ်သားနေမိပါတယ်။

"သမားတော်၊ ဆေးဝါးဆိုတာတွေက ပြင်ပကုစားချက်တွေပါ၊ အတွင်းစိတ်ဓာတ်ကသိသောတရားအသိကသာ တကယ်စစ်မှန်သောကုသချက်ပါ၊ ဘုရားရှင်လက်ထက်က အတိတ်ဘဝတုန်းက ကြက်တွေ၊ ငှက်တွေကိုထောင်ဖမ်းပြီး မပျံနိုင်အောင် ခြေဖြတ်၊ အတောင်ပံဖြတ်ပြုလုပ်ခဲ့တဲ့ ပူတိဂတ္တမထေရ်ဆိုတာရှိတယ်၊ ဒီဘက်ဘဝမှာ လူအဖြစ်၊ ရဟန်းအဖြစ်ကို ကံကောင်းစွာရခဲ့တယ်၊ ဘုရားနှင့်လည်းတွေ့ခဲ့တယ်၊ တစ်ကိုယ်လုံးပေါက်ပြဲပြီး ပြည်တစိုစိုနှင့်ရောဂါတွေရပြီး အိပ်ရာထဲ

မှာလဲနေရတယ်၊ ကူညီမည့်သူမရှိ၊ ဆေးကုသပေးမည့်သူမရှိ၊ ရောဂါဝေဒနာကိုပြင်းထန်စွာခံစားနေရတယ်၊ သူဝဋ်ကြွေးကုန်တဲ့အခါကျတော့ ဘုရားရှင်လာကြည့်တာနှင့် ကြုံတွေ့ရပြီး ဘုရားရှင်ကတရားဟောပြောပြတော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်ရတယ်၊ ဤလောကရှိသတ္တဝါအားလုံးတို့ဟာ မိမိပြုလုပ်ခဲ့တဲ့အကုသိုလ်ဝဋ်ကြွေးကိုအကြေပေးဆပ်ပြီးမှသာ ဤသံသရာကထွက်ရစမြဲပါ၊ ယခု သမီးလည်း သမားကောင်း၊ ဆေးဝါးကောင်းတွေနှင့်ကုသခွင့်ရနေသော်လည်း ရောဂါအနာက သက်သာမလာဘူးဆိုရင် ငါသည်လည်းဘဲ ပူတိဂတ္တမထေရ်လို အတိတ်ဘဝက ဘယ်လိုအကုသိုလ်တွေလုပ်လာမိပါလိမ့်လဲ၊ တရားဆင်ခြင်ပြီးဖြေပါ၊ ဒါဆိုလျှင် သမီးဘဝခံစားရချက် သက်သာလာပါလိမ့်မယ်"

ဆရာတော်တစ်ပါး တရားဟောနေသကဲ့သို့ပြောပြနေသောဆရာ၏အသံ၊ ဆရာ၏တရားစကားကြောင့် ကျွန်မခံစားနေရသောရောဂါဝေဒနာများ တဒင်္ဂသက်သာသလို ခံစားရပါတယ်၊ ရောဂါသက်သာသလို စိတ်ရဲ့ချမ်းသာမှုလည်း အနည်းငယ်တော့ရပါတယ်။

ကျွန်မ ဆရာ့ထံမှ တရားစကားကြားနာပြီးနောက် ဤခန္ဓာဝန်နှင့်ဤရောဂါကိုစက်ဆုပ်ရွံရှာလာမိပါတယ်၊ ဒီလို

မကောင်းတဲ့ခန္ဓာဝန်ကြီးကိုဆက်လက်မတွယ်တာချင်တော့ပါဘူး၊ ခန္ဓာဝန်နှင့်ဆင်းရဲကို မြန်မြန်ကင်းလွယ်လိုသောဆန္ဒတွေသာတဖွားဖွားဖြစ်ပေါ်ခံစားနေမိပါတော့တယ်။

ခင်ပွန်းနှင့်သားသမီးတို့ကိုလည်း ကျွန်မအတွက် အထူးသောကမဖြစ်ကြဖို့၊ ငွေရေးကြေးရေးတွေ ထပ်မံအကုန်အကျမခံကြဖို့ မေတ္တာရပ်ခံပြောရပါတယ်။

ကျွန်မဘဝ ဒီပောင်မကျော်တော့ဘူး၊ ကျွန်မစိတ်လျှော့သွားပြီထင်ကြပြီး ကျွန်မခံစားချက်ကို သူတို့ကိုပြောပြလည်း သူတို့နားလည်မှာမဟုတ်ဘူး၊ သူတို့အတွက် ကျွန်မစိတ်မကောင်းဖြစ်မိပါတယ်၊ သတ္တဝါတစ်ခု၊ ကံတစ်ခုဖြစ်ပေါ်လာတဲ့ ဘဝကြမ္မာကို ကျွန်မသတ္တိရှိရှိ ရင်ဆိုင်နိုင်ရန်သာ ဆုံးဖြတ်ထားပါတော့တယ်။

xxxxxxxxxx

တကယ်တန်းကျတော့ ကျွန်မဟာ အတိတ်ဇာတ်ကြောင်းရှိခဲ့တဲ့ လူဝင်စားတစ်ဦးပါ။

အတိတ်ဟိုဘက်ဘဝက မအူပင်နယ်နှင့်ပန်းတနော်တစ်ဝိုက်မှာ ထင်ရှားကျော်ကြားပြီး ရက်စက်မှုသရဖူဆောင်းခဲ့တဲ့ယောကျ်ားလူဆိုးတစ်ဦးပါ၊ တိုင်းပြည် ပြည်တွင်းစစ်ဖြစ်ပွားနေတဲ့ခေတ်ပျက်ကာလမှာ ဆိုးသွမ်းခဲ့တဲ့လူဆိုးတစ်ဦးပါ၊

လုယက်သည်၊ တိုက်ခိုက်သည်၊ ရသမျှဥစ္စာပစ္စည်းများကို သောက်စားဖြုန်းတီးခဲ့သည်၊ မိမိကိုပြန်လည်အံတုသူ၊ ခုခံသူတွေ့လာပါက ရက်ရက်စက်စက်ခြေဖြတ်လက်ဖြတ် ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည်။

ကျွန်မ ခားပြဘဝက နှိပ်စက်ခံခဲ့ရသောပုဂ္ဂိုလ်အချို့ယနေ့ထက်တိုင်သက်ရှိထင်ရှားရှိနေခဲ့သည်၊ ထိုပုဂ္ဂိုလ်များသည် သက်ကြီးရွယ်အိုဘဝရောက်နေကြပြီး တရားဓမ္မနှင့်မွေ့လျော်သူတွေဖြစ်နေကြသောအချိန်ကာလဖြစ်နေကြ၍သာ ကျွန်မဘဝအကြောင်းကိုသိကြသော်လည်း ကလဲ့စားမချေကြခြင်းဖြစ်ပါသည်။

ကျွန်မဟာ ဒိဘုရားကြီးကုန်းရွာ ဦးစိန်ဝင်း၊ ဒေါ်လှမေတို့အိမ်မှာ လူဝင်စားပြန်အဖြစ် ပြန်လည်ဝင်စားပါတယ်၊ ဒီလောက်ဆိုးသွမ်းခဲ့တဲ့လူဆိုးတစ်ယောက်ဟာ ငရဲမသွားဘဲဘယ်လိုလူ့ဘဝရောက်လာသလဲလို့ မေးစရာ၊ တွေးစရာတွေရှိနေပါတယ်။

ကျွန်မစကားပြောတတ်တဲ့အရွယ်မှာ ကျွန်မရဲ့အတိတ်ဘဝကို မပီကလာပီကလာနှင့် စတင်ပြောပါတယ်၊ ပထမတော့သိပ်မယုံကြည်ကြပါဘူး၊ ကျွန်မက အတိတ်ဘဝဇာတ်ကြောင်းတွေ အတိအကျပြောလာတော့ ပထမ ကျွန်မရဲ့

မိဘနှင့်ဆွေမျိုးတွေက စတင်ယုံကြည်လာကြပါတယ်။

ယခင်က ယောက်ျားလူဆိုးဘဝ၊ ယခုလူလာဖြစ်တော့ မိန်းမဘဝဖြစ်နေလေတော့ မယုံကြည်စရာ၊ အံ့ဩစရာလည်း ဖြစ်နေကြတာပေါ့လေ။

ကျွန်မက ကျွန်မရဲ့အတိတ်ဘဝကိုမှတ်မိတဲ့ဇာတိ သာရဉာဏ်ဆိုတာကိုရနေလေတော့ ကျွန်မဘဝရဲ့အတိတ်နိဂုံး ဘဝကိုလည်း မှတ်မိနေပါတယ်။

ကျွန်မ ဓားပြဘဝဖြစ်နေတဲ့အချိန်မှာ ရန်ကုန်အစိုးရ လို့ဆိုရတဲ့ကာလပါ၊ တစ်နေ့ ကျွန်မတို့အဖွဲ့ဟာ ကျွဲဒုံးဆိုတဲ့ ရွာကြီးမှာ ဓားပြတိုက်ပြီးအပြန်မှာ တောအစိုးရလို့ခေါ်တဲ့ ကွန်မြူနစ်အစိုးရတပ်က ဝိုင်းဖမ်းလို့အမိခံရပါတယ်။

သူတို့ရဲ့နိုင်ငံရေးအရာရှိဆိုသူနှင့် စစ်ရေးခေါင်းဆောင် နှစ်ဦး ဦးဆောင်တဲ့တရားခုံရုံးအဖွဲ့က ကျွန်မကိုပြည်သူ့မြင်ကွင်း မှာစစ်ဆေးပြီး ကြောင်တစ်သက်ပုံ၊ ကြွက်တစ်မြုံ၊ ကြောင်တစ် ကောင်အတွက်နှင့် ကြွက်တစ်မြုံလုံးဒုက္ခရောက်ရသလို ယခု လည်း ဓားပြတစ်ဦးကြောင့် တစ်နယ်လုံး၊ တစ်ရွာလုံး အေး အေးနေ၊ အေးအေးအိပ်ပြီး အေးအေးအလုပ်-မလုပ်နိုင်ဘူး၊ သို့အတွက် ကြွက်တစ်မြုံနှင့်တူတဲ့ နယ်သူနယ်သားတွေ အေး ချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ဖို့အတွက် ကြောင်တစ်

ကောင်ဖြစ်တဲ့ဒုက္ခပေးနေတဲ့ဒီဓားပြကိုသတ်ပြီး မြစ်ထဲမျောချလိုက်ရမယ်ဆိုပြီး အမိန့်ချမှတ်ခဲ့ပါတယ်။

အဲဒီအမိန့်ချပြီး မကြာခင်ဘဲ ရွာထဲသို့လျှောက်ပြပေးပါတယ်၊ ညနေမိုးချုပ်သတ်ရန်စီမံကြပါတယ်။

အသိဉာဏ်ရှိကြတဲ့ပုထုဇဉ်လူသားတွေမှန်သမျှဟာ ကိုယ်ကသူများတွေကိုသတ်တယ်၊ ဖြတ်တယ်၊ နှိပ်စက်တယ် လုပ်နေတုန်းကတော့ ကိုယ့်ကိုယ်ကိုသတ္တိရှိသူ၊ လုပ်ရဲကိုင်ရဲသူလို့ထင်မှတ်ဘဝင်မြင့်နေခဲ့ပေမယ့် ယခုကိုယ်တိုင်အသတ်ခံရတော့မယ်ဆိုတော့ ကြောက်လန့်မှုတွေ၊ တုန်လှုပ်မှုတွေ ခံစားလာရပါတယ်၊ အားကိုးရာကောက်ရိုးတစ်မျှင်ကိုရလိုရငြားတောင်တမိပါတော့တယ်။

ဒါပေမယ့် ပြစ်မှုက တိုက်ရိုက်မိထားတာဆိုတော့ ငြင်းကွယ်လို့မရသလို ကြားခံကူပေးမဲ့သူကလည်း ပေါ်လာဖို့ခဲယဉ်းလှပါတယ်။

ဘဝက ခားပြဖြစ်ပေမယ့် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လေတော့ နောက်ဆုံးဘဝမှာ အတတ်နိုင်ဆုံးဝန်ချကောင်းပန်မှုနှင့်ရတနာသုံးပါးကိုပူဇော်ကန်တော့လိုမှုအသိနှင့်ဆန္ဒကဖြစ်ပေါ်ခံစားလာမိပါတယ်။

သို့အတွက် မိမိ ဒီဘဝမှာ ပြုလုပ်ခဲ့တဲ့အကုသိုလ်အ

ဖြစ်တွေနောက်ဆုံးအနေနှင့်ဝန်ချတောင်းပန်ပါရစေ၊ သံဃာတော်တစ်ပါးပါးရှေ့မှာဝန်ချတောင်းပန်ပြီးကန်တော့ပါရစေလို့ တောင်းပန်တောင်းဆိုမိပါတယ်။

သူတို့ကလည်းခွင့်ပြုပြီးစီမံပေးပါတယ်၊ ခုနှစ်အိမ်တန်းရွာက ရွာဦးကျောင်းဆရာတော်ကိုပင့်ပေးကြပါတယ်၊ ဆရာတော်ထံမှာဝန်ချတောင်းပန်ပြီး ကန်တော့ရပါတယ်။

ညနေမိုးချုပ်တော့ လက်ပြန်ကြိုးတုပ်ပြီး မြစ်ကမ်းနားသို့ခေါ်ဆောင်သွားကြပါတယ်၊ လမ်းခရီးမှာ အမျိုးသမီးတစ်ဦးက လူအုပ်ကြားကထွက်လာပြီး နောက်ဆုံးအစာစားသွားပါစေဆိုပြီး မုန့်တစ်ထုပ်ကိုအာဏာပါးကွက်သားတို့ကတစ်ဆင့်ကျွန်မကိုပေးစေပါသည်။

"သားကျွေးမှု၊ မယားကျွေးမှုအတွက် ယောက်ျားမိုက်တွေရဲ့ဘဝဟာကြောက်စရာကောင်းလိုက်တာ၊ တို့လိုမိန်းမဘဝကမှ အကုသိုလ်အဖြစ်နည်းပြီး ကုသိုလ်ပြုလုပ်ခွင့်အကျိုးရသင့်သလောက်ရသေးတယ်"

အဲဒီမုန့်ပေးတဲ့အမျိုးသမီးက ကျွန်ကိုသေချာစွာကြည့်ပြီး အထက်ပါအတိုင်းပြောဆိုတာကြားရတော့ ထိုစကားဟာကျွန်မနားထဲမှာကျန်ရစ်ခဲ့ပါတယ်၊ ထိုအမျိုးသမီးနှင့်သူမအသံကိုလည်း စွဲလမ်းမိသွားပါတယ်။

မြစ်ကမ်းနဖူးမှာ ကျွန်မရဲ့မျက်နှာကို အဝတ်စည်းပြီး သေနတ်နှင့်ပစ်သတ်ကြပါတယ်၊ သေနတ်ဟာ ကျွန်မရင်ဝ တည့်တည့်မှန်ပြီး ကျည်ဆံအရှိန်အားနှင့်မြစ်ထဲသို့ထိုးကျသွား ရပါတယ်။

ကျည်ဆံကြောင့် ရုတ်တရက်အသက်မထွက်သေးပါ ဘူး၊ မြစ်ရေထဲမှာမျောနေတာကို ပထမသတိယားမိလိုက်ပါ တယ်၊ စိတ်အာရုံထဲမှာလည်း အစောကမိန့်မပြောလိုက်တဲ့ မိန်းမဘဝဖြစ်ရတာမှ ကောင်းသေးဆိုတာကိုစွဲလမ်းနေမိပါ တယ်။

နောက်တော့သတိမေ့ပြီး မြစ်ကမ်းဘေးက သစ်ပင် တစ်ပင်မှာ ဘွားကနဲပြန်ဖြစ်တာကိုသိလိုက်မိပါတယ်။

(အဘိဓမ္မာတရားတော်အရ ဤမှာဘက်စုတိနောက်၊ အနန္တရပစ္စယသတ္တိဖြင့် ဟိုမှာဘက် ပြိတ္တာပဋိသန္ဓေတန်းယူရ ခြင်း ဖြစ်ပါသည်)

မကြာခင်မှာဘဲ ယခုမွေးစားအမေတို့လှေကလေးနှင့် ဈေးဝယ်လာတာမြင်တော့ သူတို့လှေနောက်သို့ လိုက်လာရ ပါတယ်၊ ညကျတော့ ဤအမေထံ၊ အမေထံမှာနေပါရစေလို့ ခွင့်ပန်ခဲ့ပါတယ်၊ အမေကလည်းလာနေလို့ပြောလို့ ကျွန်မ အခုအမေ ဒေါ်လှမေထံ ဝင်စားရပါတယ်။

ဘဝနိဂုံးကတော့ မိန်းမဘဝကိုစွဲလမ်းမိလို့လား မပြောတတ်ပါဘူး၊ ယခင် လူဆိုး ယောက်ျားဘဝကနေ ယခု မိန်းမဘဝကိုရောက်ရပါတယ်။

ကျွန်မလေးနှစ်သမီးအရွယ်အရောက်မှာ ဘဝစုံကို အစုံအလင်ပြောပြလာတော့ ယခု မိဘဦးစိန်ဝင်း+ဒေါ်လှမေ တို့က ကျွန်မဘဝအတွက် စိုးရိမ်လာကြတယ်။

ခါးပြစိန်ထွန်း လူဝင်စားပြန်ဖြစ်လာတယ်လို့ သတင်းကြားရင် ယခင်ဘဝကခံထားကြရတဲ့ပုဂ္ဂိုလ်တွေက ပြန်လည်ကလဲ့စားချေလာမှာကိုစိုးရိမ်ကြဟန်တူပါတယ်။

အဲဒါကြောင့် ဒီအတိတ်ဘဝဇာတ်ကြောင်းကို မိဘတွေက မပြောစေတော့ပါဘူး၊ ပြောရင်ရိုက်ပါတယ်၊ ဗိုက်ကိုဆွဲလိမ်၊ ပေါင်ကိုဆွဲလိမ်လုပ်ကြပါတယ်။

နောက်တော့ ကျွန်မလည်းမပြောရဲတော့ပါဘူး၊ အိမ်ထောင်ကျပြီး သားသမီးသုံးယောက်ရသည်အထိ ဤအတိတ်ဇာတ်လမ်းတွေဟာ အိမ်မက်သဖွယ်ရှိခဲ့ပါတယ်။

xxxxxxxx

နို့ရည်သည် ညစ်စဉ်မချဉ်နိုင်သေးသလို၊ မကောင်းမှုကံသည်လည်း လွန်ကျူးစကာလ၌မခံရသေး၊ အကျိုးပေးသောအခါဝယ် ဆင်းရဲဒုက္ခဖြင့်စိုးရိမ်ပူပန်စွာခံရ၏-ဟု ဘုရား

ရှင်ကဟောထားကြောင်း ဆရာက ကျွန်မကိုတရားဟောပြော ပြပါသည်။

ယခု ကျွန်မဘဝသည် နို့ချဉ်သလိုချဉ်လာပါပြီ၊ အကု သိုလ်ဝဋ်ကြွေးများက ဤဒုတိယဘဝတွင်ပင် လိုက်လာ၍ အကျိုးပေးပြီဟု ယုံကြည်ရပါတော့သည်။

"မိအေးမြင့်---ကုန်းဘောင်ခေတ်က နန်းတော်မယ်နု အသတ်ခံရကာနီးမှာ သူကိုးကွယ်ဆည်းကပ်တဲ့ ဆရာတော် ဦးဗုဓ်ကိုဝင်ရောက်ဖူးတယ်၊ ဆရာတော်က-

"ဟဲ့-မယ်နု ကိုယ့်ဝဋ်ကြွေးကိုယ်ကြေအောင်ဆပ်လို့ စကားတစ်ခွန်းဘဲမိန့်ကြားလိုက်သတဲ့၊ နန်းတော်မယ်နုဟာ ဆရာတော်ရဲ့ ထိုတရားစကားတစ်ခွန်းကို ဝမ်းမြောက်ဝမ်းသာ ခံယူပြီး မတုန်မလှုပ်သောအသိတရားနှင့် အသတ်ခံသွားသတဲ့ ယခုညည်းလည်း ဆေးကောင်းသမားကောင်းတွေနှင့်ကုသ တာတောင် ဒီရောဂါကမသက်သာဘဲ တိုးသထက်တိုးလာပြီး နောက်ဆုံးသေရာညောင်စောင်းသို့ ရှေ့ရှုရမယ်ဆိုရင် ဝဋ်ကြွေး ကိုပေးဆပ်တယ်လို့ဘဲ တရားနှလုံးသွင်းပြီး ရင်ဆိုင်သွားပါ"

ကျွန်မဟာ ဆရာရဲ့တရားစကားကို ရောဂါဝေဒနာ ခံစားရင်း အတိတ်ဘဝဝဋ်ကြွေးဆပ်နေသည်ဟု ခံယူယုံကြည် မိလာပါသည်။

ကျွန်မ၏ခင်ပွန်းနှင့်သားသမီးဆွေမျိုးတို့သည် ကျွန်မ အသက်ကို အတတ်နိုင်ဆုံးပြန်ရအောင် သမားတော်ဆေးဝါး ကောင်းများဖြင့် လုပ်နေကြပါသည်။

ကျွန်မကတော့ ကိုယ့်ကိုယ်ကိုသိနေပါသည်၊ အနာတို့ဖြင့် နှိပ်စက်နေသော ဤခန္ဓာကိုယ်ကြီးသည် မက်မောစရာ တွယ်တာစရာမရှိ၊ အတိတ်ကရခဲ့သောခန္ဓာကိုယ်ဖြင့် သူတစ်ထူးကိုဒုက္ခပေးနှိပ်စက်ခဲ့သည်၊ ယခုဘဝ ရလာသောခန္ဓာကိုယ်က ထိုအကုသိုလ်အမှုကို ပေးဆပ်နေရပါသည်။

သံသရာမှာကော ဤခန္ဓာရုပ် နာမ်တစ်မျိုးမျိုးရပြီး လုပ်နေရဦးမည်၊ သို့အတွက် ကျွန်မ ဤခန္ဓာကိုယ်ကို မလိုချင်တော့ပါ၊ ဤမှာဘဝ ဤအနာရောဂါကြောင့် ဤခန္ဓာကိုယ်ဖြင့် တရားကိုအားမထုတ်နိုင်တော့သော်လည်း ကျွန်မသည် ကျေးဇူးရှင်ဆရာဟောပြောပြသော ရုပ်နာမ်ခန္ဓာမမြဲမှု၊ ဖောက်ပြန်ပျက်စီးမှု၊ မိမိဘဝကို မိမိပိုင်စိုးမရမှုတို့ကို နှလုံးသွင်းလျက် အစာမဝင်တော့၍ တဖြည်းဖြည်းဆုတ်ယုတ်ပျက်စီးလာသော ခန္ဓာကိုယ်ကို စွန့်လွှတ်ရန်ကြိုးစားနေမိပါတော့သည်။

(မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားခဲ့သော အတိတ်ဘဝကခေးမြထွန်းစိန်၊ ယခုဘဝ မအေးမြင့်၏ဘဝ အဖြစ်အပျက်ကို သံဝေဂရဖွယ်ရေးသားတင်ပြခြင်းဖြစ်ပါသည်)

ဘဝဝင်္ဂြကြွေးများ အစဉ်ကင်းဝေးကြစေရန် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူသော ဘုရားရှင်၏တရားတော်နှင့်အညီ ကျင့်ကြံနိုင်ကြပါစေ။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# ကံကုသိုလ်ဘဝများ

## နိဗ္ဗာန်ဆော်မောင်ကြည်၏ ဝေယျာဝစ္စကုသိုလ်

စာရေးသူသည် ဧရာဝတီတိုင်း၊ ပုသိမ်မြို့၌ ဌာန၏ တာဝန်ပေးချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၌ သင်တန်းပို့ချပေးရန်အတွက် သွားရောက်ခဲ့ရပါသည်။

သင်တန်းပို့ချ၍ ခေတ္တခဏအနားယူချိန်တွင် ငပုတောမှ သင်တန်းသူတစ်ဦးက ယခင်ဘဝ နိဗ္ဗာန်ဆော်နှင့် ဝေယျာဝစ္စအကျိုးဆောင်ရွက်ခဲ့သူမောင်ကြည်၊ ယခုဘဝတွင်လူဝင်စားဖြစ်လာရသောမောင်အောင်မြင့်ဘဝနှင့်ပတ်သက်၍ နိဗ္ဗာန်ဆော်ကုသိုလ်လုပ်ငန်းနှင့်ဝေယျာဝစ္စကုသိုလ်အကျိုးစွမ်းအားကို လာရောက်ဆွေးနွေးမေးမြန်းပါသည်။

သူမပြောကြားချက်အရ အတိတ်ဘဝက မောင်ကြည်ဆိုသောသူ ငယ်စဉ်ဘဝထဲက မိဘမဲ့ခဲ့ရပြီး ဦးလေးတော်သူ၏ အိမ်တွင် ထမင်းစားကျွန်ခံဘဝဖြင့် ဘဝကိုရပ်တည်ခဲ့ရသည်။

မောင်ကြည်က ဤလိုဘဝတွင်နေရသော်လည်း လူမှုရေးလုပ်ငန်းဝါသနာပါသည်၊ မိမိ မှီခိုနေရသော ဦးလေး၊

ဒေါ်လေးတို့၏အိမ်ဝေယျာဝစ္စကိုလည်း မလစ်ဟင်းအောင်၊ ပြီးပြင်မှုမရှိရလေအောင် လုပ်ကိုင်ဆောင်ရွက်ပေးသလို၊ ရပ်ရွာသာရေး၊နာရေးကိစ္စများကိုလည်း စေတနာဝန်ထမ်း မညည်းမညူပေါ့ပေါ့ပါးပါး လုပ်ကိုင်ဆောင်ရွက်ပေးတတ်ပါသည်။

ရပ်ရွာ၏ဆွမ်းလောင်းအသင်း နိဗ္ဗာန်ဆော်လုပ်ငန်းကိုအသက်သေသည်အထိ လုပ်ကိုင်ဆောင်ရွက်သွားပါသည်၊ မောင်ကြည်၏ဝေယျာဝစ္စဆောင်ရွက်မှုတို့ကို သူ၏ဦးလေးမိန်းမမှတစ်ပါး အားလုံးကလိုလားချစ်ခင်မြတ်နိုးကြပါသည်၊ သနားလည်းသနားကြပါသည်၊ ကြင်လည်းကြင်နာကြပါသည်၊ အထူးသဖြင့် ရပ်ရွာအကျိုးဆောင်အဖွဲ့ အတွင်းရေးမှူး-ကိုအုန်းမောင်၏ဇနီးမလှမေသည် မိဘမဲ့မောင်ကြည်လေးကို အထူးသနားကြင်နာပြီး ကျွေးမွေးပေးကမ်းသည်၊ မောင်ကြည်က မိမိရလာသောလာဘ်လာဘများကို ဘယ်သောအခါမှကိုယ်တိုင်မသုံးစွဲ၊ ဦးလေး၊ ဒေါ်လေးကျေနပ်မှုရှိအောင်အပ်သည်၊ မိမိလည်းတတ်အားသရွေ့ အလှူငွေထည့်ဝင်လှူဒါန်းခဲ့ပါသည်။

မောင်ကြည် (၂၅)နှစ်အရွယ်တွင် ကားချင်းတိုက်ရာမှကားမှောက်ပြီးကွယ်လွန်ခဲ့လေသည်။

မောင်ကြည်ကွယ်လွန်၍ တစ်နှစ်ကျော်အကြာတွင် ရပ်ရွာ၏ငွေကြေးပြည့်စုံသူလည်းဖြစ်၊ ရပ်ရွာအကျိုးဆောင်

အတွင်းရေးမှူးလည်းဖြစ်သော ကိုအုန်းမောင်၊ မလှမေတို့ထတွင် လူဝင်စားအဖြစ်ပြန်ရောက်လာပါသည်၊ သူဝင်စားသူမလှမေမှာအတိတ်ဘဝကလည်း သူ့ကိုသံယောဇဉ်ရှိခဲ့သူ၊ သနားကြင်နာခဲ့သူ၊ မောင်ငယ်သဖွယ်စောင့်ရှောက်ခဲ့သူ၊ ကူညီထောက်ပံ့ပေးခဲ့သူဖြစ်သည်။

မလှမေက သူ၏သားကိုမောင်အောင်မြင့်ဟု အမည်ပေးထားခဲ့သည်၊ မောင်အောင်မြင့်လေး စကားပြောတတ်စ (၂)နှစ်ကျော် (၃)နှစ်အရွယ်တွင် ဘဝဟောင်းက မိမိမည်သူဖြစ်သည်ဆိုတာကိုပြောပြပါတော့သည်၊ အတိတ်ဘဝက အရာတွေအားလုံးကိုမှတ်မိသည်၊ လုပ်ခဲ့သောအလုပ်တွေကိုပြောပြသည်၊ တစ်ရွာလုံးကအံ့သြကြသည်၊ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။

အထူးသဖြင့် ဟိုဘက်ဘဝက မိမဲ့ဘမဲ့ဆင်းရဲခဲ့ရပြီး ယခုဘဝတွင်ချမ်းသာပြေလည်သော ကိုအုန်းမောင်နှင့်မလှမေတို့အိမ်တွင်ပြန်ဝင်စား၍ အားလုံးကပိုမိုဝမ်းသာကြလေသည်၊ အတိတ်ဘဝထဲက သနားကရုဏာနှင့်မေတ္တာအပြည့်အဝထားခဲ့ရှာသော မလှမေအဖို့မှာမူ ယခု မိမိရင်သွေးဖြစ်လာခဲ့၍ အတိုင်းမသိသောမိခင်မေတ္တာဖြင့် ငုံထားမတတ်ချစ်မြတ်နိုးနေပါတော့သည်။

ဝေယျာဝစ္စအကျိုးနှင့်နိဗ္ဗာန်ဆော်အကျိုး သည်းပိုး ဆောင်ရွက်မှုဖြင့် ဤမှာဘက်ဘဝတွင် ချမ်းသာသူမိဘထံ ပြန် ဝင်စားရသောမောင်ကြည် ခေါ် မောင်အောင်မြင့်နှင့်ပတ်သက် သောအကျိုးပေးမှုသဘောကို သူမကအဓိကထားသိလိုပါ သည် ဟု ဆွေးနွေးမေးမြန်းပါသည်။

နိဗ္ဗာန်ဆော်ဟူသည် သူတစ်ပါးကောင်းမှုပြုနိုင်စေရန် အချိန်မီနှိုးဆော်ပေးနေသူဟု အများကသိထားပါသည်၊ သူ တစ်ပါးကုသိုလ်ပြုလုပ်နိုင်စေရန် နှိုးဆော်သူ၊ လှုံ့ဆော်သူဟူ သည် မွန်မြတ်သောအလုပ်ကိုဆောင်ရွက်နေသူဖြစ်၍ အမြတ် ဆုံးသောပုဂ္ဂိုလ်၊ အထက်တန်းကျသောပုဂ္ဂိုလ်ဟူ၍ သတ်မှတ် နိုင်ပါသည်။

အဘိဓမ္မာပိဋကက ပုဂ္ဂလပညတ်တွင် ပုဂ္ဂိုလ်လေးမျိုးကို ခွဲခြားပြထားသည်ကို တွေ့ရပါသည်-

၁။ ငါးပါးသီလပျက်စီးသူနှင့် သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ ဝီရိယ၊ ပညာဟူသော သူတော်ကောင်းတရား ခုနစ်ပါးပျက်စီးသူသည် သူယုတ်မာဖြစ်သည်။

၂။ ငါးပါးသီလနှင့်သူတော်ကောင်းတရားခုနစ်ပါးကို မိမိ လည်းပျက်စီး၍ သူတစ်ပါးကိုလည်းပျက်စီးအောင် ဆောက်လည်ပေးသူသည် သူယုတ်မာထက်

ယုတ်မာသူဖြစ်သည်။

၃။ ငါးပါးသီလနှင့် သူတော်ကောင်းတရားခုနစ်ပါးပြည့်စုံသောသူသည် သူတော်ကောင်းဖြစ်သည်။

၄။ ငါးပါးသီလနှင့်သူတော်ကောင်းတရားခုနစ်ပါးကို မိမိလည်းပြည့်စုံ၍သူတစ်ပါးကိုလည်းပြည့်စုံစေသူတို့သည် သူတော်ကောင်းထက်ကောင်းသောသူများဖြစ်သည်။

ဤပုဂ္ဂိုလ်လေးမျိုးတို့တွင် နိဗ္ဗာန်ဆော်သည် စတုတ္ထအဆင့်တွင်ပါဝင်နေ၍ သူတော်ကောင်းထက်ကောင်းသောပုဂ္ဂိုလ်ဖြစ်ပါသည်။

ဘုရားရှင်သည်ပင် သတ္တဝါအများ ကိလေသာအနှောင်အဖွဲ့မှ လွတ်ပြီး နိဗ္ဗာန်သို့ရောက်ကြစေရန် နှိုးဆော်ရာ၌ ပထမဦးဆုံးသောပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပါသည်။

တစ်ဖန် နိဗ္ဗာန်ဆော်လုပ်ငန်း၊ ကုသိုလ်ဝေယျာဝစ္စပြုလုပ်မှုလုပ်ငန်းများသည် သာသနာပြုလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်၊ သာသနာပြုလုပ်ငန်းဆိုသည်မှာ ဘုရားရှင်ကလမ်းညွှန်ဟောကြားခဲ့သော ဒါန၊ သီလ၊ ဘာဝနာတရားများကို လူတိုင်းသန္တာန်၌ပြန့်ပွားအောင်တည်တံ့အောင်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါသည်။

ထို့ကြောင့် နိဗ္ဗာန်ဆော်လုပ်ငန်းကို သာသနာပြုလုပ်ငန်းဟုသတ်မှတ်နိုင်သလို ယင်းတာဝန်ထမ်းဆောင်သူကိုလည်း သာသနာပြုပုဂ္ဂိုလ်ဟူ၍ သတ်မှတ်၍ရနိုင်ပါသည်။

ထိုနိဗ္ဗာန်ဆော်လုပ်ငန်းအကျိုးနှင့်ပတ်သက်၍ အင်္ဂုတ္တရအဋ္ဌကထာ၌ ဆွမ်းအလှူခံကြွလာသောရဟန်းအား ဆွမ်းစသည်တို့ကိုလှူဒါန်းရန်နှိုးဆော်သောပုဂ္ဂိုလ်သည် အားလုံးသောဆွမ်းဒါယကာများရရှိသောကုသိုလ်နှင့်အညီ တူညီသောကုသိုလ်အကျိုးကိုရရှိနိုင်သည်။

ဓမ္မပဒ၌ သူတစ်ပါးအကျိုးကိုသည်ပိုးသော နိဗ္ဗာန်ဆော်နှင့်ပတ်သက်သောအကျိုးကို ဖော်ပြရာ၌---

၁။ မိမိသာလှူ၍ သူတစ်ပါးကိုမလှူစေလိုသောသူသည် ဖြစ်လေရာရာဘဝဝယ် ဥစ္စာသာပေါ၍ အခြံအရံနည်းရသည်။

၂။ မိမိကမလှူ သူတစ်ပါးအားလှူစေသူသည် ဖြစ်လေရာရာဘဝဝယ် အခြံအရံပေါများ၍ ဥစ္စာပစ္စည်းရှားပါးတတ်သည်။

၃။ မိမိလည်းမလှူ သူတစ်ပါးကိုလည်းမလှူစေသောသူသည် ဖြစ်လေရာရာဘဝဝယ် ဥစ္စာပစ္စည်းလည်းရှားပါး၊ အခြံအရံလည်းရှားပါးတတ်သည်။

၄။ မိမိလည်းလှူ၊ သူတစ်ပါးကိုလည်းလှူစေလိုသော သူသည် ဖြစ်လေရာရာဘဝဝယ် ဥစ္စာပစ္စည်းလည်း ပေါများ၊ အခြံအရံလည်းပေါများပါသည်။

ဤဒေသနာတော်အရ နံပါတ်(၄)သည် နိဗ္ဗာန်ဆော် ပုဂ္ဂိုလ်မျိုးဖြစ်ပါသည်။

ဓမ္မပဒမှာပင် ကောင်းမှုပြုသောပုဂ္ဂိုလ်သည် ဤဘဝ၌ လည်းနှစ်သက်ရွှင်လန်းရ၏၊ နောင်ဘဝလည်း နှစ်သက်ရွှင် လန်းရ၏၊ ဤဘဝ၊ နောင်ဘဝ နှစ်ဌာနလုံး၌လည်း နှစ်သက် ရွှင်လန်းရ၏၊ငါကုသိုလ်ကောင်းမှုပြုအပ်ပြီးပြီ ဟု ဝမ်းမြောက်ရ ၏၊ သေလွန်၍သုဂတိဘုံသို့ရောက်ရသော်ကား ပို၍ပင် နှစ် သက်ဝမ်းမြောက်ရ၏ ဟူ၍ ဟောတော်မူထားပါသည်။

ဘုရားရှင်၏ဤဒေသနာတော်အရ အတိတ်ဘဝက မိဘမဲ့သားဆင်းရဲခဲ့သောမောင်ကြည်သည် ယခုပစ္စုပ္ပန်ဘဝ တွင်ပြုလုပ်ခဲ့သော ကာယကံ၊ ဝစီကံကောင်းမှုတို့ကြောင့် ချမ်းသာသော ကိုအုန်းမောင်နှင့်မလှမေတို့၏မိသားစုထဲတွင် ဝင်စားကာ ကောင်းရာဘဝရောက်ခဲ့သည် ဟုဆိုရပါမည်သာ။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

# ဓမ္မအာနှစ် ကျွန်မချစ်မိပါပြီ

ကျွန်မဖေဖေ မူလတန်းကျောင်းအုပ်ဆရာကြီး၊ မေမေ ကမျက်နှာသုတ်ပုဝါစက်ရုံမှာ ကြီးကြပ်ရေးမှူးတာဝန်ထမ်း ဆောင်ကြပါသည်။

သားသမီး (၅)ဦးမှာ ကျွန်မက အကြီးဆုံးသမီးဆိုတော့ အစစအရာရာ အိမ်မှုကိစ္စတွေကိုတာဝန်ယူဆောင်ရွက်ရပါ တယ်၊ ကျောင်းကတစ်ဘက်၊ မိသားစုတာဝန်ကတစ်ဘက်နှင့် ကျွန်မဟာ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်နိုင်ရေးကို အထူး ကြိုးစားခဲ့ရပါတယ်။

ကျွန်မဆယ်တန်းအောင်တော့ အဖေကပင်စင်ယူပါပြီ၊ အမေကလည်း ပင်စင်ယူကာနီးဖြစ်ပြီး ကျန်းမာရေးက သိပ် မကောင်းတော့ပါ၊ သို့အတွက် ကျွန်မအမေစက်ရုံမှာ စာရေးမ အဖြစ်အလုပ်ဝင်ရပါတော့တယ်။

မိအို ဖအိုတာဝန်၊ ညီမငယ်၊ မောင်ငယ်တို့ရဲ့ပညာရေး၊ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးတာဝန်တွေနှင့် ကျွန်မဘဝဟာ တာဝန်တွေများလွန်းလှပါတယ်။

ဒီကြားထဲမှာဘဲ ကျွန်မလုပ်ငန်းခွင်က ကိုမောင်မောင် နှင့်တွေ့ဆုံပြီးချစ်ကြိုးသွယ်မိကြပါတယ်၊ ကိုမောင်မောင်ဘဝ

ကလည်း ကျွန်မဘဝနည်းတူ မိအို၊ ဖအို၊ ညီအစ်ကိုမောင်နှမ တွေတာဝန် တထွေးတပိုက်ကြီးနှင့်ပါ။

ကျွန်မအတွေးက ကိုမောင်မောင်နှင့်လက်ထပ်လိုက် လျှင် မိသားစုတာဝန်မျှဝေခံစားထမ်းဆောင်နိုင်မယ်လို့ထင်ပြီး ချစ်သူဘဝကြာရှည်စွာမနေဘဲ လက်ထပ်ပေါင်းသင်းရေးကို အမြန်အကောင်အထည်ဖော်လိုက်မိပါတယ်။

ဒါပေမယ့် တကယ့်လက်တွေ့ကျတော့ ဝန်မပေါ့သွား ဘဲ ပိုပြီးတော့တောင်လေးလာပါတယ်၊ ကျွန်မက ကိုယ့်မိဘ၊ ကိုယ့်မောင်နှမလေးတွေရဲ့ဘဝကို ဦးစားပေးဆောင်ရွက်မယ်၊ ကိုမောင်မောင်ကကူညီမယ်၊ ဒီလိုထင်ခဲ့၊ ယုံကြည်ခဲ့တာပါ။

တကယ်တန်း အိမ်ထောင်သည်ဘဝရောက်တော့ ကိုမောင်မောင်က ဒါကိုသိပ်လက်မခံချင်တော့ဘူး၊ သူက လင် ယောကျ်ားဖြစ်တော့ သူ့ကိုနံပါတ်တစ်ထားပြုစုလုပ်ကိုင်ဆောင် ရွက်ပေးရမယ်၊ သူ့မှာလည်း မိအိုဖအိုတွေရှိတယ်၊ နှစ်ဘက် မိဘမျှတအောင် လုပ်ပေးရမယ်လို့ ဆိုလာပါတယ်။

အဲဒီလိုကနေ လင်မယားနှစ်ယောက်ဟာ ခဏခဏ စကားများကြပြီး ရန်တစ်ကျက်ကျက်ဖြစ်လာရပါတယ်၊ အိမ် ပေါ်က ခဏခဏဆင်းသွားမှုတွေပြုလုပ်လာပါတယ်၊ သူ့မိဘ အိမ်နေဖို့ကို ကျွန်မကိုဆွယ်ပါတယ်။

ကျွန်မတို့လင်မယား ပြဿနာတကျက်ကျက်ဖြစ်မှုဟာ နှစ်ဘက်မိဘနှင့် နှစ်ဘက်ညီအစ်ကိုမောင်နှမကြားထိ ဂယက်ရိုက်ပြီး သူ့ဘက်ကိုယ့်ဘက်ပြဿနာတက်လာကြပါတယ်။

ကျွန်မက နောက်ဆုံးလိုက်လျောသည့်အနေနှင့်တစ်ဘက်ကလည်း ကျွန်မမိဘတွေက ကျွန်မကိုငဲ့ညှာသောအားဖြင့် ယောကျ်ားအိမ်ကိုလိုက်နေဖို့ခွင့်ပေးလာကြသည့်အတွက် ယောက္ခမအိမ်လိုက်နေမိပါတယ်။

ကိုမောင်မောင်မိဘတွေက ဦးစီးအရာရှိအဆင့်လောက်ကပင်စင်ယူကြသူတွေဆိုတော့ ဆက်ဆံမှု၊ စကားပြောဆိုမှုတွေကအပေါ်စီးကချည်းဆက်ဆံပြောဆိုတတ်ကြပါတယ်၊ ဥစ္စာပစ္စည်းရှိမှု၊ မရှိမှုက သူတို့လည်းပင်စင်လစာလေးနဲ့ သားသမီးမှီခိုစားနေရသူအဆင့်သာရှိပါတယ်။

ယောက္ခမတွေက ကျွန်မကိုအိမ်ဖော်သဘောလောက်ထားပြီး နှိမ်ချဆက်ဆံပြောဆိုလုပ်ကိုင်ခိုင်းပါတယ်၊ အထူးသဖြင့် ယောက္ခမအမကပိုဆိုးပါတယ်။

ကျွန်မတတ်နိုင်သမျှကို သည်းခံနိုင်သောအတိုင်းအတာအထိ သည်းခံဆောင်ရွက်ပေးခဲ့ပါတယ်၊ ဒါပေမယ့် ရေရှည်တော့ကျွန်မမခံနိုင်တော့ပါဘူး၊ ဆင်းပြေးလာရပါတော့တယ်၊ တစ်ပါတ်နှစ်ပါတ်ကြာတော့ ကိုမောင်မောင်က ချော့

ခေါ်လိုက်၊ ပြန်လိုက်သွားလိုက်၊ နောက်ဒဏ်မခံနိုင်လို့ ဆင်းသွားလိုက်၊ ပြတ်ခဲ့လုမတတ်ဖြစ်လိုက်နှင့် သံသရာလည် နေရပါတယ်၊ နှစ်ဘက်ညီအစ်ကိုမောင်နှမတွေရဲ့ သူ့ဘက် ကိုယ့်ဘက်မုန်းတီးမှုတွေကလည်း တစ်စတစ်စ ပိုမိုပြင်းထန် လာပါတော့တယ်။

တစ်ဘက်ကကျွန်မမိအိုး၊ ဖအိုတွေကလည်း ကျွန်မ အတွက်နှင့် မျက်ရည်စက်လက်ဖြစ်ကာ မရှုနိုင်မကယ်နိုင်ဘဝ ရောက်နေရပါတယ်။

ကျွန်မအလွန်စိတ်ဓာတ်ကျပြီး ကိုယ့်ဘဝကိုယ်သတ် သေပြီး ဘဝနိဂုံးချုပ်ပစ်လိုသည်အထိ ခံစားဖြစ်ပေါ်ခဲ့ရပါတယ်။

ကိုမောင်မောင်နှင့်ကျွန်မဟာ ပြတ်စဲပြီး (၇)ရက်အကြာ တစ်နေ့မှာ ရုံးလုပ်ဖော်ကိုင်ဖက်မခင်တင့်က ကျိုက္ကဆံဘုရား မှာလက္ခဏာသွားကြည့်မလို့ လိုက်မလားလို့မေးသဖြင့် စိတ် ပြေလက်ပျောက်အဖော်အဖြစ်လိုက်သွားမိပါတယ်၊လိုက်သွား ရင်းကြုံတာနှင့် ကိုယ့်ဘဝအတွက် အားကိုးရများရလိုရငြား လက္ခဏာမေးမိပါတယ်။

ဆရာမက ကျွန်မအိမ်ထောင်ရေးလမ်းကြောင်း(လက် သန်းအောက်ကအရေးအကြောင်းလေးများ)အပြတ်အပြတ် ပေါ်နေ၍ အိမ်ထောင်သောကရှိမယ်၊ ခဏခဏလင်မယား

ရန်ဖြစ်ပြီးကွဲမယ်၊ မိသားစုပြဿနာအတွင်းကရော၊ အပြင်က ရောပေါ့ မယ်လို့တိုက်ရိုက်ဟောပါတယ်၊ ကျွန်မဘဝဖြစ်စဉ်ကို တိုက်ရိုက်သိသလိုဟောချလိုက်တော့ ကျွန်မအလွန်အံ့ဩပြီး ဆရာမကိုလေးစားအားကိုးသွားမိပါတယ်၊ ကျွန်မကိုယ်ပါဦး ဆရာမ ဟုရှိခိုးပြီးတောင်းပန်မိပါတယ်။

"သမီး-လောကလူသားတွေအတွက် ကံစီမံရာခံရစမြဲ ဘဲ၊ ကံ-ကံ၏အကျိုးကို ဘယ်သတ္တဝါမှမလွန်ဆန်နိုင်ပါဘူး၊ အားကိုးရမှာကတော့ ဘုရား၊ တရား၊ သံဃာရတနာသုံးပါး ဘဲရှိပါတယ်၊ အဲဒီတော့ သမီးဂုဏ်တော်ကိုးပါးပုတီးစိပ်ပါ၊ ပရိတ်ကြီး၊ ရတနသုတ်၊ မေတ္တာသုတ်မပြတ်ရွတ်ပါ၊ တရားထိုင် ကြည့်ပါ၊ ဒီအလုပ်ဘဲဘဝမှာ အားကိုးရာရှိပါတယ်၊ သမီး ယုံယုံ ကြည်ကြည်နှင့်ဆောင်ရွက်ပါ၊ သမီးရဲ့အခက်အခဲပြဿနာတွေ ပြေလည်သွားလိမ့်မယ်လို့ ဆရာမယုံကြည်ပါတယ်ကွယ်"လို့ ပြောပြီး ဂုဏ်တော်ကိုးပါးပုတီးစိပ်နည်းကိုပေးလိုက်ပါတယ်။

ယခင်သာမန် မိရိုးဖလာဗုဒ္ဓဘာသာဝင်ဘုရားတောင် မှ မှန်မှန်ရှိခိုးရမှန်းမသိတဲ့ကျွန်မဟာ လက္ခဏာဆရာမထံမှ ပြန်လာပြီးနောက် ဘုရားရှိခိုးမှု၊ ပုတီးစိပ်မှုတို့ကို အန္တရာယ် ကင်းရော၊ ခံစားနေရသောရန်ဒုက္ခဆင်းရဲတွေ ပ,ပျောက်ရေး အတွက်ပါ ကြိုးစားဆောင်ရွက်ပါတော့တယ်၊ ရတနာသုတ်၊

မေတ္တာသုတ်ပရိတ်တွေကိုလည်း မရွတ်တတ်ရွတ်တတ်နှင့် ရွတ်ဖတ်သရဇ္ဈာယ်လာခဲ့ပါတယ်။

ဤကဲ့သို့ကျင့်လာပြီး တစ်လအကြာမှာတော့ ကျွန်မရဲ့ ခံစားနေရတဲ့သောကတွေ အေးငြိမ်းမှုရသင့်သလောက်ရခဲ့ပါ တယ်။

ဒီကြားထဲ မိဘတွေကတိုက်တွန်းလို့ ရုံးကခွင့်ယူပြီး မိုးကုတ်တရား(၁၀)ရက်စခန်းဝင်ပြီး တရားအားထုတ်ပါတယ်။

ဒီလိုတွေလုပ်ပြီးလို့ နှစ်လ၊ သုံးလကြာတော့ ကျွန်မ ဘဝမှာငြိမ်းအေးမှုတွေနှင့်ရလာသလို မိသားစုပြဿနာတွေ လည်း သူ့ဘက်ကိုယ့်ဘက် ကိုယ်ချင်းစာနာမှုတွေနှင့် ခွင့်လွှတ် မှုတွေရလာပြီး ကျွန်မတို့ရဲ့အိမ်ထောင်ရေးလည်း ပြန်ပြီး အဆင်ပြေလာပါတယ်။

ဒီကြားထဲ ရာထူးတက်ပြီးစက်ရုံမှာ အိမ်ခန်းရလာ တော့ နှစ်ဘက်မိဘနှင့်လွတ်တဲ့ သီးသန့်မိသားစုကမ္ဘာလေး တည်ဆောက်လာနိုင်လို့ ပိုပြီးတော့အေးချမ်းသာယာမှုကို ရရှိ ခံစားနိုင်ခဲ့ပါတယ်။

အဲဒီလိုခံစားရင်း ကျွန်မဟာနေ့စဉ်ဂုဏ်တော်ကိုးပါး ပုတီးစိပ်ရင်း ပရိတ်ရွတ်မှုကိုလည်း အစဉ်အမြဲဆောင်ရွက်ခဲ့ပါ တယ်။

အဲဒီလိုဆောင်ရွက်ရင်း မိုးကုတ်ဆရာတော်ဘုရားကြီး တရားနာရတော့ ဤရုပ်ခန္ဓာကြီးဟာ ပစ္စည်းများလိုတတိတိနှင့် ပျက်စီးယိုယွင်းပြီး နောက်ဆုံးတွင် သေမင်းလက်သို့ မလွဲမသေ လိုက်ပါရမည်ကို ကျွန်မသဘောပေါက် ခံစားလာမိပါတော့တယ်၊ အဲဒီလိုခံစားမိရင်း အနှစ်မရှိသောရုပ်ခန္ဓာကိုယ်မှ အနှစ်ရှိသောမေ့ရသကိုခံစားဖို့ ကျွန်မဟာ မိုးကုတ်တရားရိပ်သာမှာ ကြိုးစားတရားအားထုတ်နိုင်ခဲ့ပါပြီ။

ကျွန်မဘဝကိုသုံးသပ်ကြည့်လျှင် လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတွေဖုံးလွှမ်းနေတဲ့ လူ့ဘဝသံသရာ၊ သောကဆင်းရဲ၊ ဒုက္ခဝမ်းတွင်းမှလွတ်ကင်းဖို့ အကာဟူသော ဂုဏ်တော်ကိုပွားများခြင်း၊ ပရိတ်ရွတ်ခြင်းကနေ အခုတော့ အနှစ်ဟူသောမေ့ရသကို ခံစားရရှိပြီးဖြစ်ပါတော့သည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## မိမိကိုယ်ကိုဖျက်ဆီးသောတရား

လောဘော ဒေါသော စ မောဟော စ
ပုရိသံပါပ စေတသံ
ဟိံသန္တိ အတ္တ သမ္ဘူတာ
တစသာရဝ သမ္ဖလံ။

အခွံလျှင်အနှစ်ရှိသော (ဝါ) အနှစ်မရှိသော ဝါးပင်၊ ကျူပင်စသောအပင်ကို မိမိ၏အသီးသည် ညှင်းဆဲဖျက်ဆီးသကဲ့သို့ မိမိကိုယ်တွင်း၌ဖြစ်ကုန်သော လောဘ၊ ဒေါသ၊ မောဟတရားတို့သည် မကောင်းသောစိတ်ရှိ သောသတ္တဝါကို ညှင်းဆဲဖျက်ဆီးကုန်၏။

သံ-၁-၇၀

# စိတ်နှလုံးအေးတဲ့ဆေး

* လုပ်တိုင်းမဖြစ်၊ စိတ်မညစ်နှင့်
ကိုယ်လုပ်တိုင်းသာဖြစ်နေပါက ဘယ်မှာအနတ္တ ရှိပါမည်နည်း

* ပြောတိုင်းမရ၊ ဒေါမထနှင့်
ကိုယ်ပြောတိုင်းသာရနေပါက ဘယ်မှာအနတ္တရှိပါ မည်နည်း

* ကြံတိုင်းမမြောက်၊ စိတ်မပေါက်နှင့်
ကြံတိုင်းသာဖြစ်မြောက်ပါက ဘယ်မှာအနတ္တရှိပါ မည်နည်း

* ဆင်းရဲကြုံမှု၊ မညည်းညူနှင့်
ချမ်းသာချည်းသာဖြစ်နေပါက ဘယ်မှာဒုက္ခရှိပါ မည်နည်း

* ပျက်စီးတိုင်းလျှင် မပူပင်နှင့်
မပျက်စီးဘဲခိုင်မြဲနေပါက ဘယ်မှာအနိစ္စရှိပါမည်နည်း

## ဘဝတိုတို ကမ္ဘာကုသိုလ် - အကုသိုလ်

* အာရုံဟူသမျှမတောင့်တနှင့်
အာရုံတိုင်းသာတောင့်တပါက ဘယ်မှာလောဘဆုံးမည်နည်း

* အရာရာမျိုးစိတ်မဆိုးနှင့်
နေရာတိုင်းသာစိတ်ဆိုးပါက ဘယ်မှာဒေါသဆုံးမည်နည်း

* သိဉာဏ်မလိုက်၊ သင်မမိုက်နှင့်
သိဉာဏ်မရှာ၊ မိုက်နေပါက ဘယ်မှာမောဟဆုံးမည်နည်း

* ဗုဒ္ဓတရား မေ့မထားနှင့်
ဆိုးမတိုင်းသာကျင့်ကြံပါက ဘယ်မှာနိဗ္ဗာန်ဝေးမည်နည်း

ရက်စွဲ
သုတေသနစာကြည့်တိုက်

"ဆွေသဟာ" စာပေမှထုတ်ဝေပြီးစာအုပ်များ

မဟာသဒ္ဒမ္မဇောတိကဓဇ

တက္ကသိုလ်ချွင်သီရိ (ဓမ္မာစရိယ ဘီ-အေ)

၁။ နိဗ္ဗာန်ဟူသည်

၂။ ရဟန်းမြတ်ဂုဏ်ရည်

၃။ တစ်မနက်ဥပုသ်သီတင်းစောင့်သူ၏ ကောင်းကျိုးချမ်းသာများ

၄။ အကာချစ်၍အနှစ်ခံစားရသူများ

၅။ ဆရာမြတ်ဂုဏ်ရည်

၆။ အေးစေ၊မြဲစေ၊မေတ္တာစေ

ယခုထွက်သည့်စာအုပ်

၁။ ဘဝထိုထိုကမ္မကုသိုလ်-အကုသိုလ်

ဆက်လက်ထွက်မည့်စာအုပ်များ

၁။ အိပ်မက်ဟူသည်

၂။ သက်သတ်လွတ်စားခြင်းဟူသည်

၃။ ကံဇာတ် ဉာဏ်ဖြတ်၊ ချမ်းသာရွှေပြည်မြတ်

ဆွေသဟာစာပေ

ခ/၁၁၊ သုနန္ဒာ(၃)လမ်း

မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၆၉၀၃၂၄